
www.burmeseclassic.com



www.burmeseclassic.com

# မိုးဆက်လင်းထက်

# ဗီးနပ်(စ်)ရဲ့ တတိယတောင်ပံ

တော်ဝင်မြို့မ[illegible]ာအုပ်တိုက်
အမှတ်(၈၈)၊ ဒုထပ်(ညာ)၃၈–လမ်း၊ ကျောက်တံတား။
ဖုန်း – ၂၄၅၂၈၄၊ ၃၇၉၄၈၇။

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၁၆၇၅၀၅၁၂ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၀၀၄၀၆၀၁ |

| | | |
|---|---|---|
| အဖုံးပန်းချီဒီဇိုင်း | - | စိုးဝင်းငြိမ်း |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းမိုး (မြဲ - ၀၃၉၀၀) |
| | | ၇၇၊ ၃၇လမ်း၊ ကျောက်တံတားမြို့နယ်။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဦးထွန်းလင်း (ဖိုးဝပုံနှိပ်တိုက်) |
| | | အမှတ်(၁၄၀)၊ (၄၅)လမ်း၊ |
| | | ပိုလ်တထောင်မြို့နယ်။ |
| အတွင်းဖလင် | - | ကိုဦးနှင့် ညီများ |
| စာအုပ်ချုပ် | - | ကြူကြူမွှေး |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| | | ၂၀၀၆ခုနှစ်၊ မတ်လ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၀၀၀ ကျပ် |


www.burmeseclassic.com

www.burmeseclassic.com



အချစ်ကြောင့် ဗီလိန်ဆန်ခဲ့ရသော
အပေါင်းအသင်းများအားလုံးအတွက် . . .။

www.burmeseclassic.com

www.burmeseclassic.com



'မမ'သည်ကြောင်နှင့်တူသည်ဟုထင်မိသည်။ အရာရာပါးနပ်ပြီး သားကောင်ဖမ်းရာ၌ သူမတူအောင် ကျွမ်းကျင်သည်။ ခြေသံလုံလုံနှင့် ရန်သူကိုချဉ်းကပ်တတ်သည်။ ဖမ်းမိထားသော သား ကောင်ကို ရက်စက်စွာ အပျင်းပြေဆော့ကစားတတ်သည်။ လက်သည်း ဖွက်တတ်၏။ လိုအပ်မှသာ ခလုတ်ခေါးတစ်ချောင်းလို ဖျောင်းခနဲ ဝင်းလက်လာတတ်၏။ ကလေးငယ်တစ်ယောက်လို ချစ်စဖွယ် အမူအရာလုပ်တတ်၏။ ထို့ကြောင့် 'မမ'သည် ကြောင်နှင့် တော်တော် တူသည်။

ဤသို့ဖြင့်အပျိုလေးလည်းမဟုတ်၊ အပျိုကြီးဆိုသည့် ခေါင်းစဉ်အောက်လည်းမရောက်သေးဘဲ၊ ဟိုမရောက်ဒီမရောက် အလယ်တွင် ကန့်လန့်ကြီးခံနေသော 'မမ'သည် သူ၏ကျွမ်းကျင်စွာ ဖွက်သိမ်းထားသော လက်သည်းရှည်များနှင့် ကျွန်တော်၏ နို့နံ့မစင်သေးသော နှလုံးသားအားတခြစ်ခြစ်ကုတ်ခြစ်မိသောအခါ . . . ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မမကိုကြိုးစားနေတာတော်တော်ကြာပြီ။ အတိအကျပြောရရင် ခြောက်လလောက်ရှိပြီ။ ဒီလောက်အချိန်ကာလအတွင်းမှာတောင် ရအောင်မစည်းရုံးနိုင်ဘူးလားလို့ အထင်သေးစကား အပြောမစောကြပါနှင့်၊ အဲဒါဆို မိတ်ဆွေတကက်တက်စင်အောင်လွဲသွားလိမ့်မည်။ မမနောက်ကိုတကောက်ကောက်လိုက်လွန်း၍ သူငယ်ချင်းတွေတောင် တားယူရတဲ့အဆင့်ထိ ကျွန်တော်ပြောင်မြောက်ခဲ့ဖူးသည်။ ဒါဆို မမဘက်က ရည်ရွယ်ထားသူရှိလို့များလားဆိုပြီး အထင်ရှိလာမည်။ အဲဒါ ကျွန်တော်အသိဆုံးဖြစ်သည်။ မမက ဖိုဆိုယင်ဖိုတောင် သန်းဖူးပုံမရ၊ မီးဖိုတောင်ရဲရဲကြည့်ရဲပုံမပေါ်၊ အဲဒီ့အပိုင်းကိုတော့ ကျွန်တော်တာဝန်ယူသည်။ အဲဒါဆိုဘာဖြစ်လို့လဲ။ ကျွန်တော်ရုပ်ဆိုးလို့လား . . . ။ အဲဒီလောက်တွေးထင်လာရင်တော့ ကိုယ့်ဇာတ်ကိုယ်ဖော် မသူတော်လုပ်ရတော့မည်။

ကျွန်တော့်ရုပ်သည် စူပါမင်းသားတစ်ယောက်နှင့် ခပ်ဆင်ဆင်တူသည်ဟု အမေကပြောဖူးသည်။ နိုင်ငံခြားမင်းသားတွမ်ခရု(စ်)နှင့်လည်း တော်တော်ဝေးဝေးကကြည့်ရင်တူတယ်ဟု ကျွန်တော်တိုက်သောဘီယာကိုသောက်ရင်း သူငယ်ချင်းတွေမှတ်ချက်ချဖူး၏။ ဒါဆို ကျွန်တော့်ရုပ်အခြေအနေဘယ်လိုရှိတယ်ဆိုတာ လုံလောက်ပြီထင်သည်။

www.burmeseclassic.com



မလုံလောက်သေးလျှင် ထပ်ပြောမည်။ ကျွန်တော်သည် ရုပ်ချော၏။ ကောင်မလေးတော်တော်များများကြွေလောက်သည့်ရုပ်ရည်ကို ပိုင်ဆိုင်ထား၏။ ဉစ္စာပေါ၏။ ကျိကျိတက်မချမ်းသာရင်တောင် Mark (II) ကားတစ်စီး၊ ဟန်းဖုံးတစ်လုံးနှင့် ငွေငါးသောင်းလောက်ကို အချိန်မရွေးသုံးစွဲနိုင်သည့် အနေအထားမှာရှိသည်။ ဒါဆို မိန်းကလေးတစ်ယောက်ကို လိုက်ဖို့ လက်နက်တွေတော်တော်စုံပြီဟု ပြောလျှင်ရသည်။ ကဲ . . . အဲဒါ ဆို 'မမ'ကျွန်တော့်ကိုဘာလို့မကြိုက်သလဲ . . .။

အဖြေကရှင်းပါသည်။ သူမကြိုက်သေး၍ မကြိုက်ခြင်းပင်ဖြစ်လေသည်။ သို့သော် ကျွန်တော့်ဘက်က 'ဒါဆိုရင်လည်းပြီးရော မချစ်ဘူးလို့မှတ်လိုက်မယ်'ဆိုပြီး ထက်ထက်မိုးဦးလို စိတ်ကောက်ပြလို့မရ၍ မချစ် ချစ်အောင်နည်းမျိုးစုံဖြင့် ကြိုးစားရပေလိမ့်မည်။

အဘယ့်ကြောင့်ဆိုသော် ကျွန်တော်သည် 'မမ'ကို အရမ်းချစ်နေသောကြောင့်ပင်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

www.burmeseclassic.com

www.burmeseclassic.com



'မမ'

ခေါ်သံကြားတော့ ဆတ်ခနဲလှည့်ကြည့်၏။ လူကိုတွေ့တော့ ခပ်တည်တည်နှင့်ဆက်လျှောက်ကာသွားသည်။

'နေပါဦး မမရယ် ကျွန်တော် မမကို ဒီစာလေးပေးချင်လို့ပါ'

လုံးလုံးစိတ်ဝင်စားပုံမရ . . . ။ ကျွန်တော့်ရဲ့တစ်ညလုံးအိပ်ရေးပျက်ခံကာရေးထားသော မေတ္တာစာလေးသည် လက်ထဲမှာဖျတ်ဖျတ်လူးလျက် . . . ။

'ကျွန်တော့်ကို မမဘာလို့ဒီလောက်ခါးသီးနေရတာလဲဗျာ . . . ကျွန်တော် မမကိုဘာများမဟုတ်တာလုပ်မိလို့လဲမမရယ်'

'. . . . .'

'. . . . .'

'. . . . .'

'စကားပြန်မပြောချင်နေပါဗျာ ဒီစာလေးတော့ယူသွားပါနော်'

ပြောပြီး ကိုင်လာတဲ့ဈေးခြင်းတောင်းထဲထည့်မလို့လုပ်သည်။ သို့သော် ခြင်းကိုဘယ်လက်ကညာလက်သို့ပြောင်းကိုင်လိုက်၍ ဟိုဘက်ရောက်သွား၏။ ကျွန်တော်သက်ပြင်းချမိသည်။ ဒီလောက် မျက်နှာပေးလေးနဲ့စကားလိုက်ပြောတာတောင် တစ်လုံးမှပြန်မပြောပေ။ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ယောင်ပေပေနှင့် အနားကမခွာသေး။ ဒီစာကိုတော့ပေးမှဖြစ်မည်။ တစ်ညလုံးမအိပ်ဘဲရေးထားရတဲ့ အကျိုးလေးတော့ခံစားချင်၏။ လျှောက်လာရင်း မမတို့အိမ်နားရောက်ခါနီးတော့ ကျွန်တော်ဇောချွေးတွေပြန်လာပြီ။ ကျွန်တော် အနုနည်းနှင့်မရ၍အကြမ်းနည်းသုံးရတော့သည်။

'မမ မယူရင် ဒီစာကို ကျွန်တော်အိမ်ထဲအထိလိုက်ပေးမယ် . . . ပိုင်နက်ကျူးလွန်မှုနဲ့တရားစွဲရင်လည်း ကျေကျေနပ်နပ်ခံလိုက်မယ် . . . မမ လုပ်ရက်မှတော့ ကျွန်တော်ခံရပါတယ်'

စကားဆုံးတော့ ကျွန်တော့်မျက်နှာကို ဖျတ်ခနဲလှည့်ကြည့်ကာ စာကိုငုံ့ကြည့်၏။ ပြီးနောက်မျက်နှာထားတစ်မျိုးပြောင်းသွားကာ ခြင်းတောင်းကို ဘယ်လက်သို့ပြောင်းကိုင်လိုက်တာတွေ့လိုက်ရသည်။

နိပ်ဟ . . . ကျွန်တော် မမရဲ့အညာကိုကိုင်လိုက်ပြီ။ အိမ်ကသိမှာတော်တော်ကြောက်ပုံရသည်ဟုတွေးကာစာကိုခြင်းထဲ ဖျတ်ခနဲထည့်ပြီး အသာဘေးကလိုက်လာလိုက်၏။ အခွင့်အရေးပေးတုန်းလေး (Heart) ထိစေမယ့်စကားလုံးလေးတွေပြောလိုက်ဦးမည်ဟုတွေးလိုက်စဉ် . . .

'ပြန်တော့လေ . . . ဟိုမှာအိမ်ရောက်တော့မယ် . . . မာမီတို့တွေ့သွားရင်မကောင်းဘူး . . . ပေးချင်တဲ့စာပေးပြီးပြီပဲ'

ရင်ဘတ်ထဲကခုန်တက်လာသော စကားလုံးလေးတွေ တွယ်ရာမဲ့ပြန်ပြုတ်ကျသွား၏။ သဒ္ဒါတဲ့ဆွမ်းကိုတော်ရုံရပ်၍ ကျွန်တော်လှည့်ပြန်ခဲ့ရပါတော့သည်။

ဒီစာလေးကို မမသာဖတ်မိရင် ကျွန်တော့်ကိုကြွေသွားမှာလား။ ကြွေပါစေဗျာ . . .။

www.burmeseclassic.com

www.burmeseclassic.com



'လုပ် ချလိုက်ပြန်ပြီ သူရ ရာ . . . မင်းတော့ လက်ပစ်ဗုံးအလုံးလိုက်မျိုမိပြီဟော့ကောင်'

အေးမြင့်အသံကြားလိုက်ရတော့ ကျွန်တော် မျက်လုံးပြူးထွက်သွားကာ . . .

'ဘာ . . . ဘာတွေဖြစ်လာတာလဲအေးမြင့်ရာ'

'ငါဖြစ်တာမဟုတ်ဘူး၊ မင်းဖြစ်တာ . . . မင်းကွာ ဒီလိုအချိန်မျိုးမှာ ဒါမျိုးသွားလုပ်ရတယ်လို့'

စားလက်စထမင်းကိုရပ်ကာ အေးမြင့်ကို ထမင်းစားခန်းမှ ဧည့်ခန်းသို့ခေါ်ထုတ်လိုက်၏။

'ငါ ဘာလုပ်မိလို့လဲ ရှင်းပြပါဦး'

'မင်း တင်မမထွန်းကိုစာသွားပေးတယ်ဆို'

'အေးလေ။ အဲဒါများကွာ အဆန်းလုပ်လို့ . . အလန့်တကြား'

'ဘယ်လို အဆန်းလုပ်လို့ဟုတ်လား၊ မင်းပေးတဲ့စာကိုကြည့် ဦး ဒီမှာ'

စာအိတ်တစ်အိတ်စားပွဲပေါ် ဘုန်းခနဲပစ်ချပေး၏။ ကြည့်လိုက်တော့ ကျွန်တော့်စာ . . . ပန်းရောင်စာအိတ်ကလေး။ ကျွန်တော် ကြောင်စီစီလေးကြည့်နေတော့ အေးမြင့်ကစိတ်မရှည်နိုင်စွာ တင်းချက်

www.burmeseclassic.com

www.burmeseclassic.com



ဆဲကာ . . .

'ဟော့ကောင်ကြည့်လေ . . . မင်းစာမင်းဖတ်ကြည့်'

အဲဒီတော့မှ စာကိုကမန်းကတန်း ကောက်ဖတ်လိုက်မိသည်။

ဘာတွေလဲ . . .။

ဥ၊

ကျလိ၊ ကျလိ၊ ဂွိ ဂွိ ဓိ

ဂွိဓိ၊ ဂွိဓိ၊ ဗလုံ၊ ဗလုံ

ဥ၊ ဥ၊ ဘိုမက်တာပါထ

ဘာတဲ့ တောက်တဲ့မယား။

ဤဂါထာကိုရရှိသည့်နေ့မှစ၍ ၇ ရက်အတွင်း ၇ ရက်သား သမီး ၇ ယောက်ကိုအမြန်ပေးပါ။ အချိန်မမီပါက သင်သည်အား အန္တရာယ်အမျိုးမျိုးကျရောက်ပြီး ဖြစ်လေရာဘဝတွင် ပွတ်ဖြစ်လိမ့်မည်။

ကမ္ဘာမြေကြီးသည် အိုးထိန်းစက်ပမာချာချာရမ်းသွားလေပြီ၊ မျက်လုံးတွေပြာလာကာ လက်နှစ်ဖက်က ခုတ်လိုက်သလိုတုန်ခါသွား၏။

'အေး . . . အေး . . . မြင့် . . . ဒါ . . . ဒါ . . .'

'အဲဒါ မင်း၊ တင်မမထွန်းကိုပေးလိုက်တဲ့စာပဲ'

'ဘာ . . .'

ဘဝပျက်ပြီ။ ဒီစာဘယ်က ဘယ်လိုဖြစ်လို့ ဘယ်လို . . . ဒီထဲကို ခေါင်းတစ်ခုလုံး ခါချဉ်အုံတစ်ခုလို ရှုစိတက်သွား၏။ သွားပြီ . . . သွားပြီ။ ကျွန်တော်ယောင်ယမ်းကာသွေးရူးသွေးတန်းထပြေး၏။

'မိအေး . . . မိအေး'

'ဟဲ့ မိအေး . . . လာစမ်း . . . ဒီကိုလာစမ်း'

အရေးထဲ မိအေးက ဘယ်ရောက်သွားပြန်ပြီလဲ။ မနေ့မနက် က ဒီကောင်မလေး အခန်းထဲက သူစားပွဲနားမှာယောင်လည်လည်လုပ် နေ၍ ကျွန်တော်မောင်းထုတ်လိုက်ရသေးသည်။ အိမ်မှာ အဖေ၊အမေ၊ မိအေးနဲ့ ကျွန်တော်ပဲ အခန်းထဲဝင်ကြသူတွေရှိ၏။ အဖေနဲ့အမေက တော့ ဒါမျိုးလုပ်မှာမဟုတ်၊ ခြံစောင့် မာလီ အပနားကလည်း အခန်းထဲ ဝင်ဖို့ဝေးစွ၊ အိမ်ထဲတောင်ကိစ္စရှိမှလာတဲ့သူ၊ ဒါဆို . . . ဒီစာ . . . မိအေး။

'မိအေး'

'ရှင် ကိုကိုကြီးလာပြီ'

www.burmeseclassic.com

www.burmeseclassic.com



မိအေးခြံထဲမှပြေးတက်လာကာ ဘီလူးသဘက်လို ကြောက်စရာကောင်းနေသော ကျွန်တော့်ကိုကြည့်၏. . .။

'နင် . . . နင် . . . ဒီစာ နင့်စာမဟုတ်လား . . . ကြည့်စမ်း'

မိအေးကြောက်ကြောက်လန့်လန့်နှင့် စာရွက်ခေါက်လေးကိုကြည့်ကာ . . .

'ကျွန်မ . . . ကျွန်မစာမဟုတ်ဘူး ကိုကိုကြီး . . . အဲ . . . အဲဒါ ကိုကိုကြီးကို အပနားပေးခိုင်းလိုက်တာ'

'ဘာ . . . အပနားပေးခိုင်းတာဟုတ်လား'

'ဟုတ် . . . ဟုတ်'

'သွား အပနားခေါ်စမ်း'

မိအေး ကျွန်တော့်ရှေ့က လှစ်ခနဲပြေးထွက်သွား၏။ ဇာတ်ကတော့ရှုပ်ပြီ။ ကျွန်တော့်ဇောချွေးတွေ ဆီးကင်းလောက်ထွက်လာပြီ၊ ပြီးတော့ တင်မမထွန်းမျက်နှာကိုလည်း မြင်ယောင်လာကာ ကျောချမ်းသွားလေသည်။ အေးမြင့်ကတော့ ကျွန်တော့်ကိုကြည့်ရင်း သက်ပြင်းချ၏။ ခဏနေတော့ မိအေးနဲ့အတူ အပနားရောက်လာကာ -

'အပနား'

'အစ်ကိုလေးနော် . . . အပနား မသိဘူး . . . စာနော် စာတိုက်ပုံးထဲတွေ့တယ်၊ မေမေကြီးနဲ့ ဖေဖေကြီးနော် မရှိလို့ အစ်ကိုလေးကို ပေးခိုင်းတယ် . . . မိအေးနော် . . . ရှုပ်တယ်တကယ်'

လမ်းမှာမိအေးက အပနားကို အကြောင်းစုံရှင်းပြလာပုံရသည်။ ကျွန်တော့်ကိုတွေ့တာနဲ့ တန်းကာပြော၏။ ကျွန်တော်အပနားကို ဘာပြန်ပြောရမှန်းမသိတော့ စာကိုသာတွေတွေကြီး ကြည့်နေမိတော့သည်။

'သူရ စိတ်လျှော့လိုက်တော့ ဒီလိုစာမျိုးတွေ ဒီလိုပဲပေးတတ်ကြတယ်။ ဘာမှမဟုတ်ဘူး အလကား အားနေတဲ့ကောင်တွေ နှောင့်ယှက်တာ သူတို့ကလည်း ဘယ်သိမလဲ၊ စာဆိုတော့ မင်းကိုလာပေးတာပေါ့၊ ဒါနဲ့မင်းက ဒီစာနဲ့ရည်းစားစာနဲ့ ဘယ်လိုမှားရတာလဲ'

'စာအိတ်ချင်းအတူတူပဲကွ . . . ငါလည်းရေးပြီး စာအိတ်ထဲသေချာထည့် စားပွဲပေါ်တင်ထားတာ၊ မိအေး ဒီစာကိုစားပွဲပေါ်လာတင်တာနေမှာပေါ့ . . . ငါလည်းနိုးနိုးခြင်း ကမန်းကတန်း ဒီစာယူပြီးထွက်

www.burmeseclassic.com



သွားမိတယ်ထင်တယ်'

'အမှန်တော့ တစ်ညလုံးရေးထားတဲ့ ရည်းစားစာကို အံဆွဲထဲထည့်ထားတာပါ။ အဲဒါသတိမေ့ပြီး မနက်လင်းတော့ စားပွဲပေါ်ကစာအိတ်ကိုလောပြီးယူသွားမိတာ။ ကိုယ့်ကိုယ်ကိုယ် ယူကျုံးမရလိုက်တာ။ ရှားရှားပါးပါး အလိုတူအလိုပါယူသွားတဲ့ စာလေးကိုမှဖြစ်ရတယ်လို့ . . '

'ဘယ်ကောင်တွေလုပ်တာလဲကွာ . . . တောက်'

'ဘယ်သိမလဲကွ . . . လုပ်ချင်တဲ့လူလုပ်မှာပေါ့ . . .၊ မင်းကိုအမြင်ကပ်နေတဲ့လူတွေဖြစ်ချင်ဖြစ်မှာပဲ၊ ဒါမှမဟုတ် ဒီလိုလိုက် နှောင့်ယှက်နေတဲ့ကောင်တွေဖြစ်မှာပေါ့ . . . ဒီလိုပဲ ဟိုတလောက ငါ့အဒေါ်ဆီကတစ်စောင်လာသေးတယ် . . . ဒီလိုပဲ လျှောက်ဝေခိုင်းတာ . . . ကျိန်စာလိုလို၊ သိုက်စာလိုလိုနဲ့'

ဘယ်သူ့ကိုအပြစ်တင်ရမလဲ၊ ကျွန်တော့်ကိုယ် ကျွန်တော်လား၊ ကံကြမ္မာကိုလား။

'ဒါနဲ့ မင်းဒီစာဘယ်ကရလာတာလဲ'

'ဝင်းဝင်းသိန်းပေးလိုက်တာ၊ တင်မမထွန်းက မင်းကိုပြန်ပေးလိုက်တာတဲ့'

ဝင်းဝင်းသိန်းဆိုတာ တင်မမထွန်း ညီမတစ်ဝမ်းကွဲနဲ့ သူငယ်ချင်းဖြစ်သည်။ ကျွန်တော်က ဝင်းဝင်းသိန်း အစ်ကိုထွန်းသိန်းနဲ့ သူငယ်ချင်း။

'ဒါနဲ့ ထွန်းသိန်းကော'

'ဒီကောင်လိုက်မလာဘူး၊ ဒီကောင်ကတော့ တင်မမထွန်း မင်းကိုစာပြန်လိုက်ပြီဆိုပြီး ဟိုကောင်တွေဆီသတင်းဖြန့်ဖို့ထွက်သွားပြီ၊ ပြီးတော့ မင်းကိုလည်းဝမ်းတေဘယ်တဲ့၊ ငါတောင်ပထမယုံသွားသေးတယ်၊ ဒါပေမဲ့ မင်းဒီလောက်ကံမကောင်းနိုင်ဘူးဆိုတာသိလို့ လမ်းမှာဖတ်ကြည့်လို့သိရတာ'

'ငါ မမ ကိုဘယ်လိုမျက်နှာပြရမလဲကွာ'

အေးမြင့်ငိုင်သွားကာ ကျွန်တော့်ကိုသနားကြည့်လေးကြည့်၍ . . .

'မင်းဘဝက တော်တော်ဆိုးတာပဲ သူရရာ'

'အေးကွာ'

www.burmeseclassic.com

www.burmeseclassic.com



မမသည် ကျွန်တော့်အတွက် ဒဂုန်တာရာ၏ 'မေ'၊ နီကိုရဲ၏ မကြည်ပြာ၊ တာရာမင်းဝေရဲ့ ကြယ်ကြွေသတို့သမီး၊ အကြည်တော်ရဲ့ ကဝေပျို၊ မင်းခိုက်စိုးစန်ရဲ့ 'မျောက်တစ်ကောင်'၊ ဝေမှူးသွင်ရဲ့ အဆင့်မြင့်ချည်တိုင်၊ နစ်ရှေးရဲ့ အတွေးအခေါ်အချို့၊ ပီကာဆိုရဲ့ ရောင်းမထွက်တဲ့ ပန်းချီကား၊ ရှိတ်စပီးယားရဲ့ မရေးဖြစ်ခဲ့တဲ့ ပြဇာတ်၊ ဗီသိုဗင်ရဲ့တေးသွားတချို့ဖြစ်သည်။

ကျွန်တော် မမကိုကြိုးစားတာနည်းလမ်းတွေစုံပြီ၊ အခုလို စာပေးတာမျိုးရှိသလို၊ ရည်းစားစကားလိုက်ပြောတာလည်း အကြိမ်ပေါင်းမရေတွက်နိုင်တော့၊ ဒီကြားထဲရုပ်ရှင်ဆန်ဆန်၊ ဝတ္ထုဆန်ဆန်တွေလည်းလုပ်ကြည့်သည်။ ဟိုတလောက လူမိုက်ရုပ်ပေါက်နေသည့် ရုပ်ကွက်ထဲက လူနှစ်ယောက်လောက်ကို အကူအညီတောင်းကာ ဗီဒီယိုဇာတ်လမ်းတွေထဲကအတိုင်းလုပ်လိုက်သေး၏။

အသားမည်းမည်း၊သွားကျဲကျဲ၊နှုတ်ခမ်းမွေးကားကားနဲ့ကျွန်တော့် လူနှစ်ယောက်ကလည်း တာဝန်ကျေသည်။ မမ ညနေဈေးကအပြန်လမ်းမှာ ဆွဲလားရမ်းလားလုပ်သည်၊ ကျွန်တော်က ဇာတ်လမ်းတွေထဲက မင်းသားအတိုင်းအချိန်ကိုက်ဝင်လိုက်သည်။ ပြီးတော့ မမဘက်ကမားမားရပ်ကာ ဟိုလူနှစ်ယောက်ကို လက်ရုံးရည်နဲ့ဖြေရှင်းပစ်လိုက်၏။ နှစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်တစ်ယောက်ဖြစ်သော်လည်း ဟိုလူနှစ်ယောက် အတုံးအရုန်း၊ နိုင်မှာပေါ့ ညနေကျအမှောက်တိုက်မယ်ဆိုပြီးတာဝန်ယူထားတာကိုး၊ ဒါကြောင့် ကိုယ့်လူနှစ်ယောက်ကလည်းအကယ်ဒမီရှော့တွေလုပ်ပေးကြ၏။

သို့သော်အားလုံး အံ့ဝင်ခွင်ကျဖြစ်သော်လည်း ကျွန်တော့်အစီအစဉ်တွင် အကြီးအကျယ်မှားယွင်းသွားတာတစ်ခုပဲရှိသည်။ ကျွန်တော်တို့ ဖိုက်တင်ပွဲလေးကျင်းပနေသည့်နေရာ ခပ်လှမ်းလှမ်းတွင်လက်ဖက်ရည်ဆိုင်လေးတစ်ဆိုင်ရှိနေခြင်းပင်။ မနေ့တစ်နေ့ကမှ ဖွင့်လိုက်၍ သတိမထားမိလိုက်သော ထိုဆိုင်လေးသည် ကျွန်တော့်ကိုအကြီးအကျယ်ဒုက္ခပေးတော့၏။

'ဟာ . . . ဟိုမှာချကုန်ပြီကွ'

'ပွဲကတော့ ကြည့်မလှတော့ဘူး . . . ခါးပိုက်နှိုက်တွေထင်တယ်'

'ကဲ၊ ကိုယ့်လူတို့ကူညီလိုက်ကြရအောင်၊ မဒီလေးကအတော်မိတာပဲ'

အလုံးအရင်းနှင့် ချီတက်လာသောလူအုပ်ကြီးကိုကြည့်ကာ ကျွန်တော်ဘာလုပ်ရမှန်းမသိတော့၊ ကိုယ့်လူနှစ်ယောက်ကတော့ မှောက်နေရာက လူးလဲထပြီး နောက်တစ်ကြိမ်ကျွန်တော်နဲ့ လုပ်ပွဲလေးနွဲဖို့ သိုင်းကွက်တွေယူပြန်သည်။ သူတို့အခြေအနေကို ကျောပေးထား၍မသိသေး၊ ကျွန်တော်ဘာလုပ်ရမလဲ။

မျက်လုံးပြူးပြသည်။

သူတို့မသိ။

မျက်စပစ်ပြသည်။

နောက်တစ်ကြိမ် နွှဲဖို့အချက်ပေးတယ်ထင်ပြန်သည်။

ပါးစပ်နဲ့ပြောပြဖို့ကလည်း အခုမှမဖြစ်တော့၊ မမက ကျွန်တော့်ကိုသူ့ရဲကောင်းတစ်ယောက်လို နောက်ကျောလေးမှာကွယ်ထားပြီ။

ကဲ . . . အဲဒီလိုဆိုတော့လည်း အချစ်အတွက် အားနာနာ နဲ့ပင် ရှေ့က သိုင်းကွက်ဖော်နေတဲ့ ငတိနှစ်ယောက်ကို . . . ။

'. . . . .'

နောက်ဆုံးတော့ လူအုပ်ကြီးသည် ကျွန်တော့်ဘက်ကရပ်တည်ကာ ထိုပွဲကိုသိမ်းပေးလိုက်ပါတော့သည်။

ဆေးရုံပေါ်ရောက်ပြီး အတော်လေးကြာမှ သတိရလာသော



www.burmeseclassic.com

www.burmeseclassic.com



ထိုငတိနှစ်ယောက်သည် ကျိုးကြေသွားသောလက်တွေ ခြေထောက်တွေကိုကြည့်ကာ ကျွန်တော့်ကိုတအံ့တသြကြည့်ကြ၏။ နောက်တော့ သက်ဆိုင်ရာက ရောက်လာ၍ဖြစ်ကြောင်းကုန်စင်သိသွားတော့ ကြောက်လန့်တကြား ကျွန်တော့်ကိုကြည့်ရင်း ပြဿနာရှာပါတော့သည်။ သူတို့ခါးပိုက်နှိုက်မဟုတ်ကြောင်း၊ ကျွန်တော်ခိုင်း၍ ကောင်မလေးကိုဆွဲလားရမ်းလားလုပ်ရတာဖြစ်ကြောင်းနှင့် ကျွန်တော်တို့ရန်ဖြစ်တာ တကယ်မဟုတ်ကြောင်းတွေအကုန်လျှောက်ပြောကုန်၏။

နောက်ဆုံးတော့ ထိုငတိနှစ်တွေကပင် ကျွန်တော့်ကိုတရားစွဲပါတော့သည်။ ကျွန်တော့်မှာ ထိုပုဂ္ဂိုလ်နှစ်ယောက် ကျေအေးသည်အထိလျော်ကြေးပေးကာ မနည်းလုပ်လိုက်ရသည့်အပြင် ဆိုင်ရာက သတိပေးခြင်းကိုလည်း ခံလိုက်ရပါသေးသည်။

အားလုံးပြီးဆုံးသွားတော့ မမ က ကျွန်တော့်ကိုအရင်ကထက်ပိုပြီးရှောင်တော့၏။ ကျွန်တော်လည်း မမဆီကိုတစ်လလောက်မသွားရဲတော့၊ အဲဒီ့တုန်းက ကိုယ့်မျက်နှာကို ပလက်စတစ်ဆာဂျရီလုပ်ပြီး ရုပ်တောင်ဖျက်ထားချင်စိတ်ပေါက်သွားသေးသည်။ ရှက်လွန်းလို့အိမ်ထဲကတောင်တော်တော်နဲ့မထွက်ရဲ၊ တစ်ရပ်ကွက်လုံးလည်း သိသွား၍အားလုံးကကောင်းချီးပေးကြသေး၏။

'ဒီကောင် ဝမ်းတွင်းရူးကွ . . . ဝေးဝေးရှောင်'

မမ သူငယ်ချင်းတွေကလည်း အောက်ပါအတိုင်းထင်ကြေးပေးကြသေး၏။

'သူ့အိမ်ကလည်း သူတို့သားလေးဒီလောက်ဖြစ်နေတာ ဆေးလေးတော့ကုပေးဖို့ကောင်းပါတယ် . . . ဟယ်'တဲ့ . . .။

အဲဒီတော့ 'မမ'ခမျာ အရူးကို ယောကျ်ားတော်ရတာထက် ခံစားရခက်ဦးမည်၊ သူ့ခမျာ တစ်သက်လုံးထိန်းလာတဲ့ သိက္ခာကျွန်တော်နဲ့ကျမှ နွားမရှို့ပိတ်ပြောခံရတော့၏။ တချို့ကပြောသေး၏။

'အရူးကိုဘာသွား ကလိထားလဲမှမသိတာ'တဲ့ . . .။ တချို့က . . .

'ရုပ်ရည်လေးသနားကမားနဲ့ အရူးကိုမှအေ' . . .၊ စသည်ဖြင့်ထင်မြင်ချက်အမျိုးမျိုး။

ကြာတော့ မမက ကျွန်တော့်ကိုကြောက်လာသည်။ ပတ်ဝန်းကျင်က ပြောကြလွန်း၍ ကျွန်တော့်ကို ယဉ်ယဉ်ကလေးရှုးနေသူဟုထင်



www.burmeseclassic.com

www.burmeseclassic.com



မြင်လာ၏။ မမလည်း အဲဒီ့ကိစ္စပြီးကတည်းက ရှက်လွန်း၍အိမ်ထဲက အိမ်ပြင်မထွက်၊ ကျွန်တော်လည်းမထွက်၊ နောက်ဆုံး ထွန်းသိန်း ညီမ ဝင်းဝင်းသိန်းက ဖြစ်ကြောင်းကုန်စင် သွားရှင်းပြ၍တော်ပေသေးသည်။ မမထင်မြင်ချက်လျော့ကောင်းလျော့သွားနိုင်သည်ဟု ကိုယ်လိုရာဆွဲတွေးမိ၏။ အရင်က အရှုးဆို အခု အပေါပေ့။ ဒါဆိုဖြေသာသေး၏ဟု ကိုယ့်ကိုယ်ကိုယ်အားပေးမိသည်။

အခုတော့ . . . ။

ဘယ်ကြောင်ပို့လိုက်မှန်းမသိတဲ့ ဒီစာကြောင့် ကျွန်တော့်ဘဝတော့ ဒုံရင်းဒုံရင်းပြန်ရောက်သွားလေပြီ။ ဟိုတစ်လောက 'သူရလည်းမတွေ့မိပါလား'လို့ ဝင်းဝင်းသိန်းကိုမေးကြောင်းကြားသိရ၍ အခြေအနေမဆိုးဘူးဆိုပြီး စာလေးတစ်စောင်လောက်အရဲစွန့်ပြီး သွားပေးမိရာ ငါးပါးတင်မက သံဃာစင်ပါမှောက်တော့၏။

ကျွန်တော့်ဘဝလည်းကြာရင် မမ အတွက်ကြောင့် . . . ။

ထူးရင်ထူး . . . ။

မထူးရင်။

တကယ်ရှုးသွားတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



'မင်း တော့ထူးပြီ . . . သူရ'

ထွန်းသိန်းကိုလှည့်ကြည့်မိသည်။ မနက်စောစောစီးစီး အိမ်ရောက်လာ၍ လက်ဖက်ရည်ဆိုင်ထွက်လာကြခြင်းဖြစ်သည်။ ထူးပြီ . . ဆိုပဲ။

'ဘာထူးတာလဲ . . . ငါခုရက်ပိုင်း ထီလည်းထိုးမထားပါဘူး'

'ထိုးစရာမလိုဘူး . . . မင်း အခုထီပေါက်တာထက်ထူးသွားပြီ'

ထွန်းသိန်းဆီကထွက်လာမယ့်စကားကို ဆက်နားထောင်မိသည်။ ကိုယ့်အကြောင်းဖြစ်နေ၍ စိတ်ဝင်စားမိ၏။ စိတ်ဝင်စားမှန်းသိလို့လည်း သကောင့်သားက ချက်ချင်းမပြောသေးဘဲ လက်ဖက်ရည်ကို ဇိမ်ခံသောက်လိုက်သေး၏။ ပြီးမှ . . .

'မင်းကို တင်မမထွန်းက တကယ်အရူးလို့ထင်သွားပြီကွ'

'ဟေ'

'ဟုတ်တယ် . . . မင်းကို အစွန်းရောက်ပြီး ဦးနှောက်ကြောင်တောင်တောင်ဖြစ်နေတယ်ထင်တယ်ဆိုပြီး ဟိုနေ့က ဝင်းဝင်းသိန်းကို ပြောလိုက်တယ်တဲ့ . . . ငါ့ကို ငါ့ညီမကပြောပြတာ . . . မင်းဘဝဆုံးပြီ သူရ'

www.burmeseclassic.com

တော်ဝင်မြို့စာအုပ်တိုက်

www.burmeseclassic.com



'မင်း . . . မင်းညီမကဘာမှပြန်မပြောလိုက်ဘူးလား'

'ပြောတော့ပြောတယ် . . . ဒါပေမဲ့ ဟိုက မယုံတော့ဘူးတဲ့၊ ပထမတစ်ကြိမ်ထဲက မင်းကိုမသက်သာဖြစ်နေတာ . . . သူ့အလျှောက် ကောင်းလို့ မင်းကိုမထင်တာ . . . အခုတော့ တကယ်ထင်သွားပြီ'

ကျွန်တော် ငါးမိနစ်လောက်ငုတ်တုတ်မေ့သွားသည်။ အလွန် တရာအားရှိစရာစကားတွေပဲ အရှုးတဲ့ . . .။ ဘာဆက်လုပ်ရမလဲ၊ အ တွေးတွေနောက်ကျိမှုဝေလာသည်။ စဉ်းစားကြည့်တော့ ဘာဆက်လုပ် ရမှန်းမသိတော့၊ အရှုးဆိုကတည်းက ဂိတ်ဆုံးနေပြီ။ ရှေ့ဆက်လျှောက်ရ မယ့်လမ်းတွေဝေဝါးကုန်ပြီ၊ မိန်းကလေးတစ်ယောက်အနေနဲ့ အရှုးတစ် ယောက်ရဲ့ချဉ်းကပ်မှုကို . . .။

ကျွန်တော်ဆက်မတွေးချင်တော့၊ နောက်ဆုတ်ဖို့တော့ မစဉ်း စားမိပါ၊ ကျွန်တော်တကယ်ရူးသွားလိမ့်မည်။

'ငါ . . . ဘာဆက်လုပ်ရမလဲ'

'မပြောတတ်တော့ဘူး . . . ဟိုကတော့ မင်းကိုလုံးဝပဲ'

'အခုချိန်ကျမှတော့ ငါနောက်မဆုတ်ချင်တော့ဘူးကွာ'

'စဉ်းစားပေါ့ သူငယ်ချင်းရာ၊ မင်းအခြေအနေလည်း မင်းသိ တာပဲ'

လက်ဖက်ရည်ခွက်ကိုသာ ငေးကြည့်နေမိတော့၏။ နောက်ဆုံး ဆက်ထိုင်ချင်စိတ်မရှိတော့၍ ထပြန်လာခဲ့တော့သည်။ ထွန်းသိန်းက တော့ အားပေးကာပြန်သွားတော့သည်။ အိမ်ပြန်ရောက်တော့ထွန်းသိန်း ပြောသွားတဲ့စကားတွေကြားယောင်ပြီးချောက်ချားနေ၏။

အရှုး . . .

အရှုး . . .

အရှုး . . .။

နံရံတွေ၊ မျက်နှာကြက်တွေ၊ မြေကြီး . . . ကောင်းကင်၊ ပန်း ပွင့် . . . အရာဝတ္ထုအားလုံး လှောင်ပြောင်နေကြသလို . . .။ ပြီးတော့ ကမ္ဘာတစ်ခုလုံး ကိုယ်တစ်ယောက်တည်းကျန်ခဲ့တော့သလို ချောက်ချား၊ ကြောက်လန့်၊ တိတ်ဆိတ်၊ အားငယ် . . .။

'အား . . .'

ရင်ထဲမှာရှိသမျှ အားကုန်ခြစ်ပြီးစိတ်ထဲမှာအော်ပစ်လိုက်၏။ အသံထွက်ပြီးလည်း မအော်ရဲ၊ အိမ်ကလူတွေပါ အရှုးလို့ထင်ကုန်ကြရင်

www.burmeseclassic.com

www.burmeseclassic.com



ဇာတ်လမ်းတွေပို့ရှုပ်ကုန်မည်။ နေရထိုင်ရတာတောင် မလွတ်လပ်တော့ပါလား . . . မမ . . . ရယ်။

နံရံကိုလက်သီးနဲ့ထိုးမိသည်။

ခင်ဗျား . . . တွေ့မယ်။

www.burmeseclassic.com

www.burmeseclassic.com



ပထမတော့ ပျင်းလို့ထိုင်ကြည့်နေခြင်းဖြစ်သော်လည်း နောက်တော့စိတ်ဝင်စားလာ၏။ ဇာတ်လမ်းထဲမှာ ကောင်လေးနဲ့ ကောင်မလေးကစတွေ့ကတည်းက အဆင်မပြေ။ ဘုနဲ့ဘောက်ဆိုသလိုစတွေ့ကြသည်။ အထူးသဖြင့် ကောင်မလေးဘက်က ကောင်လေးကို အသားလွတ်ကြီး ကြည့်လို့မရအောင်မုန်းနေလေသည်။ ကျွန်တော့်ဇာတ်လမ်းလေးလိုပါပဲလားလို့တောင် ထင်လိုက်သေး၏။ ထို့ကြောင့် ဘောလုံးပွဲမဟုတ်ပါဘဲနှင့် ကောင်လေးဘက်က အားပေးနေမိသည်။

သို့သော်ကောင်လေးကလည်သည်။ ကောင်မလေးကို ဒီအတိုင်းလိုက်လို့မရတော့မှန်းသိတော့ တစ်မျိုးပြောင်းကြံ၏။ ကောင်မလေးမသိအောင် နေ့တိုင်းနှင်းဆီပန်းလေးတစ်ပွင့် ကောင်မလေးဆီရောက်အောင်ပို့ခြင်းပင်။ ရိုးရိုးနည်းလမ်းအတိုင်းပို့ခြင်းမဟုတ်။ ကောင်မလေးမထင်မှတ်တဲ့အချိန်မှာ မထင်မှတ်တဲ့နေရာမှပေးခြင်းပင်။ ဇာတ်လမ်းကတဖြည်းဖြည်း အရှိန်တက်လာပြီး ကောင်မလေးက သူ့ဆီနှင်းဆီပန်းတွေပို့နေတဲ့ လူကိုသိချင်လာပြီ။ ဘယ်သူလဲ၊ ဘယ်ဝါလဲ၊ သိချင်လာပြီးနောက်စုံစမ်းတော့၏။ သို့သော် . . . မရ။ ကောင်လေးကလည်းခပ်ညံ့ညံ့မဟုတ်။ ကောင်မလေးစိတ်ဝင်စားမှန်းသိလာတော့ (Tempo)ကို

www.burmeseclassic.com



တဖြည်းဖြည်းမြှင့်ယူလာပြီး နောက်ဆုံးတွင် . . .

ကောင်လေးက ကောင်မလေးဆီဖုန်းဆက်ပြီး နှင်းဆီပန်းပို့တာသူပါဟုပြောလိုက်လေတော့သည်။ ကောင်မလေး၏ စိတ်ဝင်စားမှု၊ အံ့သြခြင်း၊ ရင်ခုန်ခြင်း၊ . . . အချစ် . . . စသည်တို့ မျက်နှာပေါ်ခုန်တက်လာတော့၏။ နောက်ဆုံးတော့ သူတို့နှစ်ယောက် အလောင်းအစားတစ်ခုလုပ်လိုက်ကြ၏။ ကောင်မလေးက ကောင်လေးနှင်းဆီပန်း ဘယ်အချိန်တွေမှာ ဘယ်လိုပေးသလဲဆိုတာ လက်ပူးလက်ကြပ်မိအောင် ဖမ်းမည်ဟုစိန်ခေါ်လိုက်လေတော့သည်။ အလောင်းအစားရဲ့အနိုင်အရှုံးမှာ . . .။

မိသွားလျှင်ကောင်လေးက ရှုံးပြီးကောင်မလေးနှင့် ဝေးရာသို့ထွက်သွားရမည်။ ကောင်လေးနိုင်ရင်တော့ . . .။

ထိုအချိန်တွင် မီးပျက်သွားလေသည်။ ကျွန်တော့်ရင်ထဲမတင်မကျကြီးနှင့် ဖုတ်လှိုက်ဖုတ်လှိုက်ကျန်ခဲ့လေတော့၏။ အိမ်ရှေ့သို့ထွက်သည်။

အပနားကိုရှာသည်။ ခြံဝမှာ လက်ဖက်ရည်သောက်ပြီး ပြန်လာသောအပနားကိုတွေ့လိုက်တော့ . . .

'အပနား . . . မီးဘာလို့ပျက်သွားလဲမသိဘူး . . . ဖျူး(စ်)တွေဘာတွေသွားကြည့်စမ်း'

'လမ်းထိပ်ကဓာတ်တိုင်ပြင်နေတာတွေ့တယ်နော် . . . ကြွေသီးလဲတာဆိုလား . . . အဲဒါကြောင့် ဖြစ်မယ် အစ်ကိုလေး'

လူက ဆန့်တငံ့ငံ့ကြီးဖြစ်ကာနေ၏။ နောက်ဆုံးမှာ ကောင်လေးနဲ့ ကောင်မလေးညားသွားလား။ ဒါမှမဟုတ် ကောင်လေးရှုံးသွားလား။ ကောင်မလေးက ကောင်လေးကိုဘယ်လိုဖမ်းမလဲ။ မဂ္ဂဇင်းတွေမှာပါတဲ့ဇာတ်လမ်းကြော်ငြာတွေ ဖတ်ရသလို ကောင်းခန်းရောက်မှ ငွေရောင်ပိတ်ကားပေါ်မှာ ဆက်လက်ကြည့်ရှုပါဆိုတာမျိုး တန်းလန်းကြီးကျန်ခဲ့၏။

အချစ်သည် တစ်ခါတရံ ဖန်တီးယူရတာမျိုးရှိတယ်ဆိုရင်တော့ . . .

ကျွန်တော့်ရင်တစ်ခုလုံး အတွေးပေါင်းစုံနှင့် ပြာလဲ့ရီဝေနေပါတော့သည်။

www.burmeseclassic.com

တော်ဝင်မြို့တော်အသုံးတိုက်

www.burmeseclassic.com

# အခန်း (၂)

www.burmeseclassic.com

www.burmeseclassic.com



‘ငါ . . . လုံးဝမပါဘူး’

‘မင်းကို အရူးလို့ထင်တာတောင်နည်းသေးတယ်’

ထွန်းသိန်းနဲ့ အေးမြင့်ကတော့ မြင်တဲ့အတိုင်းပဲ။ ကျွန်တော့် အကြံကို အားတက်သရောထောက်ခံနေကြတာ။ လူမြင်တောင်မကောင်းဘူး။

‘ဒီတစ်ခါ ပွဲသိမ်းကွ . . . အောင်ရင်ပြီးပြီ . . . တင်မမနဲ့ ငါနဲ့ . . . ဟဲ . . . ဟဲ’

‘မင်းငယ်ငယ်က ပုခက်ပေါ်ကပြုတ်ကျတာတွေ ဘာတွေရှိဖူးလား’

‘ဘာလို့လဲ’

‘မင်းကြည့်ရတာကြာလေဆိုးလေပဲ . . . ငါတို့တောင် မင်းကို မသင်္ကာတော့ဘူး . . . ရူးတော့မရူးပါဘူးနော်’

ကျွန်တော်သက်ပြင်းချလိုက်သည်။ ဒီနှစ်ကောင်ကို နည်းနည်းရှင်းပြမှရတော့မည်။

‘ ‘ပလေတို’ကိုကြားဖူးလား’

ကြားဖူးပုံလည်းမပေါ်ပါဘူး၊ အူကြောင်ကြောင်နဲ့ကြည့်နေကြလို့ . . . ။

www.burmeseclassic.com

www.burmeseclassic.com



'မှတ်ထား . . . ပလေတိုကပြောတယ် . . . အချစ်နဲ့တွေ့ရင် လူတိုင်းဟာ ကဗျာဆရာဖြစ်သွားတယ်တဲ့'

'. . . . .'

'. . . . .'

'မင်းတို့ပြောသလို ငါရူးနေတယ် . . . ဟုတ်တယ် . . . ဒါပေမဲ့ ငါရူးတာ . . . အချစ်ရူး . . . ကဗျာရူးကွ . . . အခုငါပြောတဲ့ ပုံစံလေးဘယ်လောက်ကဗျာဆန်လဲ . . . တင်မမထွန်း . . . ငါ့ကို . . . ကြွေပြီ'

သူတို့တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီးမှ ထွန်းသိန်းက . . .

'ဟိုက ဗီဒီယိုဇာတ်လမ်းကွ . . . ဗီဒီယိုထဲမှာ သူတို့သဘော သူတို့လုပ်ချင်တာလုပ်ကြတာ . . . ပရိသတ်စိတ်ဝင်စားအောင် ရိုက်ပြတာ . . . မင်းပြောတဲ့ဇာတ်လမ်းကို ငါတို့သိတယ် . . . အဲဒီဇာတ်လမ်းမျိုးက ဗီဒီယိုတွေ၊ ဝတ္ထုတွေမှာ တော်တော်လူကြိုက်များတာ . . . မင်းသား၊ မင်းသမီးသာပြောင်းသွားတယ်။ ဒါမျိုးခဏခဏရိုက်ပြနေကျ၊ မင်းက အဲဒါကိုအဟုတ်ကြီးမှတ်ပြီး . . . အပြင်မှာတကယ်သွားလုပ်ရင် ရှုပ်ကုန်မှာပေါ့ . . . နည်းနည်းပါးပါးခေါင်းနဲ့စဉ်းစားပါဦး သူရ ရာ'

'ရူးတယ်ဆိုတာလည်း ကြည့်ရူးပေါ့ကွာ . . . တင်မမထွန်း အမြင်မှာ မင်းကို ဘယ်လိုအခြေအနေရှိတယ်ဆိုတာလဲ မင်းအသိပဲ. . စဉ်းစားပေါ့'

စဉ်းစားစရာတောင်မလိုဘူး . . . သိတာပေါ့ . . . ဒီတစ်ခါ ကြွေပြီ။

'မတားနဲ့ . . . ဆုံးဖြတ်ပြီးပြီ'

ပြတ်သားလိုက်တဲ့ ကျွန်တော့်စကား . . .။ ဒီကောင်တွေရဲ့ အထိတ်တလန့်မျက်ဝန်းအားလုံးကို မသိကျိုးကျွန်ပြုပြီး ကိုယ့်ဘာသာ ကိုယ်အားပေးလိုက်တယ်။

'တင်းထား . . . မင်းဖြစ်သွားမှာမနာလိုလို့ ဝိုင်းဖျက်နေကြတာ'

'မင်းတို့ ငါ့ကိုကူညီမှာလား မကူညီဘူးလား ဒါပဲပြော'

'. . . . .'

'အန္တရာယ်လည်းသိပ်ကြီးတယ်နော်'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ပြုံးရုံကလေးပြုံးလိုက်တယ် . . .။ အချစ်စစ်တို့ လမ်းဟာ မဖြောင့်ဖြူးဘူးတဲ့၊ ပြီးတော့ အချစ်ဟာ စစ်နဲ့အတူတူပဲ၊ ပရိယာယ်သာတဲ့ ဘက်ကအနိုင်ပဲ . . .။ ဒါ့ကြောင့် . . .

'ငါ အဲဒါတွေမသိချင်ဘူး၊ ကူညီမှာလား မကူညီဘူးလားဒါပဲပြော . . . . မကူညီရင်လည်းနေ စိတ်ခတ်သိရတာဝမ်းသာတယ်'

နောက်ဆုံးတော့ . . .

နောက် . . . ဆုံး . . . တော့။

နှစ်ယောက်လုံး သက်ပြင်းချသည်။ ခေါင်းခါသည်။ ထို့နောက် ခေါင်းခါသည်။ သက်ပြင်းချသည်။

တော်တော်ကြာအောင် ငိုင်နေပြီးမှ ကျွန်တော့်ကိုကြည့်သည်။ ရှေ့မျက်နှာ နောက်မျက်နှာတွေထောက်ကြသည်။ နောက်ဆုံးသက်ပြင်း တစ်ချက်ချပြီး . . .

'မင်း . . . သ . . . ဘော . . . ပဲ . . . ကွာ'

'ဟဲ . . . ဟဲ '

ဒီလိုဆိုတော့လည်း ဒီကောင်တွေအားကိုးရသားပဲ။

တင်မမထွန်း ရေ . . .။

ငါရဲ့ကဗျာဆန်ဆန်နေ့ရက်တွေ မင်းဆီရွေ့လျားလာပါပြီ။ စောင့်လော့။

www.burmeseclassic.com

www.burmeseclassic.com



ဇာတ်လမ်းကို ဘယ်လိုစမလဲ။ နှင်းဆီဝိုင်အစ၊ (၁၀၁)ပွင့်နှင်းဆီအဆုံး ဇာတ်လမ်းတွေထဲကလိုစမလား။ ဒါမှမဟုတ်ကိုယ့်အတွေးအရေး ကိုယ်ပိုင်ဟန်နဲ့လုပ်မလား။ ကိုယ့်ကိုယ်ပိုင်ပုံစံနဲ့ လုပ်ရင်တော့ သူရ (ရင်တွင်းဖြစ်)တို့၊ သူရ၏ (အတွေးပုံရိပ်)တို့ဖြစ်လာနိုင်သည်။ ထို့ကြောင့် ကိုယ်တိုင်ခံစားတင်ပြပြီး သူရရဲ့(ရိုက်ချက်)ဆိုပြီး ဒီအော်ပရေးရှင်းကို ခေါင်းစဉ်တင်လိုက်တော့သည်။

'မမ'က ညနေဆို ဈေးထွက်ဝယ်နေကျဖြစ်၍ တစ်ခါတစ်ရံ ခိုင်းတဲ့ကောင်မလေးအဖော်ခေါ်လာသည်။ တချို့နေ့တွေမှာ သူတစ်ယောက်တည်းဈေးသွားချင်သွားတတ်၏။ ဒါကို သိထားသောကျွန်တော်က ဒီလိုစီစဉ်လိုက်၏။

အေးမြင့်နဲ့ ထွန်းသိန်းနှစ်ယောက်တွင် ထွန်းသိန်းကို မမက မြင်ဖူးထားသည်။ သူ့သူငယ်ချင်း ဝင်းဝင်းသိန်း အစ်ကိုဖြစ်၍ မှတ်မိချင်မှတ်မိနိုင်၏။ သို့သော် အေးမြင့်ကိုတော့ မမ မသိ။ အဆက်အစပ်လည်းမရှိ၍ မမြင်ဖူးနိုင်၊ ထို့ကြောင့် ကျွန်တော့်ရဲ့ပထမဆုံးတိုက်စစ်အတွက် အေးမြင့်ကို ရှေ့တန်းတင်လိုက်ရပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



**အေး**မြင့် လက်ဖက်ရည်ဆိုင်တွင် ငုတ်တုတ်ထိုင်ကာ 'မမ' အလာကို စောင့်နေလိုက်သည်။ သူတစ်ယောက်တည်း တော့မဟုတ် နောက်တစ်ယောက်ပါသည်။ ဝင်းကို . . .။ သူလည်း ကျွန်တော်တို့ သူငယ်ချင်းဖြစ်၏။ ပထမအစီအစဉ်တွင် သူ မပါ။ သို့သော် မနေ့က မှအိမ်ရောက်လာ၍ ဒီနေ့သူ့ကိုအဖွဲ့ဝင်အဖြစ် သတ်မှတ်လိုက်ရခြင်းပင်။

ဝင်းကိုကလည်း ဒီလိုကိစ္စမျိုး 'ဇ'ရှိသူပင်။ သူ့ကောင်မလေး အေးအေးနိုင်ကို ဒီလိုဇာတ်လမ်းဇာတ်ကွက်တွေဆင်ပြီး သုံးနှစ်သုံးမိုး ကြိုးစားလာခဲ့ရသူဖြစ်သည်။

အခုတော့ သူ့ကောင်မလေးနဲ့သူပြတ်ပြီ။ မနေ့က အိမ်ကိုမျက်ရည်လေးစမ်းစမ်း စမ်းစမ်းနှင့်ရောက်လာ၍ အရက်တစ်လုံးထောင်ကာ နှစ်သိမ့်လိုက်ရသေးသည်။ ရည်းစားနှင့်ပြတ်ခါစ လူတို့၏ထုံးစံအတိုင်း ယောင်ချာချာဖြစ်နေ၍ စိတ်မလေအောင်အလုပ်ပေးထားလိုက်ခြင်း သဘောလည်းဖြစ်ပါသည်။

အေးမြင့်က ဝင်းကိုကို တစ်ချက်ကြည့်ပြီး သက်ပြင်းချကာ လမ်းမဘက်သို့ငေးကြည့်၏။ ဝင်းကိုက 'ဖြစ်ပ့ါမလား'ဆိုပြီး တိုးတိုးလေး ကပ်မေးတော့ . . .

www.burmeseclassic.com

www.burmeseclassic.com



'လူတော့ရှင်းပါတယ် . . . သိပ်စိတ်ပူစရာတော့မရှိပါဘူး' ဆိုပြီး နှစ်သိမ့်၏။ အမှန်တော့ အေးမြင့်ကိုယ်တိုင်ပင် ကြောက်ကာနေသည်။ သို့သော် ဝင်းကိုက လူသစ်ဖြစ်နေ၍ ထိတ်လန့်မသွားအောင် အားပေးလိုက်တာပဲဖြစ်သည်။

'မင်းတို့က ဘယ်ကျောင်းကလဲကွဲ့'

အသက် (၅၀)ကျော် လူကြီးတစ်ယောက် သူတို့ရှေ့လာရပ် တော့ အေးမြင့်ရော ဝင်းကိုပါကြောင်တောင်တောင်ဖြစ်သွားသည်။ ဝင်းကိုကရောပြီး နောက်ဆုံးနှစ်လို့ပြောမလို့ဖြစ်သွားစဉ် အေးမြင့်က အချိန်မီပြောလိုက်နိုင်ပါသည်။

'ကျွန်တော်တို့ မင်းကြီးမဟာ ကျောင်းတော်ဓမ္မာရုံပြုပြင်မွမ်းမံရေးအဖွဲ့ကပါခင်ဗျာ'

အဘိုးကြီး မင်းကြီးမဟာကျောင်းတော်ဆိုတာကို တော်တော်လေးစဉ်းစားသွားသည်။ ပါးစပ်ကလည်း နာမည်ကို တတွတ်တွတ်လိုက်ရွတ်ပြီး . . .

'ဘယ်နားကလဲကွဲ့ . . . ကြားတော့ကြားဖူးသလိုပဲ'

အေးမြင့်က ကြက်သီးတစ်ချက်ထသွား၏။ ဝင်းကိုဆိုမျက်နှာဆီးရွက်လောက်ပဲရှိတော့သည်။

'ဟိုဟာလေ . . . ဟို . . . ဟို . . . အင်းစိန် . . . နားမှာ'

အဘိုးကြီးက မသင်္ကာသလိုကြည့်ပြီးမှ အိတ်ထဲကထောင်တန်တစ်ရွက်ကိုထုတ်ကာ ထိုကြားထဲမှ နှစ်ဆယ်တန်တစ်ရွက်ထပ်ထုတ်၍ အေးမြင့်ကိုင်ထားသော အလှူခံဖလားထဲကိုထည့်၏။

အဘိုးကြီးလှည့်ထွက်သွားတော့မှ သူတို့သက်ပြင်းချမိသည်။ သူတို့ပုံစံတွေနှင့် ဒီနေရာမှာကြာကြာနေလို့ မသင့်တော်ကြောင်း နားလည်လိုက်၍ လက်ဖက်ရည်ဖိုးရှင်းကာ ထထွက်ခဲ့ပါတော့သည်။ ဒါတောင်ဆိုင်ပိုင်ရှင်က နှစ်ရာလှူလိုက်သေး၏။

'ငါတော့ ဒီအဝတ်အစားကြီးနဲ့ မနေရဲတော့ဘူးကွာ'

ဝင်းကိုက သူဝတ်ထားသော ဖိုးသူတော်ဝတ်စုံကို ငုံ့ကြည့်ရင်းပြောတော့ . . .

'ငါလည်း ဘယ်ဝတ်ချင်ပါ့မလဲကွာ . . . ခဏလေးပါ . . . လာတော့မှာပါ'

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ခပ်လှမ်းလှမ်း ဝါးရုံပင်နားသွားရပ်နေလိုက်ကြ၏။ ဒီလမ်းလေးက လူနည်းနည်းပြတ်၍တော်ပေသေးသည်။ နောက်မို့ဆို သူတို့လုပ်ငန်းမကျွမ်းကျင်တာနှင့်မလွယ်။ အခုတောင် အေးမြင့်တို့ကို လက်ဖက်ရည်ဆိုင်က လူတွေသတိထားမိနေကြပြီ။

ကျွန်တော်ကတော့ ခပ်လှမ်းလှမ်း မုန့်ဟင်းခါးဆိုင်ထဲတွင်ရှိနေသဖြင့် အားလုံးကို လှမ်းမြင်နေရ၏။ ကျွန်တော်လည်း ခါတိုင်းပုံစံလိုမဟုတ်ဘဲ ရုပ်ဖျက်လာသည်။ ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းပြီးနေကာမျက်မှန်တပ်လာတာလောက်သာဖြစ်သည်။ ကျွန်တော်ကဒီပွဲမှာကိုယ်တိုင် ဝင်နွှဲစရာမလိုသေး၍ ဒီလောက်ဆိုလုံလောက်ပြီ . . .။

ဟော . . . မမ လာနေပြီ။ ကျွန်တော်တင်မဟုတ် ဝါးရုံပင်ကြားကပ်နေတဲ့ အေးမြင့်တို့တောင် လှုပ်လှုပ်ရှားရှားဖြစ်သွားကြ၏။

ကျွန်တော်ရင်တွေခုန်လာပြီ။ ဒီကောင်တွေ ပိရိပ့်ါမလား၊ ပွဲကိုလှလှပပလေးအဆုံးသတ်နိုင်ပ့ါမလား။ ပြီးတော့ မမကရော ဒီကောင်တွေပုံစံကိုယုံပ့ါမလား။ ကျွန်တော့်မှာ စိုးရိမ်မှုများစွာဖြင့် မန်ယူနှင့်အာဆင်နယ်ပွဲကိုကြည့်နေရသော ဖာဂူဆန်လိုထိုင်ရမလိုထရမလိုဖြစ်နေရ၏။

'ကျွန်တော်တို့ အနဂါမိဂပုည ဆွမ်းလောင်းအသင်းကြီး . . . အဲ . . . ဟုတ်ပါဘူး . . . ဟို . . . မင်းကြီးမဟာ ဓမ္မရုံသစ်ကြီးပြုပြင်မွမ်းမံရန်အတွက်'

အဲဒါလည်းမဟုတ်သေးပြန်၊ ဓမ္မာရုံသစ်ကြီးဆိုပြုပြင်မွမ်းမံရန်မလိုဟုတွေးမိ၍ အေးမြင့်သူ့စကားသူ ချက်ချင်းပြောင်းရ၏။

'ဟို . . . ဓမ္မာရုံဟောင်းကြီးပြုပြင်မွမ်းမံဖို့ အလှူခံပါတယ်ဗျာ'

တင်မမထွန်းက အေးမြင့်တို့ကိုကြည့်ပြီး ခြင်းထဲမှပိုက်ဆံအိတ်ကိုထုတ်၏။ ပြီးနောက် ရာတန်တစ်ရွက်ကိုထုတ်ကာ လှူလိုက်သည်။ ဆက်လျှောက်မည်ပြုစဉ်

'အစ်မ . . . ခဏရပ်ပါဦးဗျ'

ဘာလဲဆိုပြီး မေးဆတ်ပြတော့ . . . အေးမြင့်က . . .

'တစ်ရာတန်အလယ်မှာ အပေါက်ကြီးအစ်မရဲ့ အလှူအတန်းလုပ်တဲ့နေရာမှာ ဒီလိုအပေါက်အပြဲမျိုး လှူမိရင်မကောင်းလို့ပါအစ်မရယ် . . . ကျွန်တော်တို့က စေတနာနဲ့ပြောတာပါ။ အစ်မအတွက် ဒီပိုက်ဆံတစ်ရာလောက်က ဘာမှဖြစ်မသွားပေမယ့် ကုသိုလ်တရားကျ

www.burmeseclassic.com

www.burmeseclassic.com



တော့ ညောင်စေ့လောက်လျှပေမယ့် ညောင်ပင်ကြီးလောက်ရတာက လား။ အဲဒီတော့ ဗုဒ္ဓဘာသာမြန်မာလူမျိုးတွေမှာ . . .'

'ပေး . . . ပေး'

မမက အေးမြင့်လက်ထဲမှ ပိုက်ဆံကို ဆတ်ခနဲဆွဲယူလိုက် တော့ အေးမြင့်ပြောရင်းတန်းလန်းရပ်သွားပြီး ဝင်းကိုကိုမျက်စပစ်ပြ၏။ ဝင်းကိုက မသိမသာ လက်မထောင်ပြတာတွေ့ရ၍ အေးမြင့်သက်ပြင်းချ သည်။

ပြန်လဲပေးသည့် ပိုက်ဆံကိုခွက်နဲ့ခံယူကာ ထွက်ခဲ့လိုက်တော့ သည်။ ယုတ္တိရှိအောင်လည်း လမ်းမဘက်မထွက်ဘဲ လမ်းထဲသို့နှစ် ယောက်လုံး သုတ်သုတ် သုတ်သုတ်ဝင်သွားတာတွေ့လိုက်ရတော့ ကျွန် တော်ပြုံးလိုက်မိပါတော့သည်။

ခဏနေတော့ ပိုက်ဆံရှင်းပြီး အခြေအနေလေးသိရအောင် အေးမြင့်တို့သွားရာနောက် ထလိုက်ခဲ့လိုက်တော့၏။

www.burmeseclassic.com

တော်ဝင်မြို့စာအုပ်တိုက်

www.burmeseclassic.com



'မလိုက်ဘူးဗျာ'

'လိုက်ခဲ့ . . . မလိုက်လို့မရဘူး'

'တောင်းပန်ပါတယ်ဗျာ မလိုက်ပါရစေနဲ့'

'မရဘူး ဒါမျိုးဘယ်ရမလဲကွ'

မြင်ရတာတော့ တော်တော်စိတ်မချမ်းသာစရာပါ။ အေးမြင့်တို့ကို လူသုံးယောက်ဝိုင်းဆွဲနေကြတာ။ လူသုံးယောက်မှာ နှစ်ယောက်ကလူငယ် တစ်ယောက်က လူကြီး၊ ပြီးတော့ တိုက်ပုံကြီးနဲ့ ကျွန်တော်ရောက်သွားတော့

'ဘာဖြစ်နေကြတာလဲဟင်'

'မောင်ရင်ကဘယ်သူလဲ'

'ကျွန်တော်က သူရပါ . . . ဟိုဘက်ရပ်ကွက်မှာနေတယ် . . အခု ဦးလေး သူတို့ကိုဘာလုပ်နေတာလဲ'

'ဩော် အေး သိချင်ရင်တော့ပြောပြရတာပေါ့ကွာ၊ မောင်ရင်လည်းနောက်ဆိုဒါမျိုးတွေရှောင်လို့ရတာပေါ့ . . . ဒီကောင်တွေက လူလိမ်တွေကွ'

'ဗျာ'

'ဟုတ်တယ် . . . တို့မြန်မာလူမျိုးတွေရဲ့ မွန်မြတ်တဲ့စေတနာ

www.burmeseclassic.com

www.burmeseclassic.com



သဒ္ဒါတရားကို ခုတုံးလုပ်ပြီး ကိုယ်ကျိုးရှာနေတဲ့လူလိမ်တွေ . . .'

ကျွန်တော့်ခေါင်းထဲ ဒိန်းခနဲဖြစ်သွား၏။ အဘိုးကြီးက တိုက်ပုံထဲက လက်ကိုင်ပဝါကြီးကိုထုတ်ပြီး သူ့မျက်နှာက အဆီတွေကိုသုတ်ကာ . . .

'ခုနကတည်းက ငါမသင်္ကာဖြစ်နေတာ . . . ဒါပေမဲ့မသေချာလို့ . . . ဒီလိုပဲ တို့ရပ်ကွက်ထဲမှာ လိမ်ပြီးအလှူလာခံနေတဲ့လူတွေရှိလို့သတိထားကြည့်နေတာကြာပြီ . . . ဘာတဲ့ . . . မင်းကြီးမဟာဓမ္မာရုံဟုတ်လား။ အင်းစိန်မှာ ဘာမင်းကြီးမဟာဓမ္မာရုံမှမရှိဘူး . . . ကဲ . . . ပြောနေကြာတယ် . . . ခေါ်ခဲ့ကွာ'

'လုပ်ပါဦး . . . သူ . . . သူရရာ ငါတို့ကိုကယ်ပါဦးကွာ'

ကြောက်လန့်တကြားရုန်းရင်း ကျွန်တော့်ကိုလှမ်းပြောတော့ အဘိုးကြီးဇဝေဇဝါနှင့် . . .

'မင်း . . . မင်းသူတို့နဲ့သိတယ်ပေါ့'

ငြင်းလည်းရမှာမဟုတ်၍ (ငြင်းရန်လည်းစိတ်ကူးမရှိပါ။ သေတူရှင်မကွာပေါ့)။

'ဒါ . . . ကျွန်တော့်သူငယ်ချင်းတွေပါ'

'ဩော် . . . မင်းတို့ကတစ်ကျိုပ်တည်းတစ်ဉာဏ်တည်းတွေကိုး . . . လာ . . . မင်းပါလိုက်ခဲ့'

'ကျွန်တော်တို့က ဘယ်လိုက်ရမှာလဲ . . . ဦးလေး'

'ရပ်ကွက်ရုံး . . . ထွက်ပြေးမယ်မကြံနဲ့နော်'

အစောကြီးကတည်းက ထွက်ပြေးချင်မှဖြင့် လာတောင်လာနေစရာမလိုဘူးဆိုတာ သိဖို့ကောင်းသည်။ ကျွန်တော်အေးအေးဆေးဆေးပဲလိုက်လာခဲ့လိုက်တော့သည်။ အေးမြင့်တို့ရုပ်တွေကတော့ သေတော့မယ့်ပုံစံနှင့် . . .။

ရုံးကိုရောက်တော့ တိုက်ပုံနဲ့အဘိုးကြီးကပဲစမေး၏။

'ကဲ . . . ပြော . . . မင်းတို့ဘယ်ကလဲ . . . ဘာဖြစ်လို့ဒါမျိုးတွေလုပ်ရတာလဲ'

အေးမြင့်နှင့်ဝင်းကိုက ကျွန်တော့်ကိုလှည့်ကြည့်ကြ၏။ ဒီဇာတ်လမ်းကို ကျွန်တော်စထား၍ ကျွန်တော်ပဲရှင်းမှရပေတော့မည်။

'ဒီလိုပါ ဦးလေးရယ် . . . အခုကိစ္စက ဒီကောင့်ကိစ္စပါ'

ဝင်းကို . . . သူ့ကိုထိုးသော ကျွန်တော့်လက်ညှိုးကို မြွေ

www.burmeseclassic.com

www.burmeseclassic.com



ဟောက်တစ်ကောင်လိုကြည့်ကာ . . .

'ဟင် . . . မင်း . . . မင်း . . . က . . . က'

ကျွန်တော်ဝင်းကို ကိုလက်ကာပြလိုက်ကာစကားကိုဆက်သည်။ ဝင်းကိုမျက်နှာသွေးမရှိတော့ပေ။

'ဖြစ်ပုံက ဒီလိုပါ . . . ဒီကောင့်မှာ အဒေါ်တစ်ယောက်ရှိတယ် ဦးလေးရဲ့၊ အရွယ်ကလည်း (၄၀)ကျော် ငါးနှစ်အတွင်းဆိုတော့ ဟိုင်းနေပြီပေါ့။ ဒါပေမဲ့ အပျိုကြီးဗျ . . . အင်း . . . သူလည်းအသက်ကြီးလာတော့ ဆေးပေးမီးယူလေးရှိချင်လာတယ်ထင်တယ် . . . အဲဒါ . . . ဗေဒင်သွားမေးတာ ဗေဒင်က အပျိုကြီးဘဝကကျွတ်ချင်ရင် သူ့ဆွေမျိုးသားချင်းထဲက လူပျိုယောကျ်ားလေးတစ်ယောက်ကို ဖိုးသူတော်လိုဝတ်ပြီး အလှူခံခိုင်းရမယ်ပြောလို့ . . . အဲဒါ . . . ဒီကောင် သူ့အဒေါ်အတွက်လုပ်ပေးရတာပါ'

'ပေါက်ပေါက်ရှာရှာကွာ . . . ယတြာကအလှူခံရတယ်လို့'

အဘိုးကြီးက မသင်္ကာတဲ့မျက်လုံးနဲ့ မေးနေလို့ဖြည့်စွက်ပြီးထပ်ပြောလိုက်ရသေး၏။

'အဲဒါ . . . ခါတ်ရိုက်လိုက်တဲ့သဘောပဲ ဦးလေးရ . . .၊ အလှူခံတယ်ဆိုတော့ . . . ယောကျ်ားတွေ အလှူလိုကြိတ်ကြိတ်တိုးဝိုင်းကြိုက်မယ်ဆိုတဲ့သဘောပေါ့'

တိုက်ပုံနဲ့အဘိုးကြီး ပထမစဉ်းစားသွားသည်။ နောက်တော့ပြုံးလာသည်။ နောက်ဆုံး သူတို့ကိုကြည့်ကာ . . .

'ဟုတ်တော့ ဟုတ်သားလား . . . ဒါနဲ့ . . . ဘယ်နှရက်လုပ်ရမှာလဲ'

'တစ်ရက်တည်းပါ'

'ပိုင်လှချည်လား'

အဘိုးကြီးတော်တော်စိတ်ဝင်စားလာပုံရသည်။

'ဒီမှာ ငါ့တူတို့ ဦးတစ်ခုပြောမယ်'

အဘိုးကြီးက ဝင်းကိုကိုတစ်ချက်ကြည့်ကာ ငါ့တူတွေဘာတွေ တောင်ဖြစ်လာပြီ။ ပြီးတော့ တစ်ခုခုပြောဖို့လုပ်သည်။ ပြီးမှတစ်ခုခုစဉ်းစားမိပြီး သက်ပြင်းချသည်။ ပြီးတော့ပြော၏။

'ဦးလည်း လူပျိုကြီးပါကွာ'

'ဗျာ'

www.burmeseclassic.com

www.burmeseclassic.com



'အေး . . . သွားတော့ . . . သွားတော့ . . . သွားကြတော့'

တွေတွေကြီးငေးကာပြောတော့ ကျွန်တော်တို့အလိုက်သိစွာ အသာထကာ ထွက်မလို့လုပ်သည်။ အေးမြင့်ကတစ်ခုသတိရသွားဟန်နှင့် . . .

'ဦးမနက်က လက်ဖက်ရည်ဆိုင်မှာ ကျွန်တော်တို့ကို အလှူထည့်သွားသေးတယ်မဟုတ်လား၊ အဲဒါလေးပြန်ယူမယ်ဆို ပြန်ယူ'

အဘိုးကြီးက လက်ကာပြကာ . . .

'မယူတော့ပါဘူးကွာ . . . မင်းတို့အဒေါ်အတွက် ငါထည့်လိုက်ပါတယ်၊ ငါ့တူတို့ရယ် . . . ဒါနဲ့ ငါ့တူတို့ဦးလေးကိုမှတ်ထားဦးနော် . . . ဦးသောင်းအေးတဲ့ . . . ရပ်ကွက်ထဲမှာ ဦးသောင်းအေးဆို လူတိုင်းသိပါတယ် . . . အေး . . . သွား . . . သွား . . .'

'သာဓု . . . သာဓု . . . သာဓု . . . ပါဦးရယ်'

သာဓုခေါ်ပြီးအမြန်လစ်ခဲ့လိုက်တော့၏။ အဘိုးကြီးကတော့ ရီဝေဝေကြီးနှင့်ဆွေးရိပ်သမ်းကျန်ခဲ့လေ၏။ လမ်းရောက်တော့ . . . .

'တော်သေးတာပေ့ါကွာ မင်း . . . တော်တော်ဉာဏ်ကောင်းတာပဲ'

'ဟဲ . . . ဟဲ . . . သူရလေ . . . ဒါမျိုးအသေးအဖွဲ့ပါ။ ဒါနဲ့ . . . မနက်ကအခြေအနေပြောပါဦး'

'အားလုံးအဆင်ပြေတယ် . . . တင်မမထွန်းလုံးဝမရိပ်မိဘူး . . . ရာတန်ပြန်လဲခိုင်းတဲ့အချိန် . . . ဝင်းကိုခြင်းထဲကိုသေချာထည့်ပေးလိုက်တယ်'

'သေချာရဲ့လားကွာ'

ဝင်းကိုက မကျေမနပ်ကြည့်ကာ . . .

'သေချာပါတယ်ဆိုကွာ . . . သိပ်သေချာချင်လည်း မင်းကိုယ်တိုင်သွားပေးပါလား'

ကျွန်တော် ဝင်းကိုတို့ကို တောင်းပန်လိုက်ကာ ရင်ထဲမှာ ပီတိဖြစ်သွားမိပါသည်။

ကျွန်တော့်ရဲ့စာလေးကို တွေ့သွားရင် မမတစ်ယောက် အိတ်ရာလေးပေါ်မှာ ဖတ်မလား၊ အိမ်သာထဲဝင်ပြီး ခိုးဖတ်မလား၊ ဒါမှမ ဟုတ်ကားပေါ်မှာပဲ ဖတ်ကြည့်မလား။

ဖတ်ပြီးသွားပြီးရင် နဖူးပေါ်လက်တင်ပြီး စဉ်းစားမလား၊ လက်

www.burmeseclassic.com

www.burmeseclassic.com



ပေါ်ပဲနဖူးတင်ပြီး မှောက်ရက်ကလေးပဲစဉ်းစားမလား။

ဘယ်လို စဉ်းစား စဉ်းစား ကျွန်တော်ကတော့ နောက်မဆုတ်တော့ဘူးဗျာ . . . ။

www.burmeseclassic.com

www.burmeseclassic.com


မမ။

ငါ . . . . .

ရုပ်ရှင်ဆန်ဆန်ချစ်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



'မင်း

ပေးလိုက်တဲ့ စာအရဆိုရင် နှစ်ပတ်တိတိပေးမယ်ဆိုတော့ (၁၄)ပွင့်ပေါ့'

'အန်း ဟုတ်တယ်'

'သူ မသိအောင်ပေးဖို့ဆိုတာ မလွယ်လှဘူးနော်'

'လွယ်ပါတယ် . . . နည်းတွေရှိတယ်'

'မင်း ဗီဒီယိုတွေထဲကအတိုင်းလျှောက်လုပ်ဦးမယ်မဟုတ်လား'

'မင်းတို့ကလည်း အဲဒီ့အထဲကအတိုင်း တစ်ထေရာကြီးတော့ မဟုတ်ဘူးပေါ့ကွ . . . ကိုယ်တိုင်ခံစားမှုတွေလည်းပါပါတယ်'

'ငါတို့ ပါစရာမလိုတော့ဘူးမဟုတ်လား'

အလစ်ဖမ်းပြီးရှောင်ထွက်သည့်သဘော။ ဒါမျိုးလာလုပ်လို့ ဘယ်ရမလဲ။ သူရ ပဲလေ။

'မင်းတို့ကအဓိက ဇာတ်ကောင်နေရာကကို ပါရမှာ'

'ဟင်'

သုံးယောက်လုံးပြိုင်တူလန့်သွားကြပုံရသည်။ သုံးယောက်ဆို တာက ထွန်းသိန်း၊ အေးမြင့်၊ ဝင်းကို ဟိုနှစ်ယောက် ဘာပြန်ပြောရင် ကောင်းမလဲဆိုတာ စဉ်းစားနေချိန်မှာပဲ ဝင်းကိုက -

'သူရ ငါ အေးအေးနိုင်နဲ့ပြတ်ပြီးစိတ်ညစ်လို့ မင်းဆီရောက်လာ

www.burmeseclassic.com

www.burmeseclassic.com


တာနော် . . . ပျော်လို့ မင်းကိစ္စလာလုပ်ပေးနေတာမဟုတ်ဘူး’

ဒီလိုစကားမျိုးလောက်နဲ့ လျှော့ပေးလိုက်ရင် ကျန်တဲ့ကောင်တွေပါပုန်ကန်ကုန်မှာပေါ့ . . .။ ဝင်းကို ကိုနည်းနည်းစည်းရုံးဖို့တော့လိုပေပြီ။

‘မင်းစိတ်ညစ်နေတာ ငါသိလို့ ဒီလိုလိုက်လုပ်ခိုင်းတာပေါ့ကွာ။ ဘာပဲဖြစ်ဖြစ် အလုပ်ကလေးရှိသွားတော့ စိတ်မလေတော့ဘူးပေါ့။ နောက်ပြီး မင်း အေးအေးနိုင်ကို လိုက်တုန်းကလည်း ငါကူညီပေးတာပဲ’

ဝင်းကို ကျွန်တော့်ကို မလွန်ဆန်နိုင်တဲ့မျက်လုံးလေးတွေနဲ့ လှမ်းကာကြည့်၏။ သူ့တုန်းက ကျွန်တော်ဘယ်လိုကူညီခဲ့တာပြန်တွေးမိသွားပုံရသည်။ ဒီကောင် အေးအေးနိုင်ကို ကြိုးစားနေတုန်းက အေးအေးနိုင်နေသည့် အဆောင်ရှေ့ညတိုင်းဂစ်တာသွားတီးရာ ကျွန်တော်မညည်းမညူကားနဲ့လိုက်ပို့ဖူးသည်။ ဒါကို ကျွန်တော်ရည်ရွယ်လိုက်ခြင်းဖြစ်သည်။

‘အေးပါကွာ . . . ငါအလကားပြောတာပါ’

ဝင်းကို လက်လျှော့သွားတော့ ကျန်တဲ့နှစ်ယောက်ကို အကဲခတ်သလို လှမ်းကြည့်လိုက်၏။ ဟိုနှစ်ယောက်ကတော့ ဘာမှမပြော၊ ခေါင်းတွေကိုသာဖြည်းဖြည်းခါ၍ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၏။ ပြောလည်းရမှာမဟုတ်ဘူးဆိုတာနားလည်ပုံလည်းရပါသည်။

‘မနက်ဖြန် လုပ်ငန်းစမယ်နော် သူငယ်ချင်းတို့’

ပတ်ဝန်းကျင်တစ်ခုလုံး ခဏတာတိတ်ဆိတ်သွားပါတော့သည်။


www.burmeseclassic.com

www.burmeseclassic.com



ဒီ လိုဇာတ်လမ်းမျိုးစတင်သတိထားမိတဲ့ ဇာတ်ကားက 'နှင်းဆီဝိုင်'လို့ထင်သည်။ လွင်မိုးက မင်းသား၊ တင့်တင့်ထွန်းက မင်းသမီး၊ ဦး တုတ်ပေါကြီးက မင်းသမီးစီးတဲ့ကားရဲ့ဒရိုင်ဘာ၊ မင်းသားက မင်းသမီး မသိအောင်သူမစီးတဲ့ကားမှာ နှင်းဆီပန်းကို နည်းမျိုးစုံနဲ့ကပ်၊ ဒါကို မင်းသမီး (တင့်တင့်ထွန်း)က ဦးတုတ်ပေါကြီးနဲ့ ပေါင်းပြီး ဖမ်း . . . ဒါမျိုး . . . ။

အခု ကျွန်တော့်ဇာတ်လမ်းအဖွင့်ကိုလည်း အဲဒီဇာတ်ကားထဲကအတိုင်းလုပ်ဖို့စဉ်းစားမိ၏။ အခြေအနေကလည်း အဲဒီလိုဖြစ်နေ၏။ ဇာတ်ကားထဲကအတိုင်းတစ်ထေရာကြီးမဟုတ်သော်လည်း တော်တော်ဆင်နေသည်။

မမက ကျောင်းကိုကားနဲ့လာသည်။

ထုံးစံအတိုင်း ကိုယ်တိုင်မမောင်း၍ ဒရိုင်ဘာပါ၏။

ဒါကိုလည်း အစောကြီးကတည်းက သိပြီးသားဖြစ်၍ ဟိုကောင်တွေနဲ့လည်းညှိပြီးပြီ။

ဟိုကောင်တွေက လုပ်ချင်တာလုပ် မင်းသဘောတဲ့ . . . ။

ဇာတ်လမ်းစဖို့ ရန်ကုန်တက္ကသိုလ်ထဲကို မနက်ကတည်းက ထွက်လာလိုက်၏။ မမတို့ ဘွဲ့လွန်တက်နေတဲ့ အဆောင်တွေရဲ့ခပ်လှမ်း

www.burmeseclassic.com

www.burmeseclassic.com



လှမ်းမှာစောင့်နေလိုက်သည်။

ခဏကြာတော့ သူမ အိမ်ကကားလေးနှင့်ရောက်လာ၏။ ဆင်းသွားပြီး ကော်ရေတာအတိုင်းလျှောက်သွားသည်။ ဒရိုင်ဘာက ကားကို အပင်ရိပ်တစ်ခုအောက်မှာသွားထိုး၏။

အရင်ဆုံး ဒရိုင်ဘာကိုလေ့လာလိုက်သည်။ ဦးတုတ်ပေါကြီး လို ဝဝစိုစို မဟုတ်၊ ပိန်ပိန် ညှောင်ညှောင်နှင့် အိမ်မြှောင်ဝမ်းလျှောနေ တဲ့ရုပ်ပေါက်ကာနေ၏။ မျက်လုံးက ကြောင်စီစီနှင့် ဆေးပေါ့လိပ်ကို လည်းကိုင်ထားတာတွေ့ရ၏။ ကျွန်တော် ဖျတ်ခနဲအကြံတစ်ခုရသွား ကာ . . .

'အေးမြင့် . . . အဲဒီ့ငဖောင်ရိုးဆီသွားပြီး ဆေးလိပ်မီးသွား ညှိကွာ . . . ပြီးရင်စကားမရှိစကားရှာပြောပြီး အာရုံလွှဲထား . . . ငါရ အောင်ကပ်မယ်'

အေးမြင့် ကျန်တဲ့ကောင်တွေကို မျက်လုံးတစ်ချက်ဝေ့ကြည့် လိုက်၏။ ဝင်းကိုနဲ့ ထွန်းသိန်းတို့ကလည်း မထူးပါဘူးကွာဆိုတဲ့ မျက်နှာ ပေးနဲ့

'ချကွာ . . . လာသွားမယ်'

အားလုံးဒရိုင်ဘာ ငဖောင်ရိုးဆီလှမ်းသွားကြပါတော့သည်။ ကျွန်တော်သာ အပင်လေးကိုကွယ်ရင်း အခွင့်ကောင်းကိုစောင့်နေလိုက် တော့၏။ လက်ထဲမှာနှင်းဆီပန်းကလေးက အဆင်သင့်။

အေးမြင့် ဒရိုင်ဘာ နားကိုအသာကပ်သွားကာ အိတ်ကပ်ထဲ ကဆေးပေါ့လိပ်ကိုထုတ်ပြီး . . .

'အစ်ကိုကြီး . . . ဟီး . . . ဟီး'

ဒရိုင်ဘာ ပုဂ္ဂိုလ်က အေးမြင့်တို့ကိုကြောင်တက်တက်နှင့် ကြည့်ကာ . . .

'ဘာလဲ . . . ကိုယ့်လူတို့'

'မီးလေးတစ်တို့လောက်ပေးပါလားလို့လာတောင်းတာပါ'

ဒရိုင်ဘာက သူ့ဆေးလိပ်ကိုကြည့်သည်။ အေးမြင့်တို့ကိုကြည့် ၏။

'ကိုယ်လည်းမီးခြစ်မပါလာဘူးကွ . . . အဲဒါ ဘယ်မှာညှိရင် ကောင်းမလဲစဉ်းစားနေတာ'

အေးမြင့်ဆေးလိပ်တန်းလန်းနှင့် အကျပ်ရိုက်သွားပုံပင်။ သို့



www.burmeseclassic.com

www.burmeseclassic.com

သော်ထွန်းသိန်းကအကြံရသွားကာ
‘ဒါဆို ကျွန်တော်တို့လည်း မီးညှိဖို့လိုက်ရှာနေတာ အစ်ကိုကြီး ရ . . . ဆေးလိပ်ကလည်းသောက်ချင် မီးခြစ်ကလည်းပါမလာတော့ ဒုက္ခတော်တော်ရောက်နေတာ . . . အဲဒါဆိုဒီလိုလုပ် . . . အစ်ကိုကြီးနဲ့ ကျွန်တော်တို့ မီးခြစ်လိုက်ရှာရအောင်ဗျာ’
ဒရိုင်ဘာက ပထမတော့ ခပ်တွေတွေဖြစ်နေသေး၏။ နောက်တော့ သူလည်းဆေးလိပ်တော်တော်သောက်ချင်နေ၍ အဖော်ရှိတုန်းလေးလိုက်ညှိလိုက်ဦးမည်ဆိုပြီးပါသွားတော့သည်။
သူတို့ခပ်ဝေးဝေးရောက်သွားတယ်ဆိုရင်ပဲ ကျွန်တော်ဇာတ်လမ်းစတော့၏။
ကားနားကိုအသာကပ်သွားလိုက်သည်။ အရင်ဆုံးပန်းကိုဘယ်နားမှာကပ်ရမလဲ စဉ်းစားကြည့်၏။ ညာဘက်တံခါးမှာလား ဘယ်ဘက်တံခါးမှာလား၊ မမက နောက်ခန်းမှာထိုင်တာတော့ ကြိမ်းသေသည်။ သို့သော် ဘယ်ဘက်ကဝင်မှာလား ညာဘက်ကဝင်မှာလားဆိုတာ မခန့်မှန်းတတ်၊ အကောင်းဆုံးက ကားတံခါးဖွင့်ပြီး အနောက်ခန်းခုံမှာကပ်ထားလိုက်တာ အသေချာဆုံးဖြစ်လေသည်။
ပတ်ဝန်းကျင်ကိုနောက်ဆုံးတစ်ကြိမ်လှေ့လာလိုက်သည်။ အေးမြင့်တို့တော်တော်ဝေးဝေးက ဆေးလိပ်လိုက်ရောင်းသည့်ကောင်လေးဆီမှာ မီးညှိနေတာတွေ့ရ၍ အမြန်ကိစ္စဖြတ်မှ သင့်တော်တော့မည် ဖြစ်၍ နောက်ခန်းတံခါးကို ဆတ်ခနဲဆွဲဖွင့်လိုက်ပါတော့သည်။
‘တွီ . . . တွီ . . . တွီ . . . တွီ’
‘တွီ . . . တွီ . . . တွီ . . . တွီ’
‘ဟင် . . . ’
ရုတ်တရက်ထွက်လာသော အသံကြောင့်တံခါးဖွင့်နေရင်း တန်းလန်းကြောင်တောင်တောင်ဖြစ်သွား၏။ နောက်မှသဘောပေါက်သွားကာ ဖင်ဒရွတ်ဆွဲအောင်လန့်သွား၏။ မြည်နေတဲ့အသံက ကားမှာတပ်ထားသော ဘဲလ်ကထမြည်ခြင်းပင်။ ကျွန်တော်သတိတစ်ချက်လစ်သွားသည်။ ဒီလိုကားမျိုးမှာ ဒီလိုသူခိုးဖမ်းတဲ့ ဘဲလ်တွေတပ်ထားတတ်တာ ကျွန်တော်သိဖို့ကောင်းသည်။ အခုတော့ ဒုက္ခရောက်ပြီ။
ကျွန်တော်ပြူးပြူးပြာပြာနှင့် အေးမြင့်တို့ရပ်နေတဲ့နေရာသို့ကြည့်လိုက်၏။ ဒရိုင်ဘာ ကားဆီသို့ဒရောသောပါးပြေးလာတာတွေ့လိုက်

www.burmeseclassic.com

www.burmeseclassic.com



ရ၏။ ခက်ပြီ။

'ဟော့ . . . ဟော့ . . . မင်းဘယ်သူလဲ . . . မပြေးနဲ့ . . . မပြေးနဲ့ . . . ငါအော်လိုက်မှာနော်'

ဒရိုင်ဘာ ကျွန်တော့်ကိုတွေ့သွားပြီ၊ မိသွားလို့မဖြစ်၊ သူမပြေးနဲ့ လို့ပြောမှ ကျွန်တော်သတိရသွားတော့သည်။

'ဟော့ . . . ဟော့ . . . မပြေးနဲ့ဆို . . . ဟော့ကောင် . . . ဟာ . . . ဒီမှာဗျို့ . . . ဒီမှာ . . . '

'. . . . .'

'. . . . .'

ပတ်ဝန်းကျင်လူရှင်းနေ၍ တော်ပါသေးသည်။ ကျွန်တော်ရပ်ထားတဲ့ကားဆီခြေကုန်သုတ်ကာ နောက်တောင်လှည့်မကြည့်တော့ပေ။ အေးမြင့်တို့တော့ ကျွန်တော့်ကိုကျိန်ဆဲ၍ ကျန်ခဲ့ပေတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါခံလိုက်ရသောကိစ္စမှာ တိုက်စစ်ကျိုးသွားပြီဟုပြောလို့ရသည်။ တစ်ခါလုပ်တစ်ခါမိသွားပြီ။ ဘာဆက်လုပ်လို့လုပ်ရမှန်းတောင် မသိတော့ပေ။ ရုပ်ရှင်တွေထဲမှာကျတော့ လွယ်ပြီး အပြင်မှာတော်တော် ခက်ကြောင်း အခုမှသဘောပေါက်မိ၏။ 'မမ'လည်းဒီသတင်းကို ကြားသွားပုံရသည်။ နှင်းဆီပန်းကိစ္စကိုတော့ သိပုံမပေါ်။ သူ့ကားကို လူတစ်ယောက်တံခါးဖွင့်ပြီး တစ်ခုခုလုပ်တာ လောက်တော့ သိသွားပုံရ၏။ လုံခြုံရေးကို ဒရိုင်ဘာက နှစ်ဆတင်းကြပ်သွားပြီ။ ဇာတ်ဆုံးပြီ။ ကားမှာ ပန်းလေးတွေသွားသွားထားဖို့ ဇာတ်ကတော့ဆုံးလေပြီ။

'မင်းဒီလောက် အရူးထနေရင်တစ်ခုလုပ်လို့ရတယ်'

ကျွန်တော်အေးမြင့်ကို လှမ်းကြည့်မိ၏။

'ငါမနေ့ကကြည့်တဲ့ ဗီဒီယိုကားမှာ မင်းသားက မင်းသမီးကို မရတဲ့အဆုံး ဘာလုပ်တယ်ထင်လဲ'

'ဘာလုပ်လဲ'

'မင်းသမီးမောင်းလာတဲ့ကားရှေ့ မှောက်ရက်လှဲချလိုက်တာကွ'

ဒီကောင်တွေ ကျွန်တော်မျက်နှာကို မြင်နေရတာငြီးငွေ့သွားပြီလားမသိပေ။ ဘဝပါတစ်ခါတည်းအဆုံးသတ်ပေးတော့မည့်ပုံပင်။

www.burmeseclassic.com



'ဟုတ်တယ် . . . အဲဒါနဲ့ မင်းသမီးလေးက သူ့ကားနဲ့တိုက်မိသွားလို့ဆိုပြီး မင်းသားလေးကို သူ့အိမ်ခေါ်သွားပြီး ဆေးကုပေးရော . .။ အဲဒီ့မှာတင် မင်းသားလေးကိုသနားသွားပြီး ချစ်သွားရောကွ'

'မင်းလည်း အဲဒီလိုလုပ်ကြည့်ပါလား သူရ။ ဘာပဲဖြစ်ဖြစ်ချစ်တာပဲ . . . နည်းနည်းတော့ရင်းရမှာပေါ့'

သူငယ်ချင်းတွေကတော့ အပြတ်အားပေးသည်။ ကားတိုက်ခံရမယ့်ကိစ္စကို ပန်းနဲ့ပေါက်တာလောက်အောက်မေ့နေလားမသိ။ တစ်ခါတည်းသေသွားလည်း နားအေးတာပဲဆိုသည့်လုပ်ပေါက်တွေလည်းပါ၏။ သို့သော် နည်းနည်းတော့စိတ်ဝင်စားမိသည်။ မကျိုးမပဲ့ဘူးဆိုလျှင် ဒီနည်းလမ်းလေးကမဆိုး၊ နောက်ဆုံးပြန်မချစ်ရင် တရားစွဲပစ်မယ်တွေ ဘာတွေလုပ်ပြီး အကျပ်ကိုင်လို့တောင်ရသည်။ သို့သော် အတိုက်ခံရမှာက ကားဖြစ်နေ၍ လက်တွန့်နေမိ၏။

'မင်း ကြောက်နေတာလား သူရ'

'ဟာ . . . ကြောက်တာပေါ့ကွ . . . အတိုက်ခံရမှာက ကား . . . ဆိုက်ကားမဟုတ်ဘူး . . . အခန့်မသင့်ရင် တစ်ခါတည်းအသက်ပါသွားမယ်'

'ငါတို့လည်း မင်းကို မျက်နှာလွှဲခဲပစ် ဘယ်လုပ်ခိုင်းပါ့မလဲ သူရရာ . . . ငါတို့မှာ အကြံရှိတယ်'

'အကြံ'

'အေး . . .'

'ငါတို့ပြောတဲ့အတိုင်းသာလုပ်မင်းနဲ့ မမနဲ့ပွဲသိမ်း'

ကျွန်တော့်စိတ်ထဲမရိုးမရွဖြစ်လာပြီ . . .။

'အဲဒါဆို ဘာလဲဟင် . . . အားကိုးပါရစေ သူငယ်ချင်းတို့ရာ'

'ဒီတစ်ခါတော့ မင်းတစ်ယောက်တည်းလုပ်ရမှာနော်၊ ငါတို့က ကူညီပေးရုံပဲ . . . ကားကိုလူစားထိုးအတိုက်ခံလို့ရတဲ့ကိစ္စမဟုတ်ဘူး'

'အေးပါကွာ . . . ပြောမှာသာပြောစမ်းပါ'

အေးမြင့်၊ ထွန်းသိန်းနဲ့ ဝင်းကို တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကြသည်။ ပြီးမှ ထွန်းသိန်းက . . .

'မမ ကားလာတာနဲ့ မင်းကစက်ဘီးစီးနေရင်း ကားရှေ့လဲချင်ယောင်ဆောင်လိုက်။ ကားက မင်းကိုတိုက်မိတာနဲ့ လိပ်ခေါင်းထဲကမတတ်အော်ဟစ်၊ မထနိုင်တော့ဘူးကျိုးပြီ၊ ပဲ့ပြီဆိုပြီးလိုအပ်တာထက်ဟန်

www.burmeseclassic.com

www.burmeseclassic.com



ဆောင်။ အဲဒီမှာ မမက မင်းကိုဆေးကုပေးလိမ့်မယ် . . . အနည်းဆုံး မမနဲ့ မင်းတစ်ပတ်လောက်တော့ အနီးကပ်တွေ့ခွင့်ရမှာပဲ . . . အဲဒီမှသေချာဖွင့်ပြော၊ မင်းကိုလည်း သူသနားလာအောင် မူယာမာယာတွေသုံးပေါ့ကွာ'

'ပြောသလိုလုပ်လိုက်လို့ဟုတ်ပါပြီ . . .၊ ကားက ငါ့ကိုမတော်တဆ တကယ်တိုက်မိသွားတော့ ဘယ်လိုလုပ်မလဲ'

သုံးယောက်လုံး ကျွန်တော့်ကိုကြည့်ကာ တဟားဟားထရယ်ကြသည်။ ရယ်လို့ဝသွားကြတော့မှ . . .

'အဲဒါ ငါတို့စီစဉ်မယ် . . . မင်းအသာနေ'

'ဘယ်လိုစီစဉ်မှာလဲ'

'ဟဲ . . . ဟဲ . . . မင်းသာ ငါတို့နောက် ရေလိုက်ငါးလိုက် လေးလိုက်ခဲ့စမ်းပါ သူရ ရာ'

www.burmeseclassic.com

တော်ဝင်မြို့စာအုပ်တိုက်

www.burmeseclassic.com



တော် တော်တော့ ဒုက္ခရောက်နေပြီ။ ဒီတစ်ခါ ဇာတ်လမ်းကို ဦးဆောင်သူက ကျွန်တော်မဟုတ်ဘဲ ဟိုကောင်တွေ ဦးဆောင်နေသည်။ နည်းနည်းလန့်သော်လည်း အစီအစဉ် ပြောပြတော့မဆိုးလှ၍ လက်ခံလိုက်မိ၏။ အခုလည်း နှစ်ရက်လောက် ပျောက်သွားရာမှ အိမ်ရောက်လာ၍ ကျွန်တော့်ကိုလာခေါ်ကြ၏။

'အဆင်ပြေတယ် ငါတို့ညှိပြီးပြီ . . . ပထမတော့ အင်တင်တင်လုပ်နေတာပေါ့ကွာ . . . ဒါပေမဲ့ ခင်ဗျားကြိုက်သလောက် ညှိပြီး ပေးပါ့မယ်ဆိုတော့ . . . နည်းနည်းပျော့သွားတယ်ကွ . . . နောက်တော့ကာယကံရှင်နဲ့သေချာတွေ့ပြီး စကားပြောချင်တယ်ပြောတာနဲ့ မင်းကိုလာခေါ်တာ'

'သေချာလို့လားကွာ . . . မင်းတို့သေချာပြောပြရဲ့လား'

'ဒါမျိုးက မသေချာဘဲ မင်းကိုလာခေါ်မလားကွ . . . သူ့ကိုလည်းအစီအစဉ်ပြောပြီးပြီ . . . အဲဒါ မင်းနဲ့တွေ့မယ်တဲ့'

'မင်းတို့ ငါဆီမလာတဲ့ နှစ်ရက်လုံးဒီကိစ္စလုံးပမ်းနေတာပေါ့'

'အေးပေါ့ကွ'

'ဒီတစ်ခါ မင်းတို့ကြိုးစားလှချေလား'

www.burmeseclassic.com

www.burmeseclassic.com



'မင်းနဲ့တင်မမထွန်း အဆင်ပြေသွားရင် ငါတို့ဒီဝင္ဍကကျွတ်သွားတာပေ့ါကွာ . . . ဒါကြောင့် လုပ်ပေးနေတာ'

ကျွန်တော်အဝတ်အစားလဲပြီး ဒီကောင်တွေနောက်လိုက်ခဲ့လိုက်တော့သည်။ ဒီကောင်တွေအရည်အချင်းကိုတော့ ကျွန်တော်ယုံသည်။ တစ်ခုခုတော့ အပိုင်ကိုင်ထားနိုင်၍ ကျွန်တော့်ကိုလာခေါ်တာဖြစ်လိမ့်မည်။

ချိန်းထားဟန်တူသော စားသောက်ဆိုင်တစ်ခုသို့ရောက်တော့ စားပွဲဝိုင်းတစ်ခုမှ လူတစ်ယောက်က လက်လှမ်းပြတာတွေ့ရ၏။ ထိုလူကလည်း ကျွန်တော်တို့ သူ့ဆီကိုချိန်းသေရောက်လာမယ်ဆိုတာကြိုတွက်ထားပုံပင်။ စားစရာတွေအပြင် ဘီယာလေးတောင်မှာသောက်ထားလိုက်သေး၏။

'ဩော် . . . ဟော . . . ဟော . . . ဘယ်သူလဲမှတ်တယ် . . . မင်းကိုး'

'အဟဲ . . . ဟုတ်ပါတယ် . . . နေကောင်းတယ်နော် အစ်ကိုကြီး'

'အ . . ဟေး . . . ဟေး . . . ဟေး . . . ကောင်းပ့ါကွာ . . . ကောင်းပ့ါ . . . ဒါနဲ့ဟိုတစ်ခါ ငါ့ကားကိုတံခါးဖွင့်ပြီး မင်းဘာလုပ်တာလဲ'

'အဲ . . . အဲဒါ . . . ဟို . . . ဟိုဟာလေ . . . အဟဲ . . . လူပျိုကိစ္စ . . . အဟီး'

'ပေါက်ပြီ . . . သဘောပေါက်ပြီ . . . မင်းနဲ့ဒီကောင်တွေအဲဒီ့တုန်းက တစ်ဖွဲ့ထဲမှန်းမသိလို့ပါကွာ နောက်မို့ဆိုမသိချင်ယောင်ဆောင်နေပါတယ်'

'အဲဒီ့ကိစ္စ မမသိသွားတယ်ဆို'

"မမ . . . ဩော် တင်မမထွန်းလား . . . သိသွားတာပေ့ါကွငါပြောပြလိုက်တာကိုး . . . နောက်ဆိုသတိထားတဲ့၊ သူ့ကိုအမြဲလိုက်နှောင့်ယှက်နေတဲ့ လူတစ်ယောက်ဖြစ်လိမ့်မယ်လို့ပြောတယ် . . . အေ့ . . . အဲ . . . အဲဒါ မင်းမဟုတ်လား'

'ကျွန်တော်ကနှောင့်ယှက်တာမဟုတ်ပါဘူး . . . ချစ်တာပါ'

'ဟား . . . ဟား . . . ကြိုက်သွားပြီကွာ . . . အေ့ . . . အချစ် . . . အချစ် . . . ဟုတ်တယ် . . . တင်မမထွန်းနဲ့ အေ့ . .



www.burmeseclassic.com

www.burmeseclassic.com



မင်းနဲ့ဆိုကွက်တိပဲ'

'ဗျာ . . .'

'သြော် . . . အဟဲ . . . ကွက်တိဆိုတာ ရှေ့သွားနောက်လိုက်ညီတယ်လို့ပြောတာကွ'

'သြော်'

အခုထိလိုရင်းကိုမရောက်သေး။ ဒီ ဒရိုင်ဘာ ငဖောင်ရိုးက ဘီယာလေးနည်းနည်းဝင်သွားတော့ အာသွက်လျှာသွက်ဖြစ်လာပြီး အချစ်အကြောင်းတရားဆက်ဟော၏။ သူ့မှာ ငယ်ငယ်တုန်းက ရည်းစားဦးပစ်သွား၍ ဘယ်လောက်ခံစားရကြောင်းကစ၍ နောက်ဆုံးသူဌေးတစ်ယောက်အိမ်မှာ ခြံစောင့်ဝင်လုပ်ရင်း ထိုသူဌေးအိမ်က ဆွေမျိုးမကင်းအပျိုကြီးကိုကြံမိရာက အလုပ်ပြုတ်လာကာနောက်ဆုံးမမတို့အိမ်မှာ ဒရိုင်ဘာလာလုပ်နေရသည်အထိ သူ့ဘဝဇာတ်ကြောင်းပြောကာပြ၏။ စကားဆုံးတော့ ဘီယာတစ်ဂျားလည်းချောပေပြီ။ နောက်တစ်ဂျားထပ်မှာ၍ ကျွန်တော်တို့ဘက်ငဲ့ကြည့်၏။

'မင်းတို့လည်း နည်းနည်းပါးပါးချလေကွာ . . . လာပါ . . . ကမ်းမွန်း . . . တစ်ခွက်တစ်ဖလား . . . အိုကေ'

အေးမြင့်က ခွက်သုံးခွက်ပာလှမ်းမှာလိုက်၏။ ဝင်းကိုက လာချပေးသော ဘီယာဂျားကိုလှမ်းကိုင်လိုက်သည်။ ကျွန်တော်လည်း မထူးတော့၍ နောက်ဆုံး ချီးယပ်(စ်)လုပ်လိုက်ပါတော့သည်။

'အစ်ကိုကြီး ကားနဲ့တိုက်ပေးရမှာ ဒီကောင့်ကိုပဲ'

အေးမြင့်က လှမ်းပြောတော့ ခွက်ကိုငွပ်ခနဲချပြီး လေးတွဲနေသည့် မျက်ခွံများအောက်က ကျွန်တော့်ကိုလှမ်းကြည့်ကာ . . .

'ရတယ် . . . အေ့ . . . အဲ . . . ဘယ်လိုပုံစံအတိုက်ခံချင်လဲပြော . . . ဒါပေမဲ့ . . . ဟဲ . . ဟဲ . . . အလုပ်သဘောအရတော့ ဒါလေးနည်းနည်းပါးပါးညှိပေးပေါ့ ကိုယ့်ညီရာ'

လက်ညှိုးနဲ့လက်မပိုင်းပြ၍ ကျွန်တော်ဝင်ပြောလိုက်ပါသည်။

'ကျွန်တော် ငါးသောင်းပေးမယ်ဗျာ . . . ကျွန်တော့်ကိုသာ အန္တရာယ်ကင်းကင်းဖြစ်အောင်သာတိုက်ပေး . . . အဲ . . . ကုန်ကုန်ပြောမယ်၊ လေဟပ်လိုက်ရင်တောင်ပြီ ကျနတာ ကျွန်တော့်ဟာ ကျွန်တော်နှစ်ပတ်သုံးပတ်လိမ့်ပြီးလှဲချလိုက်မယ် . . . ပွန်းရုံ . . . ပဲ့ရုံလောက်ဆိုရပြီဗျာ'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စကားကိုနားထောင်ရင်း လက်ကျန်လေးကိုရှင်းလိုက်ပြီး မော့ကြည့်ကာ . . .

'ရတယ် . . . စိတ်ချ . . . အားလုံးညီလေးပြောတဲ့အတိုင်းဖြစ်စေရမယ် . . . ဒါနဲ့ ဘယ်နေ့လုပ်မှာလဲ'

'မနက်ဖြန် . . . ညနေ မမ ကျူရှင်ပြန်လာတဲ့အချိန် လုပ်ငန်းစမယ်'

' OK . . . ချီးယပ်(စ်)'

'ချီးယပ်(စ်)'

နောက်ဆုံးစကားနှင့်အတူ နောက်ဆုံးခွက်ကိုတစ်ခါတည်းမော့လိုက်ကြတော့သည်။ အစီအစဉ်တွေအားလုံးကိုတော့ အေးမြင့်တို့ကပြောပြီးဖြစ်၍ ဒီလောက်ဆိုလုံလောက်ပြီ။ ဒရိုင်ဘာ ငတိလည်း ကျွန်တော်ဘာကြောင့် ဒီလိုလုပ်ရလဲဆိုတာ သိပြီးလောက်ပြီ။ ထို့ကြောင့် . . .

'ရော့ အစ်ကို . . . ငါးသောင်း'

ကျွန်တော် ငါးရာတန်တစ်အုပ် ထိုလူရှေ့ချပေးလိုက်တော့ မျက်စိနှစ်လုံးဝင်းဝင်းတောက်သွားကာ

'ကျေးဇူးပဲ . . . မင်းစိတ်ကြိုက်ဖြစ်စေရမယ် စိတ်ချ'

ကျွန်တော်ပြုံးပဲ ပြုံးပြလိုက်၏။

ကျွန်တော်ယုံပါသည်။ သူ ငါးသောင်းနဲ့တန်အောင်တော့ အစွမ်းကုန်လုပ်ပေးပါလိမ့်မည်။ ပြီးတော့ ကျွန်တော့်အသက်ကလည်း ထိုငွေငါးသောင်းထက်များစွာတန်ဖိုးရှိ၍ ဒီငွေလောက်တော့ ကျွန်တော့်ဘက်ကတန်၏။

မမ ကိုချစ်ရတာ ဤသို့အသက်အန္တရာယ်လည်းနီးပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုး တဖျောက်ဖျောက်ကျနေသည်။ လေတိုက်လိုက်တိုင်း မိုးရေစက်တို့အယိုင်ပြေးလွင့်ထွက်သွားကြ၏။ မိုးသံ၊ လေသံ၊ သစ်ရွက်ညည်းသံတို့ ပတ်ဝန်းကျင်ကိုဖုံးလွှမ်းထားသည်။ မကြာမီလုပ်ငန်းစတင်ရတော့သည်။

'ဒီနေ့မှကွာ . . . ဒီမိုးကလည်းလာရွာနေတယ်'

'ဘယ်တတ်နိုင်မလဲ . . . သဘာဝပဲ'

'မင်းတကယ်တိုက်မိသွားလို့သေသွားရင် ငါတို့ငိုရမလားဟင်'

'ဟော့ကောင် အေးမြင့် . . . မင်းကွာ . . . လွဲပါစေဖယ်ပါစေ'

'ဟား . . . ဟား . . . ငါအလကားနောက်တာပါကွာ . . . အားလုံးသေချာစီစဉ်ထားတာပဲ အဆင်ပြေမှာပါ'

ကျွန်တော် ဒီကိစ္စမှာတော်တော်လေး ရင်ခုန်နေမိ၏။ အခြေအနေကနည်းနည်းလေးမှလွဲချော်လို့မရသည့်အနေအထား။ အရင်က ကိစ္စတွေနှင့် လုပ်ငန်းစဉ်ချင်းတူသော်လည်း လုပ်ပုံလုပ်နည်းချင်းက တခြားစီ။ တစ်ခုခုလွဲချော်သွားရင် ကိုယ့်အပြစ်နဲ့ကိုယ်သာ . . .။

'သူရ . . . နာရီလေးဘာလေးကြည့်ဦး . . . အဆင်သင့်လုပ်ထားလို့ရအောင်'

www.burmeseclassic.com

www.burmeseclassic.com



လက်ကနာရီကိုကြည့်လိုက်သည်။

'လိုသေးတယ် . . . နောက် (၁၅)မိနစ်လောက်စောင့်ရဦးမယ်'

လူက, လေးယောက်၊ ထီးကနှစ်ချောင်းပဲပါလာတော့ မလုံလောက်။ ကျွန်တော့်ကိုယ်တစ်ခြမ်းလုံး ရေတွေရွှဲနစ်နေပြီ။ ဟိုကောင်တွေလည်း တော်တော်စိုရွှဲနေပြီဆိုတာသိရသည်။ ဒါတောင်ထီးကို လိုရမယ်ရယူလာ၍တော်သေး၏။

'မိုးပိုသည်းလာပြီကွ သိလား . . . တော်တော်တောင်မှောင်လာပြီ'

'မှောင်မှာပေ့ါ မိုးရိပ်ကျနေတာကိုး'

'အေးကွာ . . . အရေးထဲဒီမိုးကလည်း'

'သူရ . . . လာပြီထင်တယ်'

ထွန်းသိန်းအသံကြား၍ လမ်းဘက်သို့လှမ်းမျှော်ကြည့်လိုက်သည်။ ကားတစ်စီး . . .

'သေချာဖို့များတယ်ကွ ငါတစ်ချက် အကဲသွားခတ်လိုက်မယ် . . . ဟုတ်ရင် တစ်ခါထဲလုပ်ငန်းစလိုက်မယ်၊ မင်းတို့အဆင်သင့်ပြင်ထား'

'အေး . . .'

'စိတ်ချမယ်နော်'

'ကားနံပါတ်လည်းသေချာဖတ်ဦး . . . မဟုတ်လို့တစ်ခါတည်းသေနေဦးမယ်'

ပြိုင်ဘီးကိုတစ်ချက်တော့ နင်းပြီးထွက်ခဲ့လိုက်တော့သည်။

ကိစ္စမြန်မြန်ပြီးချင်ပြီ။

လူလည်းချမ်းလှပြီ။

ခပ်ဝေးဝေးကလှမ်းကြည့်တော့ ဟုတ်သလိုလိုရှိသော်လည်း တခြားကားတစ်စီးဖြစ်နေ၍ လမ်းဘေးသစ်ပင်ရိပ်အောက်မှာပဲ စက်ဘီးကိုရပ်လိုက်ရတော့၏။

ဟိုကောင်တွေဆီတော့ မပြန်တော့ . . .။ ဒီနေရာကပဲ စောင့်တော့မည်။ အချိန်လည်းနီးပြီ . . .

'. . . . .'

'. . . . .'

'. . . . .'

www.burmeseclassic.com

www.burmeseclassic.com



ဟော . . . ကားတစ်စီး၊ မြင်လိုက်ရတာနှင့် စိတ်ထဲမှာ နွေးခနဲဖြစ်သွား၍ ဒီကားပဲဆိုတာ အလိုလိုသိလိုက်၏။ မျက်နှာပေါ်ကျလာသော မိုးရေစက်တွေကို ဖယ်ရှားကာစက်ဘီးကို အသာနင်းထွက်သွားလိုက်ပါတော့သည်။

သေချာသည် 'မမ'ကား။ ကားထဲက လူရိပ်ကသိပ်မသဲကွဲသော်လည်း ဒီကားမှဒီကားအစစ်။ ဒီအချိန် 'မမ'ကျူရှင်ပြန်နေကျ စုံစမ်းစရာမလိုတော့လောက်အောင် အဖြေကတိကျနေ၍ စိတ်ကိုချက်ချင်းတင်းပစ်လိုက်တော့၏။

တစ်ကိုယ်လုံးအားအင်တွေ လက်နှစ်ဖက်နှင့်ခြေနှစ်ဖက်ကို ပို့ဆောင်လိုက်ကာ စက်ဘီးကိုကားဆီသို့ ဦးတည်ပစ်လိုက်ပါတော့သည်။

ကားက ကွေ့နတ်တော်လာနေတာမြင်တော့ ညာဘက်ရှောင်မလိုလုပ်သည်။ ဒရိုင်ဘာ ငဖောင်ရိုးရဲ့ဟန်ဆောင်မှု၊ ညာဘက်လိုက်တည်တော့ ဘယ်ဘက်ရှောင်မလိုလုပ်သည်။

နောက်ဆုံး စက်ဘီးရောလူပါ ကားရှေ့ထိုးထည့်ပစ်လိုက်တော့၏။

အရင်ဆုံးကြားရသောအသံမှာ ကားဘရိတ်အုပ်သံ . . .

'ကျွီ'

'ဒုန်း'

'ဖရော . . . ဖရော . . . ဒုတ် . . . ဖရူး'

'ခွပ်'

'. . .'

'. . .'

www.burmeseclassic.com

www.burmeseclassic.com



'တောင်းပန်ပါတယ် ညီလေးတို့ရယ် နောက် ဒီလိုမဖြစ်စေရတော့ပါဘူး'

သွားနှစ်ချောင်းကျိုးသွားသည်။ လက်ဖျံအရိုးအက်သွားပြီး နောက်စေ့မှာ လေးချက်လောက်ချုပ်လိုက်ရ၏။ တစ်ရက်လုံးလုံးသတိလစ်နေပြီး ဒီအခြေအနေရောက်လာအောင် မနည်းဆေးကုယူလိုက်ရသည်။

'အစ်ကိုလည်း မင်းတို့ကို သတင်းပေးမလို့ ဘယ်လိုဆက်သွယ်ရမလဲစဉ်းစားသေးတယ်။ ဘယ်လိုက်ပြောရမှန်းမသိလို့ အခုလိုဖြစ်သွားရတာပါကွာ'

ငဖောင်ရိုးမျက်နှာ မီးခြစ်ဆံခေါင်းလောက်ပဲရှိတော့သည်။ ကျွန်တော်အခုလိုဖြစ်သွားတာ သူ့အပေါ်တာဝန်လုံးလုံးရှိတယ်ဆိုတာ သူသိပုံရသည်။ သို့သော် ကိုယ့်အပြစ်နဲ့ ကိုယ်မို့သာ ကျွန်တော်လည်း မပြောသာပေ။ အားလုံးက ဘယ်သူမပြု မိမိမှုသာ . . .။ အခုတော့ အားလုံးစိတ်ညစ်ရပြီ။

'ခင်ဗျား . . . တင်မမထွန်းကို မကြိုဖြစ်ဘူးဆိုလည်း၊ ဘယ်လိုအခြေအနေပဲဖြစ်ဖြစ်၊ ကျွန်တော်တို့ ဆီရောက်အောင်သတင်းပေးဖို့ ကောင်းတယ်၊ အခု ခင်ဗျားနမော်နမဲ့နိုင်တာကြောင့် လူတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



အသက်အန္တရာယ်ဘယ်လောက်နီးသွားတယ်ထင်လဲ။ မတော်လို့ ဒီကောင် သေသွားရင် ဘယ်လိုလုပ်မလဲ'

အေးမြင့်ကို ပြောမနေပါနဲ့တော့ဆိုပြီး ကျွန်တော်မျက်ရိပ်ပြ လိုက်မိသည်။ ထွန်းသိန်းနဲ့ ဝင်းကိုကတော့ သက်ပြင်းချကြ၏။ ငဖောင် ရိုးလည်း ရှို့ရှို့လေးရပ်ကာခေါင်းငုံ့နေရှာသည်။

အဖြစ်အပျက်ကို ရှင်းပြရရင်တော့ ဒရိုင်ဘာငဖောင်ရိုးကိုငွေ ကြိုပေးလိုက်ခြင်းကစပြီး မှားသွားခြင်းပင်။ ကျွန်တော်ပေးလိုက်တဲ့ ငွေ နဲ့ ငတိက တစ်ညလုံးပုလင်းထောင်သည်။ ပြီးတော့ မနက်ကျထုံးစံအ တိုင်း အရက်နာကျ၏။ ညကဘယ်လောက်တွယ်ထားလဲမသိ အိပ် ရာထဲကမထနိုင်တော့လောက်အောင် အခြေအနေကဆိုးသွားပြီး နောက်ဆုံး မမကိုသူ့အဖေကိုယ်တိုင် ကျူရှင်သွားကြိုလိုက်ရလေတော့ သည်။ အဲဒီ့မှာတင် ကျွန်တော့်ဘဝပျက်တော့သည်။ မမ အဖေကို င ဖောင်ရိုးထင်ပြီး စက်ဘီးကိုကားရှေ့ထိုးထည့်လိုက်တာ ကံကောင်းလို့ မ သေခြင်းပင်။

ကျွန်တော့်အတွက် တစ်ခုကံကောင်းသွားတာပါသည်။ မမတို့ အဖေအရှောင်ကောင်းသွား၍ ကားနဲ့စက်ဘီးမတိုက်မိလိုက်ဘဲ လမ်း ဘေးကသစ်ငုတ်ကိုသာ ကျွန်တော့်စက်ဘီးကအရှိန်နဲ့သွားဆောင့်၍ ဒီလောက်နဲ့ကိစ္စပြတ်သွားခြင်းပင်။ တိုက်များတိုက်မိလိုက်လို့ကတော့ သူရတို့ အခုလောက်ဆို နတ်သမီးလေးတွေနဲ့ တွေ့နေရလောက်ပြီ။ နောက်တစ်ခု ကံကောင်းသွားတာလည်းရှိ၏။ အဲဒါကတော့ အရှုံး ထဲကအမြတ်ကြီး ကြီးကြီးမားမားထွက်သွားတယ်လို့လည်း ပြောလို့ရ သည်။ ဘာလဲဆိုတော့ မမနဲ့ ကျွန်တော်အနီးကပ်တွေခွင့်ရသွားခြင်း ပင်ဖြစ်သည်။

ကျွန်တော်တွေးနေစဉ်မှာပင် မမတို့သားအဖအခန်းထဲဝင်လာ တာတွေလိုက်ရ၍ ပျော်သွားသောရုပ်ကိုဟန်လုပ်ကာ ညှောင်နာနာလုပ် ပစ်လိုက်တော့၏။ မမ အဖေကြီးက ခုတင်နားကပ်လာပြီး ကျွန်တော့် ကိုစေ့စေ့ကြည့်ကာ . . .

'မောင်ရင် သတိရလာပြီလို့ မြမောင်ဖုန်းဆက်လို့'

'ဟုတ်ကဲ့'

မြမောင်ဆိုတာ ဒရိုင်ဘာ ငဖောင်ရိုးကိုဆိုလိုခြင်းပင်။ အဘိုး ကြီးက ကျွန်တော့်မျက်နှာကို မယုံသင်္ကာမျက်လုံးတွေနှင့် ခပ်ကြာကြာ

www.burmeseclassic.com

www.burmeseclassic.com



လေးစိုက်ကြည့်ကာ စကားဆက်ပြန်သည်။

'မောင်ရင် ဦးကိုသိလား'

'ဗျာ'

'ဦးကိုသိလားလို့'

'ဟုတ် . . . ဟုတ်ကဲ့သိပါတယ်ဦး'

'အဲဒါဆို ဘယ်သူလဲ ပြော'

'ဟို . . . မမ . . . အဲ . . . မတင်မမထွန်းရဲ့အဖေပါ'

'အင်း . . . ဟုတ်ပြီ . . . အရင်ကရော မြင်ဖူးလား'

'မမြင်ဖူးပါဘူး'

'အဲဒါဆိုဘာ့ကြောင့်သိနေတာလဲ'

'ဗျာ'

'မောင်ရင် ဦးပြောတာနားမလည်ဘူးထင်တယ် . . . ဦးကို ဘာလို့သိနေတာလဲလို့'

အရေးထဲ ဒုက္ခတော့ရောက်နေပြီ . . .။ ခေါင်းကဒဏ်ရာကြောင့်မူးနောက်နောက်ဖြစ်နေရတဲ့အထဲ ဘာတွေလာမေးနေမှန်းမသိပေ။ သို့သော် မမ မျက်နှာကြောင့်စိတ်ပျက်ဟန်မပြရဲပေ။

'ဟို . . . ကျွန်တော် ခန့်မှန်းပြီးသိတာပါ . . . ဟိုနေ့က လည်းကားမောင်းလာတာဦးလို့သိရပါတယ်'

အဘိုးကြီး မျက်မှောင်တစ်ချက် ကျုံ့ဝင်လိုက်ပြီး သက်ပြင်းကိုလည်း အားရပါးရချ၏။ ပြီးတော့ တစ်ယောက်တည်းရေရွတ်သလိုလိုပဲပြောသည်။

'မောင်ရင့် ကျန်းမာရေး အခြေအနေကောင်းပါတယ် . . . အပေါ်ယံလေးဖြစ်သွားတာပါ'

ကျွန်တော် အဘိုးကြီးကို တင်းခနဲဖြစ်သွားသည်။ ဒီလောက်ပတ်တီးအဖွေးသားနဲ့ သေလုမျောပါး ဖြစ်နေတာတောင် အပေါ်ယံလေးဆိုပဲ . . .။ နည်းနည်းတော့ လွန်လာပြီ။ ယောက္ခမလောင်းကြီးဖြစ်၍ အလျှော့ပေးထားရ၏။

'တော်သေးတာပေါ့ အတိတ်တွေဘာတွေမေ့မသွားလို့'

'ခင်ဗျာ'

'ဩော် . . . အတိတ်တွေဘာတွေမေ့သွားသလားလို့ပါ'

'ကျွန်တော်အားလုံးသတိရပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'အေးကွာ . . . ဦးလည်းစိတ်မကောင်းပါဘူး . . . ဒါနဲ့မောင်ရင်အဲဒီနေ့က အရက်များသောက်ထားလား'

'မသောက်ထားပါဘူး ဦး'

'အင်း . . . ကားနဲ့မတိုက်မိလိုက်တာတော်သေးတာပေါ့ . . . နောက်မို့ဆိုမလွယ်ဘူး'

အဘိုးကြီးကပြောပြီး ခေါင်းတညိတ်ညိတ်လုပ်ပြန်သည်။ မမကတော့ ခေါင်းကလေးငုံ့ကာ အဘိုးကြီးနောက်မှာ ရပ်နေတာတွေ့ရ၏။ ဘာစကားတစ်ခွန်းမှဝင်မေးဖော်မရ၍ စိတ်ထဲမှာတော့အောင့်သက်သက်ဖြစ်သွားသည်။ သို့သော် မျက်နှာကတော့ သိပ်မကောင်းတာတွေ့ရ၍ ကျွန်တော့်ကိုတော်တော်လေးအားနာနေကြောင်း ပေါ်လွင်ထင်ရှားသည်။ ဒါလောက်ဆိုရင်တောင်စိတ်ကြည်နူးရပါပြီ။

'ကဲ . . . ဒါဆို ဦးတို့ပြန်တော့မယ် . . . ဒီမှာ မောင်ရင့်အတွက်လိုရမယ်ရ မုန့်တွေဝယ်လာခဲ့သေးတယ် . . . လက်ခံလိုက်ပါ'

ပြောပြီး သူ့သမီးကိုမျက်ရိပ်ပြလိုက်တော့ မမက လက်ထဲကအထုပ်ကို ခုတင်ဘေးကစားပွဲပေါ်တင်ကာပေးသည်။ အဘိုးကြီးလှည့်ထွက်သွားတော့ ကျွန်တော့်ကိုတစ်ချက်ကြည့်ကာ . . .

'ဆေးရုံက ဆင်းပြီးရင် ဖုန်းဆက်လိုက်လေ . . . နော် . . . ဒီကြားထဲ မမ လည်းလာခဲ့ပါဦးမယ်'

ကျွန်တော် ကိုယ့်ဘဝကိုယ် လူနာဆိုတာတောင်မေ့ပြီး ငေါက်ခနဲ ထထိုင်မိတော့မလိုတောင်ဖြစ်သွားသည်။ ခုန ညှောင်နာနာရုပ်က ချက်ချင်းဝင်းခနဲ ဖြစ်သွားတာ ကိုယ်ကိုယ်ကိုယ်သိ၏။

မမတို့ အခန်းထဲက ထွက်သွားတော့ အေးမြင့်က ကျွန်တော့်ကိုအားပေးသည်။

'တစ်ခါထဲ သေသွားရင် အေးရောကွာ'

www.burmeseclassic.com

www.burmeseclassic.com



အပြေးပြိုင်ပွဲတစ်ခုမှာ အဓိက ပန်းဝင်ကောင်းဖို့သာ အရေးကြီးသည်။ တချို့တွေက တာထွက်မှာ အလွန်ကောင်းပြီး ပန်းဝင်ကျ နောက်ဆုံးမှဖြစ်တတ်ကြသည်။ တချို့တွေက တော့ တာထွက်လို့ပုံမှန်လေးထွက်ပြီး အလယ်လောက်ကျမှ ကိုယ့်ပြိုင်ဘက်တွေကို ကျော်တက်ကာနောက်ဆုံးတော့ ပထမဆုံးပန်းဝင်ပြီး ပြိုင်ပွဲကိုအနိုင်နွဲကြ၏။ တချို့တွေကတော့ အဲဒီလိုမျိုးမဟုတ်။ တာထွက်မှာမကောင်း၊ အလယ်လောက်ကျတော့လည်း ရှေ့ဆုံးလည်းမဟုတ်၊ နောက်ဆုံးမှာလည်းမပါ။ ဟိုမရောက်ဒီမရောက်ကလေး အလယ်နားလောက်ကလိုက်ပြီး ပန်းဝင်ခါနီးမိနစ်ပိုင်းအလိုမှ ရှိသမျှအားအကုန်သုံးကာ ဗိုလ်စွဲသွားတာမျိုးတွေရှိ၏။ ဒါကလည်း ပညာတစ်မျိုးပင်ဖြစ်သည်။ ဘယ်လိုပဲဖြစ်ဖြစ် အရေးကြီးတာက ပန်းဝင်ကောင်းဖို့ပင်။

ကျွန်တော့်အဖြစ်ကလည်း အပြေးပြိုင်ပွဲတစ်ခုနှင့် နှိုင်းယှဉ် လျှင် တတိယနည်းကို အသုံးပြုပြီး ယှဉ်ပြိုင်အနိုင်ယူရပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်သည် တာထွက်မကောင်း။ မကောင်းတာမှ တော်တော်လေးပုံပျက်ပန်းပျက် ထွက်ခဲ့ရသည်။ နောက်ဆုံးအရှုံးလို့တောင် အထင်ခံခဲ့ရသည်အထိ ရုပ်ပျက်ဆင်းပျက်ဖြစ်ခဲ့ရ၏။

အလယ်မှာကျတော့ကော . . .။ ပိုတောင်ဆိုးလာသေးသည်။ ဒလိမ့်ခေါက်ကွေးနှင့် ဒရွတ်တိုက်ကြီးပါလာခဲ့ရ၏။ ကံကောင်းလို့ကား

www.burmeseclassic.com



တိုက်ခံရမလိုဖြစ်ပြီး အသက်ထွက်မသွားခြင်းပင်။

ဒါဆို နောက်ဆုံး ‘ဘာဆက်လုပ်သင့်သလဲ’ဆိုတဲ့ မေးခွန်းကို ဆက်စဉ်းစားကြည့်သည်။ ခုနပြောတဲ့အတိုင်း ပန်းဝင်ကောင်းဖို့သာ အားသွန်ခွန်စိုက်ကြိုးစားဖို့သာရှိပါတော့သည်။

အခု ပန်းဝင်ကောင်းဖို့ အခြေအနေတော်တော်တိုးတက်လာပြီဟုပြောလို့ရပြီ။ အဘယ်ကြောင့်ဆိုသော် မမနဲ့ကျွန်တော်အရင်ကထက်ပိုပြီး ရင်းရင်းနှီးနှီးရှိလာသောကြောင့်ပင် ဖြစ်လေသည်။ ကျွန်တော်ဆေးရုံတက်နေစဉ်ကာလတွင် မမနှစ်ခါလောက်လာကြည့်သေးသည်။ ဖြစ်သွားတဲ့ကိစ္စအတွက် အားနာကြောင်းနှင့်စိတ်မကောင်းကြောင်း အထပ်ထပ်အခါခါပြော၏။ ကျွန်တော်က အရင်နှောင့်ယှက်မိတဲ့ ကိစ္စတွေအတွက် တောင်းပန်ကြောင်းပြန်ပြောတော့ ခေါင်းကလေးငုံ့ပြီး ရပါတယ်လို့ မပွင့်တပွင့်လေးပြန်ပြောသည့် အမူအရာကလေးကို အခုထိ မျက်လုံးထဲကမထွက်။ ဒီကြားထဲ ထွန်းသိန်း ညီမ ဝင်းဝင်းသိန်းကလည်း ကျွန်တော့်အကြောင်းတွေ အကုန်လုံးသွားပြောပြလိုက်တော့ အားလုံးဘူးပေါ်သလိုပေါ်သွားပြန်သည်။

ဒါလည်း တစ်ခုကောင်းသည်။ ကျွန်တော် သူ့ကိုဘယ်လောက်ချစ်ကြောင်း သူသိသွားလောက်ပြီ။ အသက်ကိုတောင် ပဓာနမထားဘဲချစ်ရဲသည့်သတ္တိကို လေးစားချင်နေလောက်ပြီ။ ဒါမှမဟုတ် အချစ်နဲ့ပတ်သက်ရင်အစွန်းရောက်နေတဲ့ ခပ်ကြောင်ကြောင်ငနဲလို့ ထင်ချင်လည်းထင်သွားနိုင်သည်။ သို့သော် ဟိုနေ့က ‘ဒီကောင်လေးနဲ့မကြုံကောင်းမစီရာကွယ် . . . တစ်ခုခုဖြစ်သွားမှဖြင့်’ဟု စိတ်ပူတဲ့လေသံလေးနဲ့ ဝင်းဝင်းသိန်းကိုပြန်ပြောကြောင်းကြားရ၍ အခြေအနေတော်တော်လေးကောင်းနေပြီ ဆိုတာခန့်မှန်းမိလေသည်။ သို့သော် အတင်းမလုပ်ရဲသေး။ ဒီအချိန်မှာ အပျော့ဆွဲလေးဆွဲပြီး တဖြည်းဖြည်းစည်းရုံးသွားမှ အဆင်ပြေပေလိမ့်မည်။ အရင်ကလို အတင်းဝင်အတင်းထွက် ခပ်ကြမ်းကြမ်းကစားလို့မရတော့ပေ။ တော်ကြာ ကိုယ့်ဘက်က ဂိုးရခါနီးမှ ခြေခေါက်လဲသည့်တိုက်စစ်မျှူးလို ဖြစ်သွားပေလိမ့်မည်။

အကောင်းဆုံးကတော့ တစ်ဖက်လူကို ပါးပါးနပ်နပ်နှင့် အလိမ်အခေါက်အဆွဲအထုတ်လေးတွေလုပ်ကာ နောက်ဆုံး ဂိုးသမားကိုပါ လှလှပပလိမ်ပြီး အနိုင်ဂိုးကိုသွင်းယူဖို့သာကြိုးစားရပေတော့မည်။ အဲဒီနည်းလမ်းက အကောင်းဆုံးပင်ဖြစ်တော့၏။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

www.burmeseclassic.com

www.burmeseclassic.com



နေကောင်းပြီးစဆိုတော့ ပျင်းပျင်းရှိတာနဲ့ လမ်းလျှောက်ထွက်လာခဲ့သည်။ လမ်းထိပ်ရောက်တော့ ဘယ်သွားလို့သွားရမှန်းမသိ၍ ခါတ်တိုင်ကိုမှီပြီး အိတ်ထဲက စီးကရက်တစ်လိပ်ထုတ်ကာ မင်းသား အိုက်တင်ဖမ်းပြီး ဟန်ပါပါမီးညှိလိုက်စဉ် . . .

'မြင်ဖူးပါတယ်လို့ကြည့်နေတာ ငါ့တူကြီးကိုး'

နှုတ်ဆက်တဲ့ ပုံစံအရတော့ နွေးနွေးထွေးထွေးရှိလှလို့ ကိုယ့်အသိထဲကလို့တော့ တွေးလိုက်မိ၏။ သို့သော် ဒီလိုပဲ တစ်ခါတလေဖြစ်နေကျ။ သူက ကိုယ့်ကိုသိပြီး၊ ကိုယ်ကသူ့ကိုမသိသည့်အဖြစ်အပျက်မျိုး။ သို့သော် ရေလိုက်ငါးလိုက်နှင့် တစ်ချက်ပြုံးပြလိုက်ကာ . . .

'ဩော် . . . ဟဲ . . . ဟဲ . . . ဦးလေးကိုး . . . ဘယ်လဲ ဦးလေး'

'ဒီထိပ်က လက်ဖက်ရည်ဆိုင် ခဏလာတာလေ . . . အဲဒါ ဦးလေး ညီမဆိုင်ပေါ့ကွ . . . ဒါနဲ့ . . . မင်းသူငယ်ချင်းရော အဆင်ပြေသွားပြီလား'

'ဘယ် . . . ဘယ်သူလဲဦးလေး'

'မင်းတို့ကလည်း ငယ်ငယ်ရွယ်ရွယ်နဲ့မေ့တတ်ရန်ကောကွာ . . ဟိုလေ . . . ဟိုဟာ . . . ယတြာလေကွာ . . . မင်းသူငယ်ချင်း

www.burmeseclassic.com

www.burmeseclassic.com



အဒေါ်ရဲ့ အာဝါဟ . . . ဝိဝါဟ . . . ဟဲ . . . ဟဲ'

အခုမှ ဒီဦးလေးကြီးကို ရှင်းရှင်းလင်းလင်းသိသွားတော့သည်။

ဘယ်သူများလဲမှတ်တယ် . . . လူပျိုကြီးဦးသောင်းအေးကိုး . . .။

'ဟား . . . ဦးလေးရာ . . . အဆင်ပြေတာမှ ကွက်တိပဲဗျာ . . . ကျွန်တော်တို့ယတြာလုပ်ပြီး တစ်ပတ်အတွင်းပဲ ကျွန်တော့်သူငယ်ချင်း အဒေါ်လည်းတစ်ခါတည်း ကျွတ်သွားတာပဲ'

'ဟေ'

'အပျိုကြီးဝဋ်ကျွတ်သွားတာပါ ဦးလေးရာ'

'ဩော် . . . အေး . . . အဲလိုလုပ်ပါ . . . ဒါဆို . . . အဲဒီ့ဗေဒင်ဆရာ . . . တော်တော်မှန်တာပေါ့ . . . ဟုတ်လား'

'ကွက်တိပေါ့ ဦးလေးရာ'

ဒီလိုနဲ့ လမ်းလယ်ခေါင်ကြီးမကောင်း၍ နီးရာလက်ဖက်ရည်ဆိုင်သို့ အဘိုးကြီးကိုခေါ်လာလိုက်သည်။ မမနဲ့ နီးစပ်ဖို့ ဦးသောင်းအေးကိုလည်း မေ့ထားလို့မရကြောင်းသဘောပေါက်မိ၏။ သူက မမတို့ရပ်ကွက်ထဲက လူကိုး။

အဘိုးကြီးက သဘောတော်တော်ကောင်းပုံရပြီး ပြုံးပြုံး ပြုံးပြုံးနှင့် လူငယ်တွေနဲ့အဆင်ပြေမယ့်ပုံမျိုး . . .။

'ဦးလေးကောတစ်သက်လုံး ဒီအတိုင်းနေသွားတော့မှာလားဟင်'

လက်ဖက်ရည်ဆိုင်ရောက်တော့ ကျွန်တော်ကစကားစလိုက် ပြီး စားပွဲထိုးကိုလည်းလှမ်းခေါ်လိုက်၏။ ကျွန်တော့်စကားလည်း ကြား ရော ဦးသောင်းအေး မျက်နှာချက်ချင်းမှိုင်ကျသွားသည်။ သက်ပြင်းကို စိတ်ရှိလက်ရှိချပြီး ခေါင်းနှစ်ချက်ခါကာ လက်ဖက်ရည်ရှယ် ပုံမှန်တစ်ခွက်မှာ၏။ ပြီးတော့ စီးကရက် ပါချခိုင်းကာ ကျွန်တော့်ကိုတွေတွေကြီး စိုက်ကြည့်ပြီး . . .

'မအေးကြည်ပေါ့ . . . ကွာ'

'ဗျာ'

'မအေးကြည် . . . မအေးကြည် . . . အခု ငါဒီမေးခွန်းကို ဘယ်လိုဖြေရမလဲ မအေးကြည်ရယ်'

ကျွန်တော့်ခေါင်းတွေနောက်ကာသွား၏။ အဘိုးကြီးက သူ့ဟာ

www.burmeseclassic.com

www.burmeseclassic.com



သူရေရွတ်သလိုလိုကျွန်တော့်ကိုပြောသလိုလိုနှင့် ငူငိုင်ငိုင်ကြီးဖြစ်သွား၏။ ဒီအတိုင်းလွှတ်ထားလို့မဖြစ်တော့ပေ၊ အလိုက်သင့်တစ်ခုခုပြောဖို့ စဉ်းစားကြည့်၏။ မအေးကြည်ဆိုတာ ဦးသောင်းအေးရဲ့ ငယ်ကျွမ်းဆွေဖြစ်လိမ့်မည်။ ဒါ့ကြောင့် . . .

'မအေးကြည် . . . အဲ . . . ဒေါ်အေးကြည်က ဦးလေးရဲ့ ငယ်ကျွမ်းဆွေမဟုတ်လား . . . ဟဲ . . . ဟဲ . . . ဟဲ'

အဘိုးကြီးသက်ပြင်းကို ဟင်းခနဲချကာ ကျွန်တော့်ကို ရီဝေဝေကြီးစိုက်ကြည့်လိုက်ပြီး . . .

'မဟုတ်ပါဘူးကွာ . . . တင်မောင့်မိန်းမပါ'

'ဟင် . . . ဘယ်လို'

တရုတ်သိုင်းကွက်တွေကြည့်ရသလို ရင်ထဲမှာရှုပ်ရှက်ခတ်သွား၏။ ကျွန်တော်ကြောင်တောင်တောင်နဲ့ ကြည့်နေစဉ်မှာပင် အဘိုးကြီးက သူ့စကားကိုဆက်သည်။

'တကယ်တော့ မအေးကြည်ဟာ တင်မောင့်မိန်းမမဖြစ်ခင် မြအေး ချစ်သူပေါ့ကွာ . . . တကယ်တော့မြအေးနဲ့မကြိုက်ခင်တုန်းကလည်း ဘဦးနဲ့ဘာလိုလိုကွ . . . အင်း . . . မှတ်မိနေပါသေးတယ်။ မအေးကြည်ရယ် . . . ငါတို့တွေ ရွာထိပ်ကကန်ရိပ်မှာ နေညိုညိုလမ်းလျှောက်ထွက်တုန်းကလေ . . . ဩော် . . . ဘဦး . . . ဘဦး . . . မင်းနဲ့မြအေးနဲ့က ငယ်သူငယ်ချင်းတွေဖြစ်ခဲ့တာတောင် လုပ်ရက်တယ် ဘဦးရယ် . . . ။ ဩော် . . . အေးပေါ့လေ . . . မအေးကြည်ကလည်း မအေးကြည်ကိုး . . . တကယ်တော့ အပြစ်အားလုံးက ငါ့အပေါ်မှာသာ . . .'

'ဦး . . . ဦးလေး ဘာတွေပြောနေတာလဲဟင်'

'မအေးကြည်ရယ် တကယ်လို့ အဲဒီနေ့ကသာ ငါတို့လမ်းလျှောက်မထွက်ခဲ့ရင် ဘဦးဟာ မြမောင်ကို အဲဒီလိုလုပ်မှာမဟုတ်ဘူး . . . ငါကလည်း ငါပဲ'

'ဦးလေး ဟာ . . . ဘာတွေလဲဗျာ'

'တကယ်တော့ မအေးကြည်ဟာ လှေနံသုံးဖက် . . . ကားသုံးစီး . . . ရထားသုံးတွဲ . . . တစ်ပြိုင်နက်စီးချင်တဲ့ မိန်းမပါကွာ'

ဒုက္ခတော့ အကြီးအကျယ်ရောက်ပြီ။ ကိုယ်စတဲ့ဇာတ် ကိုယ်မနိုင်တော့။ ဘာတွေပြောလို့ပြောနေမှန်းမသိတဲ့အပြင် ဇာတ်ရည်အခု



www.burmeseclassic.com

www.burmeseclassic.com



ထိမလည်သေးပေ။ သူ့ဇာတ်ကို ဇာတ်ရည်လည်သည်အထိလည်း ထိုင်နားမထောင်နိုင်တော့။

'ဦးလေး . . . ကဲပါ ဦးလေးရယ် . . . နောက်ဆုံး ဦးလေး မအေးကြည်က ဘယ်သူနဲ့ရသွားလဲ'

'တင်မောင်နဲ့'

'ဩော် . . . ဦးလေးသူငယ်ချင်းပေါ့'

'မဟုတ်ဘူး . . . လှအေးနဲ့ ကျောင်းနေဖက်'

စကားပြောနေရင်း ကျွန်တော်ကြောင်သွား၏။ လှအေးတစ်ယောက်တိုးလာပြန်ပြီ။

'ဩော် . . . အင်း . . . အဲဒီလှအေးက'

'ငါ့ညီတစ်ဝမ်းကွဲရဲ့ ယောက်ဖပေါ့ကွာ'

ဆွေမျိုးစာရင်း ဒီတင်ရပ်မှရတော့မည်။ ကျွန်တော် လှအေးတို့ဘက်ကိုစကားဦးမလှည့်ရဲတော့ . . .။

'ထားပါတော့ . . . ဒါနဲ့ မအေးကြည်က ဦးလေးနဲ့ရော ဘာလိုလိုလား'

အဘိုးကြီး ငါးမိနစ်လောက်ခေါ်မကြား အော်မကြားရပ်သွား ၏။ ပြီးမှ ဖြည်းဖြည်းချင်း စလိုးမိုးရှင်းလှုပ်လာကာ . . .

'အဲဒီ့ကိစ္စရှင်းပြရမယ်ဆို ရွာထိပ်က ကုက္ကိုပင်ကြီးမပါရင် မပြီးဘူးလို့ပြောရမလိုဖြစ်နေပြီကွ . . . လွန်ခဲ့တဲ့နှစ်ပေါင်း သုံးဆယ်လောက်ကပေါ့ကွာ'

'ရ . . . ရပါပြီဦးလေးရယ် . . . ကျွန်တော်သဘောပေါက်ပါပြီ၊ ဟို . . . ကျွန်တော်လည်း သွားစရာလေးရှိသေးလို့ ခွင့်ပြုဦးနော်'

အဘိုးကြီးက ပြန်မယ်ဆိုတဲ့ စကားလည်းကြားရော ချက်ချင်း ခေါင်းခါကာ ပခုံးကိုလှမ်းကိုင်လိုက်၏။

'စကားကိုဆုံးအောင်နားထောင်ဦးလေ . . . အဲလို မလုပ်နဲ့'

ဦးသောင်းအေးမျက်လုံးတွေက အချစ်စိတ်ကြောင့် အရောင်တွေစိုရွှဲနေကာ နှာသီးဖျားတွေနီနေပြီ။ ကျွန်တော် ထထွက်သွားဖို့ ကိစ္စကိုအသက်နဲ့လဲပြီး လုပ်ရင်တောင်အောင်မြင်ဖို့ကိန်းမမြင်တော့ . . .။

ကျွန်တော့် တစ်ကိုယ်လုံး လှုပ်လို့မရတော့။ နှစ်နာရီလောက် မထတမ်း ငုတ်တုတ်ထိုင်လိုက်ရ၍အကြောတွေဆိုင်းကုန်ပြီထင်သည်။ ရှေ့မှာ နည်းနည်းမှမထိရသေးသော လက်ဖက်ရည်ခွက်က ယင်နှစ်

www.burmeseclassic.com

www.burmeseclassic.com



ကောင်ခြံရံလျက် ကျွန်တော့်ကို ပြောင်ပြနေသလို . . .။

ဦးသောင်းအေးက သက်ပြင်းချသည်။ ကျွန်တော့်ကိုကြည့်ကာ အဲဒါပါပဲကွာဟုထပ်ပြောပြန်၏။ တကယ်တော့ ဇာတ်လမ်းက ဘာမှမဟုတ်။ မအေးကြည်နဲ့ သူနဲ့လည်း ဘာမှမဆိုင်။ ရွာထိပ်က ကုက္ကိုပင်အောက်မှာ မိုးခိုရင်း တစ်ယောက်နဲ့တစ်ယောက်ပြုံးပြရာမှ တစ်ရွာတည်းသားချင်းမျက်မှန်းတန်းမိသွားသည်။ ဇာတ်က ဒါပဲ . . .။ ပြီးတော့ မအေးကြည်က ရွာမှာ ကွမ်းတောင်ကိုင်ဆိုတော့ လှ၏။ သူတို့အပြောလှသလောက် မျက်နှာများသည်ဟုဆို၏။ ဘဦး . . . မြအေး . . . တင်မောင်တို့မှာ မအေးကြည်ရဲ့အချစ်ကွန်ယက်မှ ယက်ကန် ယက်ကန်ပါကြရသူတွေ၊ နောက်ဆုံး တင်မောင်နဲ့ညားသည်။ ဦးသောင်းအေးက မအေးကြည်ကို ကြိတ်ကြိုက်နေသူဆိုတော့ ထုံးစံအတိုင်း အသည်းကွဲသွား၏။ မအေးကြည်တို့ မင်္ဂလာဆောင်တဲ့နေ့မှာပဲ ရွာကထွက်လာပြီး ရန်ကုန်ရောက်လာတာ အခုထိ ရွာကိုတစ်ခေါက်မှမရောက်တော့ကြောင်း ပြောပြီး နောက်ဆုံးဇာတ်ကိုပိတ်၏။ အကျဉ်းချုံးလိုက်သော် အဲဒီကတည်းက အချစ်ကိုကြောက်သွားသော မိန်းမတွေကိုလန့်သွားသော ဦးသောင်းအေးမှာ အခုတော့ အိပ်ပျော်နေသော သူ့နှလုံးသားလေးကို ညင်သာစွာပုတ်ခတ်နှိုးလိုက် သူပေါ်ပြီဟုဆိုလေသည်။

အဲဒီ့သူမှာ . . .။

www.burmeseclassic.com

တော်သဝင်မြူးစာအုပ်တိုက်

www.burmeseclassic.com



'သေချာလို့လားကွ အဘိုးကြီး ကြည့်ရတာ ရိုးပုံရိုးရက်နဲ့'
'မသေချာဘဲပြောပါ့မလား . . . ငါ့ကိုသူကိုယ်တိုင်ပြောတာကွ'
'အဲဒီလောက် မင်း ဒီလူကြီးကိုစွဲစိတ်ဝင်စားနေမှတော့ တစ်ခုခုကြံလာပြီ မဟုတ်လား'
ကျွန်တော် ဇာတ်ထဲက လူကြမ်းတွေလို အသံညှစ်ပြီး တစ်ချက်ချင်းရယ်ပြလိုက်ကာ . . .
'ငါ သူ့ကို အဲဒီ့ကိစ္စတာဝန်ယူတယ်လို့ပြောလိုက်တယ်'
'မင်းကတော့ မစုံစမ်းဘဲဇွတ်လုပ်နေပြန်ပြီ၊ ဟိုဘက်က ဘာမှန်းမသိသေးဘဲနဲ့'
သူတို့ပြောတာလည်း မှန်သင့်သလောက်တော့မှန်၏။ အမှန်တကယ်လည်း ဟိုဘက်က အနေအထားကိုဘာမှန်းညာမှန်းမသိသေးဘဲ စွတ်ရွတ်အာမခံလာခြင်းပင်။ ဒါပေမဲ့ အန္တရာယ်တော့မရှိ ကိုယ်က နည်းလေးလမ်းလေးညွှန်ပြပေးရုံသာ။
'တင်မမထွန်း အဒေါ်ကို မင်းမြင်ဖူးလို့လား'
'ဟင့်အင်း'
'ပျိုသလား အိုသလားရော သိလား'

www.burmeseclassic.com

www.burmeseclassic.com



'အပျိုကြီးမို့လို့ ဦးသောင်းအေးကြီး စိတ်ဝင်စားတာနေမှာပေါ့ကွ'

'ပြောလို့ရမလားကွ . . . ကလေးတစ်ယောက် အမေဆိုလည်း ယောကျ်ားမရှိရင် သူကြိုက်ချင်ကြိုက်မှာပေါ့ . . .'

ကျွန်တော် ခေါင်းတွေရှုပ်ကုန်ပြီ၊ အစက အဲဒီလောက် တွေးမထား . . ။

'အဲဒီလောက်အတိအကျကြီးတော့ ငါမသိဘူးကွ . . . ငါလည်းပျင်းတာနဲ့ သူ့အကြောင်းတွေလျှောက်မေးကြည့်ရင်း ပေါ်လာတာ . . . ပထမအဘိုးကြီးက ရှက်နေသေးတယ် . . . နောက်တော့ လူငယ်တွေက အချစ်နဲ့ပတ်သက်ရင် သူတို့လိုအရွယ်တွေထက် အများကြီးလာဘ်မြင်တယ်ဆိုပြီး ငါကိုဖွင့်ပြောသွားတာ . . . ကြားကြားချင်းကိုယ့်နားကိုယ်တောင်မယုံဘူး . . . သေချာမေးကြည့်တော့မှ ဟုတ်တယ်တဲ့ . . . တင်မမထွန်း အဒေါ်တဲ့ . . . သူကြိုးစားနေတာတောင်တော်တော်ကြာပြီဆိုပဲ . . .'

'မင်းနဲ့ တင်မမထွန်းကိုစွရော ပြောလိုက်သေးလား'

ကျွန်တော်အေးမြင့်ကို ခေါင်းပဲခါပြလိုက်ကာ ချထားသောဆေးလိပ်ကိုတစ်ချက်ဖွာလိုက်ပြီး . . .

'အဲဒီလောက်ပြောဖို့ မလိုသေးဘူးကွ အခုကိစ္စက သူ့ကိစ္စ ငါတို့ ကူညီပေးရင်းနဲ့ တင်မမထွန်းကို ငါကြိုးစားသွားဖို့ပဲ . . . အဓိကကတော့ကွာ ရှင်းရှင်းပြောရရင် ငါလူခံတစ်ယောက်မွေးလိုက်တဲ့သဘောပဲ . . . မမကို ကြိုးစားနေတဲ့အချိန်မှာ မမတို့ရပ်ကွက်ရဲ့ လူခံတစ်ယောက် ငါ့ဘက်ပါထားတော့ အရမ်းအဆင်ပြေတာပေါ့ . . . အင်း . . နောက်တော့လည်း ငါ့အကြောင်းပါသူ့ကို ပွင့်ပွင့်လင်းလင်း ဖွင့်ပြောလိုက်တာပေါ့ကွာ . . . အခုတော့ စောသေးတယ်'

အေးမြင့်တို့ခေါင်းကိုယ်စီ ညိတ်ကာထောက်ခံကြသည်။ တကယ်တမ်းတွေးကြည့်ရင် မမနဲ့ကျွန်တော့်ကိစ္စက လွယ်မယောင်နဲ့ခက်နေသေး၏။ အရင်ကထက်စာရင် အခြေအနေတော်တော် တိုးတက်လာသော်လည်း ချစ်သူရည်းစားဖြစ်ဖို့အဆင့်ထိကတော့ တော်တော်လေးအလှမ်းဝေးနေသေး၏။ သို့သော် အခြေအနေက အရင်ကလိုမဟုတ်တော့တာတော့မှန်သည်။ မမနဲ့ကျွန်တော် အရင်ကမျက်နှာချင်းဆိုင်မိရင် ကျွန်တော်ဘယ်လိုမှချဉ်းကပ်မရ၊ အခုတော့ အဲဒီလိုမဟုတ်တော့၊ မျက်



www.burmeseclassic.com

www.burmeseclassic.com



နှာချင်းဆိုင်စကားပြောလို့ရသွားသည်အထိ တိုးတက်လာပြီ။ သို့သော် ဘယ်ကိစ္စမျိုးမဆို အစီအစဉ်ကောင်းဖို့က အရေးကြီးပေသည်။ ထို့ကြောင့် ဦးသောင်းအေးသည် ကျွန်တော့်အတွက် အဖိုးတန်သော ကျောက်ရိုင်း တစ်ပွင့်ဖြစ်လာရတော့၏။ သို့မဟုတ် . . . အိုအေစစ် . . .။

www.burmeseclassic.com

www.burmeseclassic.com



မမတို့အခေါ်က အပျိုကြီးစစ်စစ်မြစ်မြစ်ကြီးတစ်ယောက်ဖြစ်လေသည်။ စစ်စစ်မြစ်မြစ်ကြီးလို့ပြောရတာ အကြောင်းရှိ၏။

တချို့ အပျိုကြီးတွေက ငယ်ရွယ်စဉ်တုန်းက တော်တော်လေး ပွေခဲ့ ရှုပ်ခဲ့ကြပြီး နောက်တော့ တဖြည်းဖြည်းအကဲလွန်သွားကာ အချိန်တွေနှောင်းသွားကြသည်။ နောင်တရတဲ့အချိန်မှာ ကိုယ့်ကိုယူမယ့်လူ မရှိတော့ . . .၊ အဲဒီတော့ နောက်ဆုံးလူရှိန်အောင်အပျိုကြီးနာမည်ခံကာ တစ်သက်လုံး အရိုးထုတ်သွားရတော့၏။

နောက် အပျိုကြီး အမျိုးအစားကတော့ ကိုယ့်ကိုကြိုက်တဲ့သူ မရှိ၍ တဖြည်းဖြည်းယောကျ်ားတွေကို စိတ်နာလာကာ နောက်ဆုံး ကိုယ့်ကိုယ်ကိုယ် ဒဏ်ခတ်သည့်အနေနှင့် အပျိုကြီး လုပ်ပစ်လိုက်ခြင်းပင်။ ထိုကဲ့သို့ အပျိုကြီးမျိုးများသည် စိတ်တိုတတ်သည်။ ဒေါသထွက်လွယ်၏။ အရာရာကို အလိုမကျအမြဲဖြစ်နေတတ်သည်။

အပျိုကြီးတော်တော်များများတွင် တွေ့ရတတ်သောစရိုက်လက္ခဏာဖြစ်သည်။ ခွေးချစ်ခြင်း၊ ကြောင်ချစ်ခြင်းစသည့် အိမ်မွေးတိရစ္ဆာန်လေးများအပေါ် စိတ်ဝင်စားခြင်းမျိုးလုံးဝမရှိ၊ တစ်ယောက်တည်းနေတတ်သည်။ အမှောင်ကြောက်၏။ တစ်ခါတရံ သရဲကားလိုဟာမျိုးကို ညကြီးအချိန်မတော်တစ်ယောက်တည်းကြည့်ရသည့်

www.burmeseclassic.com

www.burmeseclassic.com



အရသာ မျိုးစွဲလမ်းနေတတ်၏။ အဘယ့်ကြောင့်ဆိုသော် ထိုအခါကျမှ သူတို့သည် ရင်ခုန်သောအရသာကို ခံစားရသောကြောင့်ဖြစ်လေသည်။ ကြာတော့ ထိုအမျိုးအစားထဲတွင်ပါသောအပျိုကြီးများသည် လူ့အသိုင်းအဝိုင်းကြားတွင် ဂွစာကြီးများဖြစ်လာရတော့၏။

နောက်တစ်မျိုးကတော့ အဲဒီလိုမျိုးတွေမဟုတ်၊ ငယ်စဉ်အချိန်ကတည်းက ချစ်တဲ့ကြိုက်တဲ့သူအတော်များသည်။ အယုတ်အလတ်အမြတ်မရွေးချစ်ခင်နှစ်သက်စေသည့် ရုပ်ရည်မျိုးလည်း ဘဝပေးကံကောင်း၍ ပိုင်ဆိုင်ထား၏။ သို့သော် ထိုကဲ့သို့ အပျိုကြီးဖြစ်လာမည့် အလောင်းအလျာလေးများသည် ဘာဖြစ်လို့မှန်းတော့မသိပေ။ ငယ်စဉ်ကတည်းက ယောကျ်ားတွေနှင့် လက်ပွန်းတတီးနေရမှာ တော်တော်ကြောက်ကြ၏။ ရည်းစားထားရမှာကို အနုမြူဗုံးဖက်အိပ်ရမှာထက်တောင် ကြောက်သေး၏။ နောက်တစ်ချက်က ဇီဇာကြောင်တဲ့ အကျင့်လည်းရှိနေတတ်သည်။ မိဘပေးစားတာကိုလည်း လက်မခံ၊ ကိုယ်တိုင်ရွေးဆိုတော့လည်း ရှည်သည်၊ ပုသည်၊ မည်းသည်၊ ပြာသည် ဆိုပြီး ပတ်ရှောင်၏။ ဒီလိုနဲ့ကြာတော့ အရွယ်လွန်ပြီး အပျိုကြီးဖြစ်လာရ၏။ ထို့ကြောင့် ထိုအပျိုကြီးမျိုးကို အပျိုကြီးစစ်စစ်မြစ်မြစ်ကြီးများ ဟုခေါင်းစဉ်တပ်ထားလိုက်သည်။ အဘယ်ကြောင့်ဆိုသော် သူတို့ကိုယ်၌ကပင် တကယ်အပျိုကြီးလုပ်ချင်သောကြောင့် အပျိုကြီးဖြစ်လာရသူများ ဖြစ်သောကြောင့်ဖြစ်ပါသည်။

မမတို့ အဒေါ်က ထိုအပျိုကြီးစာရင်းမှာပါ၏။ ဇီဇာအနည်းငယ်ကြောင်တတ်၏။ ကြောင်အလွန်ချစ်ကာ သာမန်အပျိုကြီးများလိုပင် တစ်ခါတစ်ခါ အတွေးခေါင်တတ်လေသည်။ သို့သော် အများနဲ့ဆက်ဆံလို့မရအောင်အထိ ခွကျသူတော့မဟုတ်။ တစ်ခါတရံ လူငယ်တစ်ယောက်လိုဖျတ်လတ်သွက်လက်နေတတ်ပြီး တစ်ခါတရံလောကကြီးမှာသူတစ်ယောက်တည်းရှိတော့သလိုလို အားငယ်နေတတ်၏။ အတိုချုပ်ရသော် မမတို့ အဒေါ် ဒေါ်ညိုမီထွန်းလွင်သည် ဘဝကိုအေးချမ်းစွာဖြတ်သန်းလာ၍ ပေါ့ပေါ့ပါးပါးအပျိုကြီးဖြစ်လာသူ တစ်ယောက်ပင်ဖြစ်လေသည်။

'ဒါနဲ့ ကိုသူရကဘာလို့ ဒေါ်ညိုမီထွန်းလွင်အကြောင်း ဒီလောက်သိချင်နေရတာလဲ . . . ခစ်ခစ် . . . တူမကိုမရတာနဲ့ အဒေါ်ကိုပြောင်းဖို့တော့မဟုတ်ပါဘူးနော်'

'ဟာ . . . မဟုတ်ပါဘူး ဟာ . . . တစ်မျိုးမထင်စမ်းပါနဲ့

www.burmeseclassic.com

www.burmeseclassic.com



. . . ငါက . . . ဟို . . . ဟိုဟာ . . . အဲ’

ခုံအောက်ကနေ ခြေထောက်ကိုနင်းခံလိုက်ရသောကြောင့် စကားကပြောရင်းရပ်လိုက်ရ၏။ ငုံ့ကြည့်လိုက်တော့ ဦးသောင်းအေး ခြေထောက် . . .။ ဦးသောင်းအေးကို လှည့်ကြည့်လိုက်တော့ မျက်နှာက ခရမ်းချဉ်သီးတစ်လုံးနဲ့တူနေလေပြီ . . .။ ဝင်းဝင်းသိန်းရှေ့မှာဆိုတော့ တော်တော်ရှက်နေ၏။ ကျွန်တော်ကိုယ်ချင်းစာမိ၍ . . .

‘ဒီလိုဟ . . . ငါ့အသိတစ်ယောက်စုံစမ်းခိုင်းလို့ဟ . . . အဲ ဒါကြောင့်နင့်ကိုခေါ်ပြီးမေးရတာ . . . ဒါနဲ့ နင့်အစ်ကိုက ဘာမှမပြော ပြဘူးလား’

‘ဟင့်အင်း . . . ကိုသူရကမေးစရာရှိလို့ ဆိုပြီးပဲပြောတယ် . . ကျွန်မက မမ အကြောင်းမေးမယ်ထင်နေတာ’

‘အဟဲ . . . မမအကြောင်းလည်းပါတာပေ့ါဟာ . . . တ လက်စတည်းပြောသွားစမ်းပါဦး . . . မမ ငါ့အကြောင်း ဘာတွေ ပြောသေးလဲ’

ဝင်းဝင်းသိန်းတစ်ချက် စဉ်းစားသွား၏။ ပြီးမှမော့ကြည့်ကာ . . .

‘ကိုသူရအကြောင်းတော့ ထွေထွေထူးထူး ဘာမှမပြောဘူး . . အင်း . . . ဒါပေမဲ့’

စကားကိုပြောသင့် မပြောသင့်စဉ်းစားသလိုလုပ်ပြီးမှ မျက်လွှာ အောက်ချသွား၏။ ကျွန်တော့်ရင်ထဲ ဒိန်းဒနဲဖြစ်သွားကာ . . .

‘ဒါပေမဲ့ ဘာဖြစ်လဲ မထိတ်သာမလန့်သာ နင်ကလည်းပြော စမ်းပါ’

ဝင်းဝင်းသိန်းသက်ပြင်းချသည်။ ပြီးမှ . . .

‘ကိုသူရကိုတစ်ခုခုသတိပေးရဦးမယ် . . . ကိုသူရဘက်က လုပ်စရာရှိရင် မြန်မြန်လုပ်တော့ . . . မမ . . . စေ့စပ်တော့မယ်’

‘ဘာ . . .’

မီးတောင်တစ်ခု ရင်အလယ်ခေါင်မှာ ရုတ်တရက်ပေါက်ကွဲ သွားလေပြီ၊ ဆိုင်းမဆင့်၊ ဗုံမဆင့်ပါလား . . .။

‘မ . . . မမ မှာချစ်သူရှိတယ်လည်း ငါမကြားမိပါလား . . . ဘယ်က . . . ဘယ်လိုကောက်ခါငင်ကာကြီးဟာ’

‘ဟုတ်တယ် ကိုသူရ . . . ကျွန်မတောင် ဟိုနေ့ကမှ သူ့ညီမ

www.burmeseclassic.com

www.burmeseclassic.com



ဆီသွားလည်ရင်းသိတာ . . အတိအကျတော့ ကျွန်မလည်းမပြောတတ်ဘူး . . . ကြည့်ရတာ အိမ်ကစီစဉ်ပုံပဲ . . .၊ အရွယ်လည်းရောက်ပြီဆိုတော့ သူတို့သမီးကို စိတ်ချရတဲ့လူနဲ့ နေရာချပေးတဲ့ပုံစံပါပဲ . . . ဒီလောက်ပဲကျွန်မလည်းသိတယ် . . . အဲဒါကိုသူရဘက်က လုပ်စရာရှိတာ လုပ်ထားလို့ရအောင် ကျွန်မကသတိပေးတာ’

တော်တော်ကြာသည်အထိ ဝင်းဝင်းသိန်းကို ဘာစကားမှမပြောမိ၊ ခေါင်းထဲမှာအတွေးတွေ တော်တော်ရှုပ်သွားရသည်။ အကယ်၍ ထိုကိစ္စကို မမလက်ခံလိုက်ရင် ရင်ကွဲပြီ။ ကျွန်တော့်မှာတားချင်ရင်တောင်တားပိုင်ခွင့်ရှိသူမဟုတ် . . .။ တားသည့်အဆင့်အထိရောက်ဖို့ ကျွန်တော်နဲ့မမကြားအရေးအကြီးဆုံးအဆင့်ကြီးတစ်ဆင့်လိုနေသေးသည်။ အခုချိန်မှာ ကျွန်တော်သာ မမချစ်သူဆို မားမားမတ်မတ်ရပ်၍ ရဲရဲဝံ့ဝံ့တားဆီးပစ်လိုက်မည်။ အဲဒီအခါကျ မမလည်း ကျွန်တော့်ဘက်မှာရှိနေလိမ့်မည်ဟုယုံကြည်သည်။

အခုတော့ ကျွန်တော်ရှုံးပြီ။ မမနဲ့ ကျွန်တော်ကဘာမှမဆိုင်၊ ကျွန်တော်သွားတားရင် အချိုးနှိုးသာ၊ ကံမကောင်းရင် ပါးတောင်ရှစ်စိတ်ကွဲသွားနိုင်လေသည်။ ရှိပြီးသား ရင်းနှီးမှုလေးပြိုကွဲသွားနိုင်သည်။

ကျွန်တော်ဘာလုပ်ရမလဲ . . .။

ကျွန်တော်ဘာလုပ်သင့်သလဲ . . .။

ကျွန်တော် . . .။

www.burmeseclassic.com

www.burmeseclassic.com



ည သည် နိုက်ဂျီးရီးယား ဘောလုံးတစ်သင်းလုံး ကတ္တရာလမ်းပေါ် ကွဲစီးလာသကဲ့သို့ မည်းမှောင်ကာနေ၏။ ကြယ်လည်း မပေါ်၊ လလည်း ဘယ်ရောက်နေမှန်းမသိ၊ တစ်ချက်တစ်ချက်လေတိုးသံက နတ်ဆိုးတစ်ကောင်လေချွန်လိုက်သလို တရှီရှီမြည်ဟီးနေသေး၏။ သာမန်အားဖြင့် ချောက်ချားတိတ်ဆိတ်နေသော ညတစ်ညပင်ဖြစ်လေသည်။

ဝရံတာမှာထိုင်ရင်း ရှေ့ရေးကိုစဉ်းစားနေသည်။ မမနဲ့ စေ့စပ်မှာဘယ်သူလဲ၊ ပြီးတော့ မမကရော အဲဒီလူကိုလက်ခံသလား။ ယောကျ်ားတစ်ယောက်ကို သူ့ဆန္ဒမပါဘဲနဲ့ အတင်းအကျပ်ပေးစားလို့ရမှာမဟုတ်ဘူးဟုထင်မိသည်။မချစ်မနှစ်သက်ဘဲနဲ့ ကိုယ့်ဘဝတစ်ခုလုံးကိုယောကျ်ားတစ်ယောက်အပေါ် ပုံအပ်မည့်အမျိုးအစားထဲမှာ မမပါမှာမဟုတ်၊ ဒါတော့ အပွေးကြည့်တာနဲ့ အပင်ကိုခန့်မှန်းမိ၏။

ဒါဆို ဒီစေ့စပ်ကြောင်းလမ်းပွဲ ဘာလို့ဖြစ်လာရသနည်း။ သက်ပြင်းချရင်း ဘာမှမမြင်ရသော ကောင်းကင်သို့မော့ကြည့်လိုက်၏။ အာကာတစ်ခွင်လုံး အမှောင်ဖုံးနေသလို့ ကိုယ့်ဘဝလည်း အလင်းရောင်ပျောက်နေပြီ။ ဆက်တွေးကြည့်ရင် အဖြေကို ခပ်ရေးရေးသိမြင်လာသည်။ မမ ကိုယ်တိုင်လက်ခံ၍ ဒီပွဲကို ကျင်းပရတာဖြစ်လိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ဒါဆို . . . မမ . . . အဲဒီ့လူကို . . .။

ဝုန်းခနဲထရပ်လိုက်ကာ အိမ်ထဲသို့လှည့်ဝင်လိုက်ပြီး တယ်လီဖုန်းရှိရာသို့ ဦးတည်လိုက်တော့၏။

အမြဲတမ်းမှတ်မိနေ၍ ဒီတစ်ခါပထမဆုံးနှိပ်ဖူးသော နံပါတ်ခြောက်လုံးကို နှိပ်လိုက်ပြီး နောက်တစ်ဖက်မှ ဖုန်းမြည်သံကိုကြားရလေသည်။

'ဟဲလို'

မိန်းမသံတစ်သံ . . .။ ဘယ်သူမှန်းတော့မသိ . . . မမလည်းဖြစ်ဖို့များသည်၊ မဟုတ်ဖို့လည်းများ၏။ ထို့ကြောင့် . . .

'တင်မမထွန်းနဲ့ စကားပြောချင်လို့ပါ'

'အခုပြောနေတာ ဘယ်သူလဲ'

ပထမတော့ နာမည်လိမ်ပြောမလို့ စဉ်းစားလိုက်ပြီးမှ အဲဒီလောက် သတ္တိကြောင်စရာမလိုဘူးဟုတွေးမိ၍ . . . .

'သူရလို့ပြောပေးပါ'

'ဩော် . . . အေး . . . ပြောလေ သူရ . . . မမ . . . ပါ'

ရင်တစ်ခုလုံး ကျင်ခနဲဖြစ်သွား၏။ မမ အသက်ရှူသံသဲ့သဲ့ကို ဖုန်းခွက်ထဲမှကြားနေရသည်။နဖူးတွေ ဒူးတွေကျ ဘာတွေဘယ်ကစပြောရမှန်းမသိတော့၊ အစကတည်းက ဘာဖြစ်လို့ ဖုန်းထဆက်မိမှန်း ကိုယ့်ကိုယ်ကိုယ်မသိခဲ့။ မခံချင်စိတ်တစ်ခုတည်းနှင့် အခုအခြေအနေအထိ ရောက်သွားရခြင်းလည်းဖြစ်နိုင်သည်။ သို့သော် ဒါပဲနော်လို့ပြောပြီး ဖုန်းချပစ်လို့ရသည့်ကိစ္စလည်းမဟုတ်၍ မထူးတော့ပြီမို့ . . .

'မမကို ကျွန်တော်မေးစရာရှိလို့ပါ'

ဟိုဘက်က တုံ့ပြန်သံမကြားရ။ ဒီဘက်ကပြောမယ့်စကား ဆက်နားထောင်နေတာပဲဖြစ်မည်။

'တခြားဟာတော့ မဟုတ်ပါဘူး . . . ဟို . . . ဟိုဟာလေ . . . မမ . . . စေ့စပ်တော့မလို့ဆို'

စက္ကန့်အနည်းငယ်မျှ ဟိုဘက်ကတုံ့ပြန်မှုရပ်ဆိုင်းနေသည်ဟု ထင်မိ၏။ ခဏလောက်ကြာတော့မှ . . .

'မင်းကို အဲဒီ့သတင်းဘယ်သူပြောလဲ'

'ဒီလိုသတင်းမျိုးက ဖုံးကွယ်ထားလို့မရပါဘူး မမရယ် . . . ကျွန်တော်လည်းကြားတာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ် . . . မမ . . . စေ့စပ်တော့မယ် . . . မင်းကိုမမဖိတ်မလို့သတိရပါတယ် ဒါပေမဲ့ အချိန်နည်းနည်းဝေးသေးလို့ ဘယ်သူ့မှမဖိတ်သေးဘူးလေ အဲဒါကြောင့်'

"မမ . . . မမ ကို ကျွန်တော်အခုဖုန်းဆက်တာ မမရဲ့စေ့စပ်ကြောင်းလမ်းပွဲ ဖိတ်မယ့်လူစာရင်းမှာ ကျွန်တော်ကိုထည့်သွင်းပေးဖို့ ဖုန်းဆက်နေတာမဟုတ်ပါဘူး . . . မမကို ကျွန်တော်မေးစရာရှိလို့ ဖုန်းဆက်တာ'

ကျွန်တော့်အသံနည်းနည်း မာသွားတယ်ဆိုတာကိုယ့်ဘာသာကိုယ်သိသည်။ ဒါပေမဲ့ မတတ်နိုင်၊ ရင်တစ်ခုလုံး ဘလောင်ဆူနေပြီ. . ကိုယ်သိပ်ချစ်ရတဲ့ မိန်းမတစ်ယောက်စေ့စပ်တော့မည်။ ပြီးတော့ အဲဒီမိန်းမကိုယ်တိုင်က စေ့စပ်ပွဲကိုလက်ခံသလိုလို လေသံအေးအေးနဲ့ . . .။ ဒေါ့ အပြင် 'မင်းကိုတောင်ဖိတ်စာပေးဖို့ သတိရပါတယ်'ဆိုတဲ့စကား . . .။ အသည်းကို ဓားနဲ့ဆွသလို နာကျင်၏။ ကျွန်တော် သူ့ကိုချစ်နေတာသူမသိဘူးလား။ ကျွန်တော် သူ့အတွက် ပုံစံအမျိုးမျိုးကြိုးစားခဲ့တာ သူ နားမလည်ဘူးလား။ ဒါမှမဟုတ် . . . အားလုံးနားလည်ရဲ့သားနဲ့ စော်ကားတာလား . . .။ အဲဒီလောက်တော့ ကျွန်တော်နွားမကျပါ။ ယောကျာ်းဆိုတာ ယောကျာ်းမာနတော့ရှိသည်။ တကယ်ဆို ကျွန်တော့်ကိုလက်မခံနိုင်သည့်တိုင်အောင် ပြေပြေလည်လည်လေးတော့ ပြောဖို့ကောင်းသည်။ အသက်ရောသိက္ခာပါရင်း၍ ကြိုးစားခဲ့တာလေးတွေတော့ အသိအမှတ်လေးပြုရင်ကျေနပ်ပါသည်။ အခုတော့ . . .။ ချစ်လွန်းလို့ လိုက်လျောခဲ့တာနဲ့တယ်လို့တော့ အထင်မခံနိုင်။ ကျွန်တော် အတ္တကို ခန္ဓာကိုယ်နဲ့မလိုက်အောင်ကြီးထွားပစ်လိုက်၏။

'ဟဲလို . . . သူရ'

'ဟုတ်တယ် နားထောင်နေတယ် မမ'

'မင်းက ဘာမေးစရာရှိတာလဲ'

သက်ပြင်းချလိုက်သည်။ မမကြားလိမ့်မယ်ထင်သည်။

'မမ အဲဒီလူကို တကယ်ချစ်လို့ လက်ခံလိုက်တာလား၊ အဲဒါသိချင်လို့ပါ'

ခဏတော့ ငြိမ်သွားသည်။ ပြီးမှ . . .

'ဒါတွေ မမရဲ့ကိုယ်ရေးကိုယ်တာကိစ္စပါ . . . မင်းနဲ့ဘာမှမပတ်သက်ဘူးထင်တယ် . . . ပြီးတော့ မင်းပြောပုံက မင်းနဲ့မမနဲ့ပဲ တစ်

www.burmeseclassic.com

www.burmeseclassic.com



ခုခုပတ်သက်ခဲ့သလိုလိုနဲ့ . . . အရမ်းစိတ်ကူးမယဉ်ပါနဲ့ သူရရယ် . . . လောကကြီးက လက်တွေ့ကျကျပဲ ဖြတ်သန်းတာအကောင်းဆုံးပါ . . . မင်းလည်းအရွယ်ငယ်တော့တာမှမဟုတ်တာ . . . ကလေးတစ်ယောက်လို့ စိတ်ကူးတွေယဉ်မနေနဲ့'

'ဘယ်လို မမ . . . စိတ်ကူးယဉ်မနေနဲ့ဟုတ်လား . . . ပြောတတ်လိုက်တာဗျာ . . . အဲဒီလို ကျွန်တော်စိတ်ကူးယဉ်ခဲ့တာ ဘယ်သူ့အတွက်လဲဆိုတာ မမ မသိဘူးလား . . . မသိချင်ယောင်ဆောင်လည်း ပြောရသေးတာပေါ့ . . . အဲဒါ မမကိုချစ်လို့'

'တော်တော့ သူရ . . . မင်းဒီလိုစကားမျိုးတွေ ဒီအချိန်မှာ မမကို လာပြောဖို့မလိုတော့ဘူး . . . မမ ဘဝကို မမရွေးချယ်ပြီးပြီ . .'

'ဒီလိုစကားမျိုး အခုမှပြောခဲ့တာမဟုတ်ဘူး . . . ကျွန်တော် မမကိုစတွေ့ကတည်းက ချစ်တယ်လို့ပြောခဲ့တာ အကြိမ်ပေါင်းဘယ်လောက်ရှိပြီလဲ . . . ပြီးတော့ ကျွန်တော် မမကိုပိုင်ဆိုင်ချင်လွန်းလို့ လူပုံအလယ်မှာ ကျွန်တော့်သိက္ခာအကျခံပြီး ဘယ်လိုကြိုးစားခဲ့တယ်ဆိုတာ မမသိပါတယ် . . . နောက်ဆုံး မမ ကားနဲ့တောင်အတိုက်ခံရပြီး သေရမယ့်ဘေးတောင်တွေ့ခဲ့သေးတာ မမ အသိဆုံးပဲ . . . ဒါတွေကို ကျွန်တော် ဂုဏ်ယူပြီးပြောနေတာမဟုတ်ဘူး . . . ဘာပဲဖြစ်ဖြစ်ကိုယ့်အပေါ်အလေးအနက်ထားတဲ့ လူတစ်ယောက်ကိုတော့ နည်းနည်းဖြစ်ဖြစ်လေးစားမှုလေးထားသင့်တယ်ထင်လို့ပါ . . . အခု မမ လုပ်ပုံက အတ္တကြီးလွန်းတယ်ဗျာ'

'အလို . . . သူရ . . . မင်းမမကိုအသားလွတ်ကြီးလာစွပ်စွဲနေပါလား . . . နေစမ်းပါဦး . . . မမက မင်းကိုအတင်းလိုက်ခိုင်းနေလို့ မင်းက မမကိုလိုက်ရတာလား . . . မင်းဟာမင်းမနေနိုင်မထိုင်နိုင်လိုက်တာလား . . . ဒီမယ်သူရ . . . မင်းကို မမ မောင်လေးတစ်ယောက်လိုသဘောထားလို့ အခုလို စကားကို ဒီလောက်အထိလက်ခံပြောနေတယ်ဆိုတာယုံပါ . . . နောက်တစ်ခါ မမကို ဒါမျိုးဘယ်တော့မှလာမပြောနဲ့ . . .'

'ဟား . . . ကောင်းတယ်ဗျာ . . . ကောင်းတယ် . . . ဒိုင်ယာလော့တွေကတော့ မှတ်သားလောက်တယ် ဒေါ်တင်မမထွန်းရယ် . . . ခင်ဗျား ကျွန်တော့်ကိုမချစ်ဘူးဆိုလည်း အစကတည်းက ငြင်းခဲ့ပါလား . . . ဘာလို့ လူတစ်ဖက်သားကို မျှော်လင့်ချက်ထားတဲ့အောင်

www.burmeseclassic.com

လုပ်ခဲ့တာလဲပြောပါဦး . . . ခင်ဗျားမချစ်ဘူးဆို အစကတည်းကပြတ်ပြတ်သားသားပြောငြင်းပေါ့'

ကျွန်တော့်ဒေါသတွေ ဂိတ်ဆုံးရောက်ကုန်ပြီ။ လူရော အချစ်ပါတစ်ပြိုင်နက် စော်ကားခံလိုက်ရချိန်တွင် ခန္ဓာကိုယ်သည် အသိစိတ်နှင့် ခေတ္တအဆက်အသွယ်ပြတ်သွား၏။ တစ်ဖက်ကလည်း ဒေါသထွက်သွားပုံပင် . . . အသက်ရှူသံခပ်ပြင်းပြင်းက နားထဲသို့အရှိန်နှင့်တိုးဝင်လာ၏။ ခဏကြာသွားပြီးမှ . . .

'ဒီမယ် . . . တင်မမထွန်းဘဝမှာ ကိုယ့်ကိုကြိုက်တဲ့ယောကျ်ားတိုင်းသာ လူပေါက်စေ့လျှောက်ငြင်းနေရရင် ထမင်းစားချိန်နဲ့ အိပ်ချိန်တောင်ရှိမှာမဟုတ်ဘူး မှတ်ထား၊ နောက်ပြီး တင်မမထွန်းဆိုတဲ့ မိန်းမကစိတ်ကူးယဉ်သမားမဟုတ်ဘူး . . . ဘဝကိုလက်တွေ့ကျကျပဲကျော်ဖြတ်တာကြိုက်တယ် . . .၊ နောက်တစ်ခု ငါ့ကို ကြိုးစားတဲ့လူတွေထဲမှာ မင်းအကြောင်းဆုံးပဲ . . . မင်းအပေါ်ဆုံးပဲ . . . တကယ်တော့ မင်းဟာ ကိုယ့်ဘာသာကို ဘာဖြစ်လို့ ဖြစ်နေမှန်းမသိတဲ့ သိပ်သနားစရာကောင်းတဲ့ အချစ်ကျေးကျွန်တစ်ယောက်ပဲကွ . . . နောက် ငါလက်ထပ်မယ့်ယောကျ်ားတစ်ယောက်ရဲ့ ပုံစံဟာလည်း မင်းလို့စိတ်ကူးယဉ်သမားမဟုတ်ဘူး . . . မင်းလိုရွှတ်နွံ့နွံ့ပုံစံမဟုတ်ဘူး . . . အဲဒါမင်းမှတ်ထား'

ကျွန်တော် နားထဲမှာကျင်ခနဲ ဖြစ်သွားသည်။ မျက်လုံးတွေပြာတက်လာပြီး တစ်ကိုယ်လုံးထိန်းမရအောင် တုန်ခါလာ၏။

အခု ကျွန်တော့်ကို စကားပြောနေတာ တင်မမထွန်းလား . . ဘုရား . . . ဘုရား . . . ကျွန်တော်သူမစကားတွေကို ကြောက်ခမန်းလိလိတုန်လှုပ်ချောက်ချားသွား၏။ အစွမ်းကုန်စော်ကားလှချေလား၊ ပြောချလိုက်တာရစရာတောင်မရှိ။ ကျွန်တော် ဘာပြန်ပြောရမလဲ၊ ခေါင်းတွေအုံခဲကာ စကားစရှာလို့မရ။

'ခင် . . . ခင်ဗျား . . . တောက် . . . မှတ်ထား'

ကျွန်တော် ဘာစကားမှပြန်ပြောဖို့ ရွေးချယ်မရတော့။ ဦးနှောက်က စကားလုံးရွေးချယ်မှုတွေ မလုပ်နိုင်တော့ဘူးထင်သည်။

နောက်ဆုံး ကျွန်တော် ဖုန်းကိုချပစ်လိုက်ကာ နေရာမှာတင် ခွေလှဲချပစ်လိုက်တော့သည်။

ရက်စက်လိုက်တာဗျာ . . . ။

www.burmeseclassic.com

www.burmeseclassic.com



ကျလုဆဲဆဲ မျက်ရည်ကို ချက်ချင်းသုတ်ပစ်လိုက်၏။

အဲဒါ ပျော့ညံ့မှု။ အဲဒါတွေမလို၊ အချစ်ရှုံးတစ်ယောက်မှာ ျလည်း အသည်းကွဲရဲတဲ့ သတ္တိရှိကြောင်းသူမ သိစေချင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**ခေတ်** အဆက်ဆက်လူသားတို့ အသည်းကွဲတဲ့ဒဏ်ကို ဘယ်လို အံတုခဲ့ကြလဲတော့ ကျွန်တော်မသိ၊ အသည်းကွဲပြီး အရက်သောက်တယ် ဆိုတဲ့ ဇာတ်လမ်းတွေတော့ ကြားဖူးသည်။ သို့သော် အရက်သောက်လို့ တကယ်အသည်းကွဲသွားမှ ဟုတ်ပေ့ဖြစ်သွားမည်။ ကျွန်တော့်ဘဝက ပေါ်ပေါ်တင်တင်ကြီးလည်း အသည်းကွဲလို့မရ။ အင်းလျားကန်ပေါင်ပေါ် ထိုင်ရင်း ရေပြင်ကြီးကြည့်ကာ ချစ်သူနှစ်ဦးကြည်နူးခဲ့တဲ့ အတိတ်ပုံရိပ် လေးတွေ တွေးပြီးလွမ်းလို့တောင်မရ။ ကျွန်တော်နဲ့မမက ကြည်နူးခဲ့ဖို့ နေနေသာသာ လမ်းတောင်အတူတွဲမလျှောက်ဖူးခဲ့။ တကယ်တမ်းတွေးကြည့်ရင် ကျွန်တော်လို ကောင်မျိုးတော်တော်ရှားမည်ထင်သည်။ သို့သော် စေ့စေ့ပေါက်ပေါက်တွေးကြည့်ရင် တစ်ယောက်တော့ရှိ၏။ အဲဒါ . . . ဦးသောင်းအေး။

ဦးသောင်းအေးနဲ့ ကျွန်တော်အသည်းကွဲနည်းချင်း တော်တော်တူသည်။ အခုမှ သူတော်ချင်းချင်းသတင်းလွှေလွှေဖြစ်သွားပြီ။ အခု ကျွန်တော့်အကြောင်းတွေ သူ့ကိုပြောပြတော့ . . .

'မိန်းမတွေက အဲဒါပဲကွ . . . မအေးကြည်နဲ့ သိပ်တူတာ'

သူ့ မအေးကြည်ကတော့ မပါရင်မပြီးပေ။ ဒီတစ်ခါတော့ ဘာမှဝင်မပြောဘဲ လွှတ်ထားလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



'တကယ်တော့ မင်းညံ့တာကွ . . . သူ့ကိုအရင်ကတည်းက မင်းသေချာလိုက်ရမှာ'

'ဟာ . . . ဦးလေးကလည်း . . . ကျွန်တော်ကသေချာမလိုက်လို့အပြောင်အပျက်လိုက်ခဲ့လို့လား . . . အားလုံးအတည်လုပ်တာပဲ'

ဦးသောင်းအေး ကျွန်တော့်ကိုကြည့်ပြီး သက်ပြင်းချသည်။ ဒုံးဝေးလိုက်တာကွာ ဆိုတဲ့ အကြည့်နဲ့လည်းကြည့်၏။ တစ်သက်လုံး ဆရာလုပ်လာသမျှ ဒီတစ်ခါတော့ခံရပြီ . . .။

'ငါပြောတာ မင်းနားမလည်ဘဲကိုး . . . မင်းလုပ်ခဲ့တဲ့ပုံစံတွေက ခပ်ကြောင်ကြောင်တွေဆိုတော့ ဟိုက ဘယ်လိုလုပ် မင်းကိုလက်ခံမလဲကွ . . . ငါပြောတာ သမီးရည်းစားလိုက်နေကျ ပုံစံအတိုင်း ရိုးရိုးလေးနဲ့သေချာလုပ်လို့ပြောတာ'

'အဲဒီလောက်သိနေရင်လည်း ဦးလေး မအေးကြည်ကို ဘာလို့မရခဲ့လဲဗျာ'

စိတ်ပေါက်ပေါက်နဲ့ ထပြောပစ်လိုက်တော့ မျက်နှာကတဖြည်းဖြည်းညှိုးကျသွားကာ . . .

'မအေးကြည်က အသည်းမာတာကိုးကွ' အင်း တကယ်တမ်းစဉ်းစားကြည့်ရင် ဘဦးက မြအေးကို'

'မအေးကြည် အသည်းမာတယ်ဆို လုံလောက်ပါပြီ ဦးလေး ရယ် အဲဒီ့ ဘဦးတွေ မြအေးတွေပါမလာပါနဲ့တော့ . . . ကဲ . . . ဒါနဲ့ဦးလေး ဘာဆက်လုပ်မလဲ'

ပြောချင်တာ မပြောလိုက်ရ၍ စိတ်ညစ်သွားသော ဦးသောင်းအေးကြီး ကျွန်တော့်ကိုမော့ကြည့်ကာ . . .

'ဘာကိုလဲ'

'တင်မမထွန်း အဒေါ်ကိစ္စ'

'အဲ . . . အဲဒါတော့ မင်းပဲ ငါ့ကိုလုပ်ပေးမယ်ဆို'

ကျွန်တော်သက်ပြင်းချလိုက်၏။ အော်ပြီးသာရယ်ပစ်လိုက်ချင်တော့သည်။ ကျွန်တော်တောင် တူမဖြစ်သူကို အနားကပ်လို့မရတာ အဒေါ်ဖြစ်သူဆိုတော်တော်ဝေးသွားပြီ။ ဒါပေမဲ့ သူတစ်ပါး မျှော်လင့်ချက်ကို ကျွန်တော်ရိုက်ချိုးမပစ်ဝံ့။ ကိုယ်ချင်းလည်းစာသည်။ ပြီးတော့ ဦးသောင်းအေးကြီးကို သနားလည်းသနားသည်။ အခုတောင် ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



ကို ပေစုတ်စုတ်လေးနဲ့ကြည့်ကာ . . .

'ငါ့မှာ အဖော်ဆိုလို့ မင်းပဲရှိပါတယ်ကွာ'

ဂျာနယ်တွေနောက်က ကြော်ငြာကြီး ပြေးမြင်ပြီး ကြက်သီးထသွားသေး၏။

'စိတ်ချပါဗျာ ကျွန်တော်ကတိမပျက်ပါဘူး'

'မင်းတကယ်ပြောတာလားဟင်'

ကျွန်တော် ခေါင်းညိတ်ပြလိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



ဦး သောင်းအေးကို ကူညီတာ အကျိုးမယုတ်တာတော့ အမှန်ပင်။ ကံစွပ်ပြီး မမ အဒေါ်နဲ့ ဦးသောင်းအေး အဆင်ပြေသွားတော့လည်း ကျွန်တော့်ဘက်ကတစ်ခုကောင်းသွားသည်။ မမ အဒေါ်ကျွန်တော့်ဘက်က လူဖြစ်သွားသောကြောင့်ဖြစ်သည်။ ထို့ကြောင့် စိတ်ကူး နဲ့တင်တွေးနေလို့မဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရန် ကျွန် တော်တို့ ယုဇနပလာဇာသို့ထွက်ခဲ့လိုက်တော့၏။ မမတို့ အဒေါ်က ပလာဇာမှာ ဆိုင်ဖွင့်ထားသည်။ ဘာဆိုင်လဲတော့ အတိအကျမသိ။

'ဟင် ဘော်လီဆိုင်ကြီး'

ဆိုင်ရှေ့ရောက်တော့ ဦးသောင်းအေး ပေကြောင်ကြောင်ကြီး ရပ်ကာတွန့်သွား၍

'ဝင်လေ ဦးလေး ဘာဖြစ်လို့လဲ'

'ဝင် . . . ဝင်လို့ဖြစ်ပါ့မလား . . . ဆိုင် . . . ဆိုင်ကိုလည်း ကြည့်ဦး'

ဆိုဒ်စုံချိတ်ထားသော ဘရာစီယာနှင့် ဘော်လီအချို့တွေ့ရ တော့ ရင်ထဲမှာ ရှိန်းခနဲဖြစ်သွားကာ . . .

'ကျွန်တော် သိတာတော့ ဒီဆိုင်ပဲ . . . ဘော်လီဆိုင်မှန်း အခုမှသိတာ'

www.burmeseclassic.com

www.burmeseclassic.com



'အဲ . . . အဲဒါဆို ဘယ်လိုလုပ်မလဲ . . . ငါ . . . ငါမဝင်ရဲဘူး'

ဦးသောင်းအေး ခြေကန်ပေးပြီးနောက်သို့ တစ်ချက်ဆုတ်သွားတော့ ကျွန်တော်စိတ်ပျက်သွားသည်။ အမှန်တိုင်းပြောရရင် စိတ်ဓာတ်လည်းတော်တော်ကျသွား၏။ ဦးသောင်းအေး ပုံစံလည်းကြည့်ဦး၊ တိုက်ပုံအနက်ကြီးနှင့် အောက်က လည်ကတုံးအဖြူ . . . အစကတည်းက ဝတ်မလာပါနဲ့ ပြောလည်းမရ။ မိန်းမကလည်းပိုးချင်သေးသည်။ ဝတ်ပုံစားပုံပြောင်းပါဆိုလည်း လက်မခံ . . .။ ကလေးကလားနဲ့ ကွာဆိုပြီး ဒါကြီးပဲဝတ်ဝတ်လာ၏။ အခုတော့ ဇာဘော်လီဆိုင်နဲ့ တိုက်ပုံ . . . တွေ့ကြပြီ . . .။

'အစ်ကိုတို့ ဘာရှာလဲမသိဘူး'

'အဲ'

ဆိုင်ရှေ့ယောင်ပေပေဖြစ်နေသော ကျွန်တော်တို့ နှစ်ယောက်ကို ဆိုင်ထဲကကောင်မလေး တစ်ယောက်ထွက်လာကာမေး၏။ ရုတ်တရက်ဆိုတော့ ဘာပြန်ပြောရမှန်းမသိ။ ကျွန်တော် ဦးသောင်းအေးကို တစ်ချက်လှည့်ကြည့်လိုက်၏။ စစ်ကူတောင်းတဲ့သဘော . . . အဲဒီကျမှ ပိုဆိုးသွား၏။ ဦးသောင်းအေး ကျွန်တော်လှည့်ကြည့်တာလည်းတွေ့ရော ပျာပျာသလဲနှင့် . . .

'အဲ . . . အဲ . . . မဟုတ်ပါဘူး၊ တူမကြီးရယ် . . . ကြည့်တာပါ . . . ဘာရယ်မဟုတ်ပါဘူး'

သူ့ပါးစပ်ထဲတွေ့ကရာတွေ လျှောက်ပြောမှပိုဆိုးတော့၏။ ကောင်မလေးတစ်မျိုးသဘောပေါက်သွားကာ . . .

'ဩော် . . . ခစ် . . . ခစ် . . . သဘောပေါက်ပြီ . . . လာ . . . လာ . . . ဆိုင်ထဲဝင်ကြည့်ပါ အန်ကယ်ကြီးရဲ့ . . . ဆိုင်ထဲမှာဆိုတော့ ကြိုက်သလိုကြည့်လို့ရတာပေါ့'

ဦးသောင်းအေးကြီး ဟဲဟဲ ဟဲဟဲ နဲ့ ဟိုကောင်မလေးနောက်လိုက်သွားတော့ ကျွန်တော်ပါဝင်လိုက်သွားရတော့၏။ ဒါမျိုးကျ လူပျိုကြီးကရှေ့ဆုံးက . . .၊ အထဲရောက်တော့ ကျွန်တော့်ကို အနားကပ်ပြီး . . .

'ကောင်မလေးက သဘောကောင်းသားပဲကွ'တဲ့ . . .။

ကျွန်တော့်မှာ သူ့လို့မပျော်နိုင်အား . . .၊ သူ့မှာတိုက်ပုံကြီးနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့ . . . ။

ဆိုင်ထဲမှာ ကောင်မလေးသုံးယောက်လောက်ရှိ၏။ အရောင်းဝန်ထမ်းတွေဖြစ်ပုံရ၏။ ကျွန်တော် မမတို့ အဒေါ်ကိုလိုက်ရှာလိုက်၏။ ဦးသောင်းအေးကတော့ ကောင်မလေးသုံးယောက်နဲ့ ဟိုဘက်မှာ ရှာလည်နေလေပြီ . . . ။ ကျွန်တော် ဦးသောင်းအေးကိုထားပြီး အလယ်တန်းဘက်ထွက်လာလိုက်တော့ . . . ဆိုင်ကောင်တာကိုမြင်ရပြီ။

ကောင်တာမှာ မျက်မှန်အဝိုင်းလေးတပ်ထားသော အသက်သုံးဆယ်ကျော် အမျိုးသမီးတစ်ယောက်။ သုံးဆယ်ကျော်လို့ပြောရတာက မမတို့ အဒေါ်ဖြစ်နေ၍ သုံးဆယ်ကျော်လို့မှန်းလိုက်ခြင်းပါ။ မသိတဲ့ လူဆို နှစ်ဆယ်ကျော်လောက်ပဲထင်မှာသေချာ၏။ ခပ်ရှင်းရှင်းပြောရရင် အသက်အရွယ်ကို ရုတ်တရက်ခန့်မှန်းလို့ မလွယ်သည့်မိန်းမတစ်ယောက် . . . ၊ တစ်နည်းဆိုရရင် အရွယ်အလွန်တင်သည့် အမျိုးသမီး၊ ဦးသောင်းအေးကြီး ရှူးလောက်၏။

ဟိုယောင်ယောင် ဒီယောင်ယောင်နဲ့ ကောင်တာနားသွားပြီး အနီးကပ်လေ့လာလိုက်ပြန်သည်။ အဝေးကကြည့်လည်းလှသလို အခုလို အနီးကပ်တွေ့တော့လည်း ချောနေပြန်၏။ မမတို့ အဒေါ်ဆိုတော့ ဒီလောက်တော့ရှိမှာပေါ့ဟု တွေးနေစဉ် ထိုအမျိုးသမီးက မျက်လုံးတစ်ချက်လှန်ကြည့်တာတွေ့ရတော့ ယောင်ကန်းကန်းနှင့် ရှေ့မှာချိတ်ထားတဲ့ ဘရာစီယာတစ်ထည်ကို ကိုင်ကြည့်နေလိုက်သည်။ ဒေါ်ညိုမီထွန်းလွင်လည်း အခုမှ ကျွန်တော့်ကို သတိထားမိလိုက်ပုံပင် . . . ။ သေချာအကဲခတ်ကာ ကောင်တာမှထလာတာ တွေ့လိုက်ရသည်။ ယောကျ်ားလေးတစ်ယောက်အနေနဲ့ ဒီလိုဆိုင်မျိုးလာတာ အံ့ဩသွားတာလည်းဖြစ်ဖို့ များ၏။ အနားရောက်တော့ . . .

'ဘယ်လို အမျိုးအစားထဲက ကြည့်ချင်လဲမသိဘူး'

'ဟိုဟာ . . . အဲ . . . ဘယ် . . . ဘယ်အမျိုးအစားထဲက ကောင်းလဲဟင်'

ဒေါ်ညိုမီထွန်းလွင်က ကျွန်တော့်ကိုကြည့်ပြီး ပြုံးလိုက်တာတွေ့လိုက်ရသည်။ အဲဒီအပြုံးမှာ သာမန်အပြုံးမျိုးမဟုတ်ဘဲ အဓိပ္ပာယ်တစ်စုံတရာပါတာ သတိထားမိလိုက်၏။ ကျွန်တော်ကလည်း ဘရာစီယာအမျိုးအစားတစ်ခုလောက်တော့ သိနေဖို့ကောင်းသည်။ ကိုယ်က မမြင်ဖူးတော့လည်း ဘယ်ကုမ္ပဏီတွေက ထုတ်မှန်းမသိ။ ခဏနေတော့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရှေ့ ဘရာစီယာ သုံးလေးခုရောက်လာလေသည်။

‘ဆိုဒ်ဘယ်လောက်လဲ မောင်လေး’

‘ဗျာ’

‘ဆိုဒ်လေ . . . ဆိုဒ် . . . ဆိုဒ်ဘယ်လောက်လဲလို့’

‘အဲ . . . ဟိုဟာလေ . . . ဟို . . . ဘယ်လောက်ဆိုသင့်တော်မလဲဟင်’

‘ဟင် . . . အဲဒါ မောင်လေးကပြောရမှာလေ . . . မမဘယ်သိမလဲ’

ဒေါ်ညိုမီထွန်းလွင်က သူ့ကိုယ်သူ မမဟု နာမ်စားသုံး၏။ သူက မမဆိုတော့ မမပေါ့ . . .။ တင်မမထွန်းကိုတောင်ပြေးပြီး သတိရမိသေးသည်။ အဒေါ်နဲ့တူမ ရုပ်ချင်းလည်းသိပ်မကွာ . . .။ အသက်ချင်းကျတော့လည်း မသိရင်မတိမ်းမယိမ်းလောက် . . .။

‘ဟို . . . ကျွန် . . . ကျွန်တော်လည်းမမေးခဲ့ရဘူး’

‘ဒါဆို ပုံစံပြော . . . ဘယ်သူ့ဝတ်မှာလဲ’

‘ကျွန်တော်’

‘ဘာ’

‘ဟာ . . . မဟုတ်ပါဘူး . . . ကျွန် . . . ကျွန်တော့်အဒေါ်လို့ပြောတာ . . . အင်း . . . ပုံစံကတော့ မမတို့အရွယ်လောက်ပဲ . . . အင်း . . . ခန္ဓာကိုယ်အချိုးအစားလည်း မမလောက်ပဲ’

‘မမလောက် . . . ဟုတ်လား’

‘ဟုတ် . . . မမဆိုဒ်ပဲ . . . ဟို . . . ကျွန်တော်ကမမေးခဲ့ရဘူး . . . မွေးနေ့လက်ဆောင်ပေးမလို့ . . . အဒေါ်အံ့သြသွားအောင်ပါ . . . ဟဲ . . . ဟဲ . . . ဟဲ . . . ကျွန်တော် အဒေါ်လည်း မမတို့လို ချောချောလှလှအပျိုကြီး’

ဒေါ်ညိုမီထွန်းလွင်က ကြန္ဒြေရစွာပြုံးလိုက်၏။ ရင့်ကျက်သောတည်ငြိမ်မှုကို ကျွန်တော်ပထမဆုံးသတိပြုလိုက်မိသည်။ တော်ရုံတန်ရုံကောင်မလေးတွေဆို ဒီလိုစကားမျိုးကြားရင် အနည်းဆုံးတော့ရှက်ပြုံးလေးဖြစ်သွားရမည်။ ဒေါ်ညိုမီထွန်းလွင်ကတော့ ဒါမျိုးမဟုတ်။

ဒီလိုနဲ့ ကျွန်တော့်ကို ဘရာစီယာ တစ်ထည်ရွေးပေးသည်။ ဘယ်ဆိုဒ်လဲလို့မမေးဖြစ်။ မေးလည်းမမေးရဲ အိမ်ရောက်မှ ဖတ်ကြည့်လည်းဖြစ်၍ ယူပြီးထွက်လာလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်က ထွက်ခါနီးမှ ဦးသောင်းအေးကြီးကို သတိရသွား၍ ပြာခနဲဖြစ်သွားကာ ဆိုင်အနှံ့လိုက်ရှာမိတော့သည်။ ဦးသောင်းအေးတစ်ယောက် အဆင်မှပြေပ့ါမလား စိုးရိမ်စိတ်ကအခုမှ ပေါ်လာတော့သည်။ ဒေါ်ညိုမီထွန်းလွင်ရဲ့ အလှူတရားမှာပျော်ပြီး လာရင်းကိစ္စတောင်မေ့သွားကာ ဦးသောင်းအေးကြီးတောင်ခေါ်မပြလိုက်ရ . . .။

ဆိုင်ထောင့်တစ်နေရာမှာ ကောင်မလေးနှစ်ယောက်နဲ့ ဦးသောင်းအေးကို ဖြဲဖြဲ ဖြဲဖြဲနဲ့တွေ့ရလေသည်။

'တော်ပြီ . . . တူမကြီးရဲ့ . . . များနေပြီ . . . ဟီးဟီး'

'ယူပါဦးရဲ့ . . . ဒါလည်းနောက်ဆုံးဝင်လာတာလေ'

'ဟဲ . . . ဟဲ . . . ဦးက လူပျိုကြီးကွဲ . . . ဟီး ဟီး'

ဘာတွေဘယ်လိုဖြစ်ပြီး အဖွဲ့ကျနေလဲမသိပေ . . . လက်ထဲမှာလည်း အထုပ်တွေတွေ့ရသည်။ ကျွန်တော် ပွဲမြန်မြန်ဖြတ်မှဖြစ်တော့မည်။ တော်ကြာ သူ့ကိုယ်သူ လူပျိုကြီးဆိုတာ ထည့်ထည့်ပြောနေတာနဲ့ပြီးမည်မထင်။

'ဦးလေး သွားမယ်လေ . . . ပြီးပြီလား'

ထိုအခါကျမှ အိပ်မက်ကလန့်နိုးသူလို ကယောင်ကတမ်းနဲ့ . .

'ဟင် . . . အဲ . . . ဟော့ကောင် . . . အေး . . . ပြီးပြီ'

'ပြီးပြီဆိုလည်းသွားမယ်လေ ဦးလေးရဲ့'

'အေး . . . အေး . . . ဟဲ . . . ဟဲ . . . တူမကြီးတို့သွားမယ်နော် . . . ဟီး . . . ဟီး'

ဦးသောင်းအေး သံယောဇဉ်အမျှင်မပြတ်ကာ တန်းလန်းတန်းလန်းနဲ့ပါလာတော့သည်။ လမ်းရောက်တော့ . . .

'ဦးလေး အထုပ်တွေများလှချည်လား ဘာတွေလဲ'

'ဘရာစီယာတွေလေ'

'ဟာ . . . ဘာ . . . ဘာလုပ်ဖို့လဲ'

'သိဘူးလေ . . . ငါလည်း သမီးလေးတွေ အားနာတာနဲ့ဝယ်လာတာ'

'ဟင် . . . အဲဒါတွေအခုဘာလုပ်မလဲ'

'မင်းယူသွား'

'ဟာ . . မဟုတ်တာ . . . ကျွန်တော်က အဲဒါတွေဘာလုပ်ရမှာလဲဗျ'



www.burmeseclassic.com

www.burmeseclassic.com


ဦးသောင်းအေး တစ်ချက်တော့ငိုင်သွားကာ . . .။ ပြီးမှ . . .

'အခုမှ သတိရတယ် . . . ငါ့သူငယ်ချင်း မိန်းမကိုပေးလိုက်မယ်၊ သူ့မှာ တူမတွေအများကြီး'

ကျွန်တော် ဘာမှပြန်မပြောတော့ဘဲ သူ့ကိုသာ စိတ်ပျက်စွာ ကြည့်နေမိသည်။ သူ့ခမျာ . . . တိုက်ပုံကြီးတကားကားနဲ့ ချွေးတွေ တောင်ပျံ့လို့ . . .။

'ဒါနဲ့ . . . ဟို . . . သူ့ . . . သူ့ကိုတွေ့လားဟင်'

သိလျက်သားနဲ့ မသိချင်ယောင်ဆောင်လိုက်ကာ . . .

'ဘယ်သူလဲ'

'သူလေကွာ . . . သူ . . . ညိုလေး . . . ညိုလေး လေ'

ကျွန်တော် သူမြင်အောင် သက်ပြင်းချပြလိုက်ကာ . . .

'မတွေ့ဘူး'

ပေါ်တင်ကြီးလိမ်ပစ်လိုက်၏။ ဦးသောင်းအေးကလည်း ကျွန်တော်မြင်အောင် သက်ပြင်းပြန်ချပြကာ . . .

'ဘယ်တတ်နိုင်ပါ့မလဲကွာ'

ဟုပြောရင်း ခေါင်းကြီးစိုက်ကျသွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ကျွန်ုပ်တို့အားလုံးတူညီသော မိုးကောင်းကင်အောက်၌ နေထိုင်ကြသည်။
သို့သော် . . . . ။
မိုးကုပ်စက်ဝိုင်းကား မတူညီကြချေ။

*ကိုးနတ်အဒမ်နော်ယာ။* ။

www.burmeseclassic.com

www.burmeseclassic.com



မိုးဖွဲလေးကျနေသည်။ လမ်းတစ်လျှောက် ချိုင့်ခွက်ကလေးတွေ ရေပြည့်တယ်ဆိုရုံလေး မိုးကရွာသွန်းနေ၏။ သို့သော် လေတော့တော်တော်ကြမ်းတယ်ဆိုတာတွေးလိုက်မိ၍ ကားမှန်တံခါးတွေကိုသေချာလုံအောင်ပိတ်ထားလိုက်၏။

'ဝေါ'

'ဝေါ'

'ဝူး'

'ဂျိမ်း'

မိုးခြိမ်းသံက ပတ်ဝန်းကျင်ကိုဖုံးလွှမ်းသွား၏။ ထို့နောက်မိုးကပိုသည်းလာကာ လေလည်းပိုကြမ်းလာသည်။ အပင်ထိပ်ဖျားများက ယိမ်းနွဲ့တုန်ခါကာ မိုးရေထဲမှာလိုက်ပါကခုန်လျက် . . .။

စိတ်ပျက်စွာပတ်ဝန်းကျင်ကိုကြည့်လိုက်တော့ တော်တော်နဲ့စဲမယ့်မိုးမဟုတ်။ အချိန်အတော်ကြာသဲသဲမဲမဲရွာဦးမည့်အရိပ်လက္ခဏာပင်။ ကားစက်ကိုထပ်နှိုးကြည့်လိုက်၏။ အရင်အကြိမ်တွေကလိုပင်။ အချည်းနှီး။ တောက်တစ်ချက်ခေါက်ပြီး စတီယာတိုင်ကိုလက်သီးနဲ့ထုပစ်လိုက်သည်။ အရေးအကြောင်းဆိုဆီပျောက် မီးပျောက်လောက်မှု မလုပ်တတ်သောကိုယ့်ကိုယ်ကိုယ်လည်း မကျေမနပ်ဖြစ်မိသည်။ အခု

www.burmeseclassic.com

www.burmeseclassic.com



တော့ဒုက္ခရောက်ပြီ။ မြို့ထဲကအပြန် ပျင်းတာနဲ့ ဦးသောင်းအေးဆီ လှည့်ဝင်လာတာ ကားကသူ့အိမ်မရောက်ခင်လမ်းမှာပဲထိုးရပ်သွား၏။

အိမ်ကထွက်ကတည်းက ကားကမကောင်း၊ လမ်းမှာဒီလိုပဲ ခဏ ခဏ စက်သေသေသွားသည်။ သို့သော်ကိစ္စကအရေးကြီးနေ၍ ဒါ ကိုဂရုမစိုက်မိ။ အခုတော့ မိုးထဲရေထဲမှာဒုက္ခရောက်ပြီ။ ကားဆိုတာက လည်း စက်ကောင်းမှအသုံးဝင်သည်။ အခုလိုပျက်သွားတော့ မိုးခိုလို့ရ ရုံအပြင် ဘာမှအသုံးမဝင်တော့၊ အရေးထဲဟန်းဖုန်းကလည်း ဘက္ထရီ ကုန်သွား၍ ဘာမှလုပ်မရ၊ ပတ်ဝန်းကျင်ကလည်း လူခြေတော်တော် တိတ်၍ဘာဆိုင်မှမရှိ၊ နောက်ဆုံးမိုးရေထဲကားတွန်းပြီး အိမ်ပြန်ရမလို ဖြစ်နေ၏။

ဒါတော့မဖြစ် ကိုယ်ကတွန်းနိုင်ဦးတော့ ရပ်ကွက်တစ်ခုခြား သည့် ကျွန်တော့်အိမ်ကိုရောက်လျှင် လျှာထွက်ပြီးသေသွားနိုင်သည်။ အဲဒီတော့ တစ်ခုပဲရှိသည်။ ဒီအတိုင်း ဆက်ထိုင်နေလိုက်ရုံသာ၊ ဒါမှမ ဟုတ်စက်ပြင်ဆရာတစ်ယောက်ကိုသွားခေါ်ရုံသာ။

ဒီအတိုင်းဆက်ထိုင်နေဖို့ဆိုတာတော့ ဘာအလုပ်မှမရှိ၍ ပျင်း သောကြောင့် တစ်ခုခုလုပ်ဖို့စဉ်းစား၏။ စက်ပြင်ဆရာသွားခေါ်ဖို့ဆိုတာ ကတော့မဖြစ်နိုင်၊ ဒီနားမှာဝပ်ရှော့ ဘယ်မှာရှိမှန်းမသိ၊ ထို့ကြောင့် ရလို ရငြားလေး ဟိုနှိုက် ဒီနှိုက်လုပ်ကြည့်ဦးမည်ဟု စဉ်းစားကာ ထီးဖွင့်၍ ကားထဲမှထွက်လိုက်တော့၏။

ကားရှေ့ဘောနက်ဖုံးကိုဖွင့်ဖွင့်ခြင်း ဘာစကိုင်ရမှန်းမသိ၊ ဟို ယောင်ယောင်ဒီယောင်ယောင်နှင့် ဟိုကြိုးဆွဲလှုပ်ဒီကြိုးဆွဲလှုပ်လုပ်ကြည့် လိုက်သည်။ အဲယားကလီနာကိုလက်နဲ့နှစ်ချက်လောက်ပုတ်လိုက်ကာ ဘက္ထရီငုတ်ကိုလည်း လှုပ်ကြည့်လိုက်သေး၏။ ထို့နောက်ကားထဲပြန်ဝင် ပြီး စက်နှိုးကြည့်လိုက်သည်။ မထူး . . . . ။

သက်ပြင်းချကာ ကားရှေ့ပြန်သွားလိုက်သည်။ တတ်သ လောက်မှတ်သလောက်တော့ ဖြစ်နိုင်ချေရှိတာကိုလိုက်စဉ်းစားကြည့် တော့ ပလပ်ရေဝင်သွားတာလည်းဖြစ်ဖို့များသည်။ ဒါမှမဟုတ် ကာဘ ရိုတ်တာကလည်းဖြစ်နိုင်ချေရှိတယ်ဆိုတော့ . . . ။

'ဖရူး . . . ဖြတ် . . . ဖြတ်'

'ညောင် . . ညောင်'

'ဟင်'

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ကားစက်ဖုံးအောက်ကို ကမူးရှူးထိုးပြေးတက်လာသော ကြောင်တစ်ကောင်ကိုတွေ့တော့လန့်ပြီးနောက်ကိုဆုတ်လိုက်မိ၏။ ကြောင်လေးက အညိုစင်းလေး၊ တစ်ကိုယ်လုံးလည်း ရေတွေရွှဲလို့ . . . .

'ဝုတ် . . ဝုတ်'

'ဝုတ် . . ဝုတ်'

'ဝေါင်း . . . ဝေါင်း'

'ခွီး . . . ခွီး'

ကြောင်က ခွေးသံတွေကြားပြီး ရုတ်တရက်တစ်ကိုယ်လုံးအမွေးတွေဖွာသွားကာ ခါးကြီးကုန်းသွားလေသည်။ ကျွန်တော်အသံကြားရာဘက်လှည့်ကြည့်လိုက်တော့ ခွေးခြောက်ကောင် . . . ။

ကျွန်တော့်ခန္ဓာကိုယ်က အလိုလိုကားဘန်ဘာမှာ ကပ်ကာသွား၏။ ခွေးတွေကကြောင်ကိုကြည့်လိုက်၊ ကျွန်တော့်ကိုကြည့်လိုက်နှင့် ရုတ်တရက်ဗျာများသွားပုံရသည်။ ရပ်ကွက်ထဲက ခွေးလေခွေးလွင့်တွေဖြစ်ပုံရပြီးတကယ်ဖွဲ့မယ့် ဒီဇိုင်းတွေ။ ခွေးတွေက သူတို့အချင်းချင်းပြန်ကြည့်ကာ ကျွန်တော့်ကိုဝိုင်းလိုက်သည်။ ဘာမှတော့မလုပ်သေး . . . ။ သို့သော်လှုပ်ရင်ဆွဲမယ့်ပုံစံတွေ။ ကျွန်တော်မလှုပ်ရဲတော့ . . . အသက်တောင်ချွေချွေတာတာ ရှူနေရ၏။ ခွေးမကိုက်ဂါထာလည်းမရ၍ ဘုရားစာသာရွတ်နေရတော့၏။

နောက်က ကြောင်ကတော့ဒါတွေမသိ၊ ကျွန်တော့်ကိုအားကိုးရာရပြီလို့များ ထင်သွားသလားမပြောတတ် . . . . အင်ဂျင်တုံးပေါ်ရပ်နေရင်းမှ ရေတိုင်ကီပေါ်ဖျတ်ခနဲခုန်ထွက်လာပြီး ခွေးတွေကိုဖြဲခနဲခြိမ်းခြောက်လေတော့၏။

ငါးပါးတော့မှောက်လေပြီ။ ကံဆိုးမသွားရာ မိုးလိုက်ရွာရုံတင် မကမိုးကြိုးပါပစ်ခံရတဲ့ကိန်းဆိုက်နေပြီ။

'ဟဲ့ ကြောင် . . . သွား . . ရှူး ရှူး . . ရှူး ရှူး'

'ရှူး . . . ရှူး'

ကျွန်တော့် ရှူး . . . ရှူးဆိုတာ ကြောင်ကိုမောင်းတာပါ . . . ။ ဒါကို ကိုရွှေခွေးတို့က ရှူးတိုက်တယ်ထင်ပြီး ညာသံပေးကာ . . .

'ဝုန်း . . . ဝုန်း'

'ဝုတ်'

'ဝေါင်း . . . ဝေါင်း . . . ခွီး . . . ညော်'

www.burmeseclassic.com

www.burmeseclassic.com



'ဂီး . . . ခွီး . . . ဝူး'

အားလုံးရှုပ်ကုန်ပြီ . . . ခွေးခြောက်ကောင် . . . ကြောင်တစ်ကောင်နှင့် ကျွန်တော် . . . . ။ အားလုံးပလုံးပထွေး . . . စဉ်းစားနေလို့မရတော့ . . . ဒီခွေးတွေအားနဲ့ဆို ကားစက်ခန်းတစ်ခုလုံးမွစာကြဲသွားနိုင်ကာ မီးလုံးတွေပါကွဲသွားနိုင်၏။

ကျွန်တော်ထီးကိုပိတ်ပြီး အနီးဆုံးရှိခွေးတစ်ကောင်ကို လွှဲရိုက်ပစ်လိုက်တော့သည်။

'ဂိန်'

ချက်ကောင်းထိသွား၍ ငနဲသားနှစ်ပတ်လောက်လိမ့်သွားကာ ကားယားလေးဖြစ်သွား၏။

'လာ ထား နောက်တစ်ကောင်'

ကျွန်တော်အားတက်သွားကာ . . ကားရှေ့ရဲ့ပေါ်မတ်တပ်ရပ်ပြီးကြောင်ကိုလှမ်းဆွဲနေသောခွေးဗိုက်ကိုပြေးကန်ပစ်လိုက်၏။

'ဘုတ်'

'ဂိန် . . ဂိန် . . ဂိန်'

သူတို့ဘက်က နှစ်ကောင်လောက်ထိသွားတော့ကျန်တဲ့လေးကောင်ခပ်ရွံ့ရွံ့ဖြစ်သွားကာရဲသွားတော့သည်။ နိုင်ချေရှိတုန်းလေးဆက်ဖိုက်ဖို့စဉ်းစားကာ ထီးကိုကျစ်ကျစ်ပါအောင်ဆုတ်ပြီးထိုလေးကောင်နားအမြန်ပြေးကပ်ပစ်လိုက်တော့ နောက်ညာဘက်ခြေထောက်ကပူခနဲဖြစ်ကာသွား၏။ လှည့်ကြည့်လိုက်တော့ ခွေးတစ်ကောင်ကိုက်ရက်သားတန်းလန်း . . .

'ဂီး . . . ဂီး'

'ဂွီး . . . ဂဲ . . . ဝေါင်း . . . ဝေါင်း'

'ဝုန်း . . . ဂူး . . . ဂိန်'

ဒီတစ်ခါတော့ တကယ်ဘဝပျက်လေပြီ . . . .။ ခွေးတို့၏ထုံးစံအတိုင်း တစ်ကောင်ခဲမိလျှင် နောက်လိုက်နောက်ပါတွေကပါအားတက်လာကာ အကုန်လုံးတိုက်ပွဲတွင်းသေသေကြေကြေပြေးဝင်တတ်သည့်စိတ်ဓာတ်ရှိသည်။ ခပ်ထွားထွားခွေးတစ်ကောင်၏ဆောင့်တွန်းမှုကြောင့် ကျွန်တော်မတ်တပ်ရပ်နေရာမှ ဖင်ထိုင်ရက်ပြုတ်ကျသွားတော့ . . . . ဘယ်ရမလဲ သူရပဲ . . . ။

'ကယ်ကြပါဦးဗျို့'



www.burmeseclassic.com

www.burmeseclassic.com



'ကယ်ကြပါဦး'

ကျွန်တော့်အသံက မိုးသံတွေကြား မိုးကြိုးပစ်သံကဲ့သို့ကျယ်လောင်ကာထွက်သွား၏။ ကံအကြောင်းတိုက်ဆိုင်လို့လား ကျွန်တော့်(Vocal)မြင့်လို့ပဲလားမသိ။ ခပ်လှမ်းလှမ်းမှာ ကားအဖြူလေးတစ်စီးထိုးရပ်သွားတာတွေ့လိုက်ရလေသည်။ ခွေးတွေကတော့ ကျွန်တော့်ခန္ဓာကိုယ်အနှံ့ကုတ်ခြစ်ခဲထားဆဲ . . . .။

'ဟဲ့ ခွေး . . . သွားစမ်း . . ကဲ ကွာ'

'ဂိန်'

'ရော့ကွာ'

'ခွပ်'

'ဂန် . . . ဂန် . . . ဂန်'

'ဖယ်စမ်း . . . တောက် . . . ပြောနေတာမကြားဘူးလား အင်း ဟယ်'

'အွန် . . . အွန် . . . ဂွန်'

ကားပေါ်ကဆင်းလာတဲ့ လူရဲ့ကူညီမှုကြောင့် ကျွန်တော့်ကိုယ်ပေါ်ကခွေးခြောက်ကောင်ခဏအတွင်းပင်မရှိတော့ . . .။ သို့သော်ကျွန်တော်မထနိုင်သေး . . . လူက မိုးရေထဲမှာပက်လက်၊ တစ်ကိုယ်လုံးထူပူနာကျင်နေပြီ . . .။

'ဟင် . . . သူ . . . သူရပါလား'

နာမည်ခေါ်သံကြား၍ ထိုကျေးဇူးရှင်ရဲ့မျက်နှာကိုအားယူကြည့်လိုက်တော့ . . . .

'ဟင် . . . ကိုမြမောင်'

'ဟာ . . . မင်းကွာ . . ဘယ်လိုဖြစ်တာလဲ သူရရာ . . . မသေကောင်းမပျောက်ကောင်း . . . တော်သေးတာပေ့ါ . . ငါနဲ့တွေ့လို့ ဒီခွေးတွေက သိပ်ဆိုးတာကွ . . . တော်ရုံလူလောက်ဆိုကြောက်တာမဟုတ်ဘူး'

ပြောရင်း ကျွန်တော့်ကိုဆွဲထူကာပေး၏။

'ကိုမြမောင် အဲဒီ့လူဘာဖြစ်သွားသေးလဲ . . . ဆေးခန်းပို့ပေးစရာရှိလည်းပို့ပေးလိုက်လေ'

ကြည်လင်တည်ကြည်သော ကရုဏာသံတစ်ချက်ကြားလိုက်၍ လှည့်ကြည့်လိုက်တော့အံ့ဩသွား၏။ မျှော်လင့်မထားသော ဒေါ်ညိုမိ

www.burmeseclassic.com

www.burmeseclassic.com



ထွန်းလွင်။ သူကတော့ မြင်ပုံမရ . . .။ လူတစ်ယောက်ယောက်လို့ပဲ ထင်ပုံရသည်။ ကားမှန်တစ်ဝက်ချထား၍သာ ကျွန်တော်တွေ့လိုက်ရတာပါ။ ကျွန်တော်ကိုမြမောင်ကိုတစ်ချက်ပြုံးပြလိုက်ပြီး သူ့ဆီလှမ်းသွားလိုက်၏။

'ကျွန်တော်တို့ဆုံပြန်ပြီနော်'

သူမတစ်ချက်လှည့်ကြည့်သည်။ ကျွန်တော့်ကိုမြင်သော်လည်း မျက်နှာမှာထူးထူးခြားခြားပြောင်းလဲမသွား။ ဇဝေဇဝါဖြစ်သွားပုံတော့ ရေးရေးလေးဖြတ်ပြေးသွား၏။

'မင်းက . . ဩော် သိပြီ . . . ဟိုတစ်နေ့က ဆိုင်ကိုလာသွားတဲ့သူမဟုတ်လား'

'ဟုတ်ပါတယ် မမ . . . အခုလည်း ကျွန်တော့်ကိုကူညီတဲ့အတွက်ကျေးဇူးပဲ'

'ရပါတယ် . . . ဒါပေမယ့် မင်းကိုတကယ်ကူညီတာ တို့မဟုတ်ဘူးနော် . . . ကိုမြမောင် . . သူက မင်းကိုစတွေ့တာ'

'အဟဲ . . . ဘာပဲဖြစ်ဖြစ်ကျွန်တော် အကုန်လုံးကိုကျေးဇူးတင်ပါတယ်ဗျာ . . . ဒါနဲ့မမက ဘယ်သွားမလို့လဲ'

စပ်စုတယ်လို့ထင်သွားမလားဆိုပြီး ရင်ထဲထိတ်သွားသေး၏။ ဒါပေမယ့် ဒေါ်ညိုမီထွန်းလွင်မျက်နှာက ကြည်ကြည်လင်လင်နှင့်ပင်။

'ဘယ်မှမဟုတ်ပါဘူး . . . ကြောင်လေးလွတ်သွားလို့လိုက်ရှာနေတာ . . . ဆေးခန်းသွားပြမလို့လေ'

'ကြောင် . . . ဟုတ်လား . . . ဘာ . . ဘာအရောင်လေးလဲဟင်'

'အညိုစင်းလေး . . . တွေ့ . . တွေ့မိလို့လားဟင်'

သူ့ကြောင်ကိုတော့ တော်တော်သံယောဇဉ်ရှိပုံရ၏။ ခုနတည်ကြည်နေတဲ့မျက်နှာက စိုးရိမ်ဟန် ချက်ချင်းပေါက်သွားကာ အမူအရာကပျာပျာသလဲဖြစ်ကာသွား၏။

ကျွန်တော်လည်း သူ့ကိုရုတ်တရက်ဘာမှမပြောနိုင်အားဘဲ ကားဆီသို့ အလျင်အမြန်ပြန်ပြေးကာ ကြောင်ကိုရှာလိုက်သည်။ ယခင်နေရာမှာမတွေ့တော့ . . . ကားတံခါးကိုရုတ်တရက်ဖွင့်ပြီး ရှာလိုက်သေးသည်။ အမှန်တော့ လုပ်မိလုပ်ရာလုပ်လိုက်ခြင်းဖြစ်၏။ တံခါးတွေအလုံပိတ်ထားသောကားထဲသို့ကြောင်မပြောနှင့် ယင်ကောင်တောင်ဝင်နိုင်မှာ

www.burmeseclassic.com

www.burmeseclassic.com



မပဟုတ်မှန်းသိ၏။ ထို့နောက် နောက်ဆုံးမျှော်လင့်ချက်အနေနှင့်ကား အောက်သို့ငုံ့ကြည့်လိုက်တော့၏။

လား . . . လား . . . ကိုရွှေကြောင်က ကားအောက်မှာ။ ကျွန်တော်တမှိုမှိုနဲ့လှမ်းခေါ်သော်လည်းထွက်မလာ . . . ငုတ်တုတ်လေးထိုင်ပြီးရေစိုနေသော သူ့ကိုယ်လုံးကိုလျှာနဲ့အန္တံ့လျှောက်လျက်နေလေသည်။ နောက်ဆုံးဘယ်လိုမှခေါ်လို့မရသည့်အဆုံး ဝမ်းလျားမှောက်လိုက်ကာ လက်နဲ့ဆွဲကိုင်ကာထုတ်လိုက်တော့ ကြောင်က ယက်ကန်ယက်ကန်နဲ့ပါလာလေသည်။ ကျွန်တော် ဒေါ်ညိုမီထွန်းလွင်ဆီပြေးသွားလိုက်ကာ. .

'ဒီကြောင်လေး မပဟုတ်လား မမ'

'ဟယ် ဟုတ်တယ် . . . ဟုတ်တယ် . . . အမလေး ဂျော်နီရယ် . . လာ . . လာ သားလေး လာ . . အမလေး မသေကောင်းမပျောက်ကောင်းပါလားသားရယ်'

ဒေါ်ညိုမြီထွန်းလွင် ကြောင်ကိုရင်ခွင်ထဲပိုက်လိုက်ကာ တတွတ်တွတ်ပြောရင်း ကျွန်တော့်ကိုမော့ကြည့်ပြီး . . .

'မောင်လေးဆီ ဒီကြောင်ဘယ်လိုရောက်နေတာလဲဟင် . . . မမတို့က ဆေးခန်းသွားပြမလို့သွားတာ . . လမ်းမှာ ကားမှန်လေးခဏချလိုက်တာ ဘာကိုကြောက်သွားလဲမသိဘူး၊ ခုန်ဆင်းပြေးသွားတာကွယ်၊ သိသိချင်း ကားအမြန်ရပ်ပြီး ရှာတယ်မတွေ့တော့ဘူး . . . မမဖြင့် သားလေးနဲ့ခွဲရပြီထင်တာ မောင်လေးရယ် . . . အခု မောင်လေးယူလာပေးလို့တော်သေးတာပေါ့ . . . ဒါနဲ့သားက မောင်လေးဆီဘယ်လိုရောက်လာတာလဲဟင်'

ကျွန်တော် အစအဆုံးအကြောင်းစုံရှင်းပြလိုက်တော့. . . .

'ဟယ် . . . ကျေးဇူးတင်လိုက်တာ မောင်လေးရယ်. . . သားလေးမှာ မောင်လေးပေးတဲ့အသက်ပဲရှိတော့တယ်. . . ဒါနဲ့မောင်လေး ကားကဘာဖြစ်သွားတာလဲ'

'ကျွန်တော်လည်းမသိဘူး မမ . . . သွားရင်းထိုးရပ်သွားတာ၊ ကားလည်းမပြင်တတ်တော့ ဒုက္ခရောက်နေတာ'

ကျွန်တော့်စကားလည်းဆုံးရော . . . မမက ကိုမြမောင်ဘက်ချက်ချင်းလှည့်ကြည့်လိုက်ကာ . . . .

'ကိုမြမောင် ရှင်နည်းနည်းပါးပါးရတယ်မဟုတ်လား . . . သွားလုပ်ပေးလိုက်နော်'

www.burmeseclassic.com

www.burmeseclassic.com



ကိုမြမောင်ကလည်း မခိုင်းခင်ကတည်းက ကူညီဖို့ခြေလှမ်းပြင်နေပါပြီ . . . ဒီလိုနဲ့ကိုမြမောင် ကားကိုဟိုနှိုက်ဒီနှိုက်လုပ်လိုက်တာ ကောင်းသွား၏။

'ကဲ ကောင်းသွားပြီ . . . နောက်ဆို ဆီပျောက်မီးပျောက် လောက်တော့တတ်အောင်လုပ်ထားကွာ . . . ကားစီးပြီးတော့'

ကျွန်တော်သွားဖြဲပြလိုက်ကာ . . . .

'ဟဲ ဟဲ နောက်သင်ထားပါ့မယ်ဗျာ . . . ဒါနဲ့ တင်မမထွန်းနဲ့ ကျွန်တော်နဲ့ကိစ္စ ဒေါ်ညိုမီထွန်းလွင်သိလား'

ကျွန်တော်နှစ်ကိုယ်ကြားကပ်မေးလိုက်တော့ ကိုမြမောင်ကျွန်တော့်ကိုမျက်မှောင်ကြုတ်ကြည့်ကာ . . .

'မသိဘူးထင်တယ် . . . မမညိုက အိမ်မှာဆို သူတစ်ယောက်တည်းအေးအေးနေတာ . . . ပြီးတော့ တင်မမထွန်းတို့နဲ့လည်း အတူမနေဘူး'

'ဟာ အဲဒါဆို သူတစ်ယောက်တည်းဘယ်မှာနေတာလဲဗျ'

'ဩော် . . . ငါပြောတာက တစ်ခြံထဲတော့တစ်ခြံထဲပဲ . . . ဒါပေမယ့် အနောက်ဘက်အိမ်လေးမှာ သူ့ဘာသာသူနေတာကွ . . လိုအပ်တဲ့အချိန်ကျမှ သူ့အစ်မတွေဆီလာတာ . . . များသောအားဖြင့် သူ့ဘာသာသူနေတာများတယ်'

'သူက တစ်ယောက်တည်းနေတော့မကြောက်ဘူးလား'

'အဖော်ကောင်မလေးတစ်ယောက်ရှိတယ် . . . အင်း . . . အနုပညာသမားတွေဆိုတော့ ဒီလိုပဲပေါ့ကွာ'

'နောက်ဆုံးစကားကို ကျွန်တော်အံ့ဩသွားသည်။ အနုပညာသမားဆိုပဲ . . . ။

'ဘာ . . . ဘာအနုပညာသမားလဲဗျ'

'မင်းက မသိသေးဘဲကိုး . . . မမညိုက ပန်းချီဆရာမကွ . . ပန်းချီဆရာမလေး မိုးမခဆိုတာ မကြားဖူးဘူးလား'

'ဟင့်အင်း . . . မကြားဖူးဘူး'

ကိုမြမောင်မျက်နှာတစ်ချက်ပျက်ကာသွားသည်။ ပန်းချီလောကမှာ လူတော်တော်များများသိတဲ့ဆရာမတစ်ယောက်တော့ ဖြစ်ပုံရ၏။ ဒါပေမယ့် ကျွန်တော်လိုကောင်က ပန်းချီနဲ့ပတ်သက်ရင် တီကောင်တောင်ကောင်းကောင်းမဆွဲတတ်၍ တော်တော်လေးအလှမ်းဝေးနေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ တကယ်လည်းမကြားဖူး . . . သို့သော် ကိုမြမောင်ကြီးကျေနပ်သွားအောင်တော့ ရောချရတော့၏။

'အလကား နောက်တာပါဗျာ . . . ကြားဖူးတာပေါ့ . . . ဒါပေမယ့်ပန်းချီဆိုတာကလည်း ကျွန်တော်နဲ့သိပ်မဆိုင်တော့ ရုတ်တရက်မမှတ်မိလိုက်လို့ပါ'

အဲဒီတော့မှ ကိုမြမောင်မျက်နှာပုံမှန်ပြန်ဖြစ်သွားကာ . . .

'အေးပါကွာ . . . ထားပါတော့ . . ကဲ ငါသွားတော့မယ် . . ဟိုမှာ ကြောင်ဆေးခန်းပို့ရဦးမယ်ကွ'

ပြောပြီး လှည့်ထွက်မလို့လုပ်တုန်း ကျွန်တော်အမြန်ဖမ်းဆွဲထားလိုက်ကာ . . .

'ကိုမြမောင် . . . ကျွန်တော်နဲ့တင်မမထွန်းကိစ္စ သူလုံးဝမသိပါစေနဲ့နော်'

'အေးပါ မပြောပါဘူး . . . ဒါနဲ့မင်းက'

'ဒါတွေ နောက်မှပြောမယ်ဗျာ . . . လောလောဆယ်သူမသိစေချင်လို့ပါ'

ကိုမြမောင်ခေါင်းညိတ်ကာ လှည့်ထွက်သွားတော့သည်။ သွားခါနီး ပိုသေချာသွားအောင် အိတ်ထဲနှိုက်၍ ပါလာသမျှထောင်တန်သုံးလေးရွက်လက်သိပ်ထိုးထည့်ပေးလိုက်၏။ ဒါမျိုးဆို ငနဲကပြုံးပြုံးပြုံးပြုံးနှင့် . . .။

ကျွန်တော် ဒေါ်ညိုမီထွန်းလွင်ကို လိုက်နှုတ်ဆက်လိုက်၏။

'မောင်လေး ကျေးဇူးနော် . . . နောက်တစ်ခါတွေ့မှ စကားအေးအေးဆေးဆေးပြောတော့မယ်သိလား . . . ဆိုင်ကိုလာခဲ့ဦးလေ'

နှုတ်ဆက်ပြီး သူတို့ကားလေး မိုးရေစက်တွေအကြား တဖြည်းဖြည်း ဝေး၍ဝေး၍သွားတော့၏။ 'ဆိုင်'ဆိုတဲ့အသံကြားမှ ဦးသောင်းအေးကြီးကို သတိရသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးသောင်းအေးအိမ်ရောက်တော့ ညတောင်တော်တော်ညဉ့်နက်နေပြီ။ သူ့ကိုအိမ်ရှေ့ဧည့်ခန်းမှာပဲ ငုတ်တုတ်ကြီးအဆင်သင့်တွေ့ရ၏။ ကျွန်တော့်ကိုလည်း မြင်ရော ဝမ်းသာအားရထ,ရပ်လိုက်ကာ. . .

'ဘယ်က လှည့်လာတာလဲ . . . လာ . . လာ'

ကျွန်တော် ခုံတစ်ခုံမှာ ဝင်ထိုင်လိုက်တော့ ခဏနေဦးကွာဆို ပြီး အိမ်အနောက်ဘက်ဝင်သွား၏။ ခဏကြာမှ ပြန်ထွက်လာကာ လက်ထဲမှာကော်ဖီတစ်ခွက် . . . ။

'အတော်ပဲဗျာ . . . အခုပဲ မိုးရေထဲကပြန်လာတာ ကော်ဖီလေးတိုက်တော့ နွေးသွားတာပေါ့'

ဦးသောင်းအေး ရုတ်တရက်ယောင်တောင်တောင်ဖြစ်သွားကာ ကော်ဖီကိုပေးရမလို မပေးရမလိုလိုနဲ့ဝေခွဲမရဖြစ်သွားပုံရ၏။ သို့သော် သတိလက်လွတ်တော့ဖြစ်မသွား။ ယခုချိန်ထိကော်ဖီခွက်ကို လက်ထဲမှာ ကျစ်ကျစ်ပါအောင်ဆုပ်ထားသေး၍ . . .

'ဦးလေး . . . ကျွန်တော့်ကို ကော်ဖီတိုက်မလို့မဟုတ်ဘူးလား'

'မဟုတ်ပါဘူး . . . ငါ့ဟာငါသောက်ဖို့ သွားဖျော်တာကွ . . . ငါမင်းအတွက်ပါ ဖျော်ဖို့စဉ်းစားပါသေးတယ်ကွာ . . . ဒါပေမယ့်ကော်

www.burmeseclassic.com

www.burmeseclassic.com



ဖိကတစ်ထုပ်ထဲရှိတော့လို့ . . . ဟဲ . . . ဟဲ ငါလည်းလူပျိုကြီးဆိုတော့ တစ်ခါဝယ်နည်းနည်းပဲ'

'အဲဒါဆိုလည်း ဦးလေးမသောက်နဲ့ဗျာ . . . ကျွန်တော့်ကို တိုက်'

ပြောလည်းပြော သူ့လက်ထဲကကော်ဖီခွက်ကိုလည်း ဆတ်ခနဲ ထဆွဲလိုက်တော့ သူဘာမှတော့မပြောရှာပါ။ ဒါပေမယ့် တစ်ခုခုပြော ဖို့တော့ ဟန်ပြင်လိုက်သေး၏။ သို့သော် ကျွန်တော်ကသူ့ထက်အရင် ဦးအောင်ပြောလိုက်သည်။

'ဦးက လူပျိုကြီးပဲ . . . နောက်မှသောက်ပေါ့'

သူ့စကားနဲ့သူမို့ ဘာမှဆက်မပြောသာတော့၍ ထိုင်သွားတော့ သည်။ ကျွန်တော်ကော်ဖီကိုတစ်ဝက်လောက်စိမ်ပြေနပြေသောက် ပြီးမှ. . .

'အခုလေးတင် ဒေါ်ညိုမီထွန်းလွင်နဲ့တွေ့ခဲ့သေးတယ်'

'ဝုန်း'

'ဟေ'

ဦးသောင်းအေးကြီး မျက်နှာချင်းဆိုင်ခုံကနေ ကျွန်တော်ဘေးခုံ ကို ငေါက်ခနဲရောက်လာတာပါ။ ဘယ်လိုဘယ်လိုရောက်လာမှန်းတောင် ကျွန်တော်သဲသဲကွဲကွဲမမြင်လိုက်ရ။

'ဘယ်မှာတွေ့တာလဲဟင် . . . ပြီးတော့ ဘာ . . . ဘာတွေ ဖြစ်ကြသေးလဲ'

'အဆင်တော်တော်ပြေသွားပြီလို့တော့ပြောလို့ရပြီဗျ . . . ဘာ လို့လဲဆိုတော့ သူနဲ့ကျွန်တော်သိသွားပြီ'

'ဟေ . . . သိသွားပြီ . . ဟာ ဘယ်လိုဖြစ်ပြီးသိသွားတာလဲ. . မင်း . . . မင်း ငါ့ကိုလျှိုတယ်ပေါ့ဟုတ်လား'

'လုပ်ပြန်ပြီ . . . ဘာလျှိုစရာရှိလဲ . . အခုမှသိခဲ့တဲ့ဟာကို စကားဆုံးအောင်နားထောင်ဦး . . . အခုအဲဒါပြောချင်လို့လာတာ. . . လျှိုမယ်ဆို ဒီတောင်မလာဘူး . . . ဟွန်း . . ကော်ဖီကျမနည်းတောင်း သောက်ရတယ် . . . တစ်ခွက်ထဲ'

'ဟာ . . . မင်းသောက်ချင်တယ်ဆို အနောက်ဘက်မှာ ပါကင် ထုပ်လိုက်ရှိတယ် . . . ကြိုက်သလောက်သောက်စမ်းပါကျေးဇူးရှင်ရာ'

'ဟင် . . . ခုနပြောတော့ ဒီတစ်ထုပ်ထဲဆို'

www.burmeseclassic.com

www.burmeseclassic.com



ဦးသောင်းအေး . . . သူ့မျက်နှာသူ ဘယ်လိုအိုက်တင်လုပ်ရမှန်းမသိအောင်မသိအောင် ဖြစ်သွား၏။ သူ့ဘာသာသူဖုံးပြီး အခုသူ့ဘာသာသူပြန်ဖော်ကာ ကိုယ့်ဇာတ်ကိုယ်မနိုင်တော့။ သို့သော် သိပ်အရေးပါတဲ့ကိစ္စမဟုတ်၍ ကျွန်တော်စကားလမ်းကြောင်းပြန်ပြောင်းလိုက်၏။ အဲဒီတော့မှ သူလည်းစိတ်သက်သာရာရသွားသည်။

ကျွန်တော် ဒေါ်ညိုမီထွန်းလွင်နဲ့တွေ့ခဲ့တဲ့ပုံကို သေချာရှင်းပြလိုက်တော့ သူ့မျက်နှာဝင်းသွားကာ . . .

'ဒါ . . . ဒါဆို မင်းနဲ့တကယ်ခင်သွားပြီပေါ့ . . ဟုတ်လား'

'ဟုတ်ပါတယ်ဆို ကျွန်တော်လိမ်ပြောပ့ါမလားဗျာ'

'ပျော်စရာကြီးကွာ . . . ဟီး ဟီး . . ဒါဆို ငါ့ကိစ္စမကြာခင်အဆင်ပြေတော့မယ်ဆိုတဲ့သဘောပေ့ါ . . . အေးကွာ . . ငါလည်းမအေးကြည်နဲ့လမ်းခွဲပြီးနောက်ပိုင်းတစ်ယောက်တည်းနေလာတာကြာတော့ . . .'

'အဲဒီလိုလည်း ဘယ်ဟုတ်ပ့ါမလဲဦးလေးရယ် . . . အဆင်ပြေတယ်၊ မပြေဘူးဆိုတာကံတရားပေ့ါ . . . ဒါပေမယ့် ကျွန်တော်တို့ဘက်ကတော့တစ်ဆင့်တက်သွားတဲ့သဘောပေ့ါ'

မအေးကြည်ဇာတ်လမ်းဖြတ်ပစ်လိုက်နိုင်၍ တော်သေး၏။ ဦးသောင်းအေးကြီးပြုံးပြုံးပြုံးပြုံးနှင့် ခေါင်းညိတ်ကာ . . .

'အေး . . . မင်းပြောတာဟုတ်တယ် . . . ငါလောသွားတယ်၊ ကျေးဇူးပဲငါ့တူရာ . . . ငါတို့မင်္ဂလာဆောင်ပြီးရင် မွေးတဲ့ကလေးမင်းကိုပေးမယ်'

'ဟာဗျာ . . ဦးလေးကလည်း နောက်နေပြန်ပြီ . . အချင်းချင်းတွေပဲ ရပါတယ်ဗျာ . . .'

'ဘာပဲဖြစ်ဖြစ် မင်းကျေးဇူးကို ဘယ်တော့မှမမေ့ပါဘူးကွာ'

'ရပါတယ်ဆိုဗျာ'

www.burmeseclassic.com

www.burmeseclassic.com



'မင်း လည်းဦးသောင်းအေးကြီးနဲ့ပေါင်းမိပြီးတဲ့နောက်ပိုင်း ငါတို့ဆီတောင်မလာတော့ဘူးနော် . . . ရပါတယ်ကွာ ဘုရားပြီးတော့ ငြမ်း ဖျက်တယ်ဆိုတဲ့ သဘောပေါ့'

'မဟုတ်ရပါဘူး အေးမြင့်ရာ . . ငါ လည်းအလုပ်တွေရှုပ်နေလို့ပါ'

'ဘာလဲ ဘရာစီယာဖောက်သည်သွင်းတဲ့အလုပ်လား'

အေးမြင့်စကားကြောင့် သောက်လက်စ လက်ဖက်ရည်နင်သွားကာ . . .

'မင်းကို ဘယ်သူပြောလဲ'

'ဟား . . . ဟား . . . မင်းကမင်းကိုယ်မင်းလည်လှပြီထင်နေတယ်ပေါ့ . . . မင်းကိစ္စငါတို့အကုန်သိတယ် . . . ဟိုနေ့ကထွန်းသိန်းနဲ့တွေ့လို့တောင် မင်းအကြောင်းပြောသွားသေးတယ် . . . မင်းပလာဇာတစ်ခုမှာ ဘရာစီယာဖောက်သည်ယူပြီး ရပ်ကွက်ထဲလက်လီပြန်ရောင်းနေတယ်တဲ့ . . . မင်းကွာ နေ့ချင်းညချင်းဘယ်လိုဖြစ်ပြီး ဒီလောက်မွဲသွားတာလဲ . . . မင်းတို့မိဘတွေလည်း စီးပွားရေးဒီလောက်ကောင်းရဲ့သားနဲ့'

ဒီတစ်ခါတော့ ကောင်းကောင်းအန္တရာခံရပြီ။ ဘာပြန်ပြောလို့

www.burmeseclassic.com

www.burmeseclassic.com



ပြောရမှန်းမသိအောင် ဖြစ်နေချိန်မှာပဲထိုင်နေတဲ့လက်ဖက်ရည်ဆိုင်ထဲသို့နောက်တစ်ယောက်ထပ်ရောက်လာပြန်၏။ ရောက်လာသူက ဝင်းကို။ လူကိုမြင်မြင်ချင်း အားရဝမ်းသာဖြစ်သွားဟန်နှင့် . . .

'ဟာ . . ကုန်သည်ကြီးမတွေ့တာတောင်ကြာပြီနော်. . . ဒါနဲ့စီးပွားရေးတွေတော်တော်သောင်းကျန်းနေတယ်ဆို။ ဘယ်လိုလဲ အရောင်းအဝယ်တော်တော်ကောင်းရဲ့လား . . . ငါ ဟိုနေ့ကတောင် မင်းအကြောင်းတွေးမိပြီး တစ်ခုစဉ်းစားမိသေးတယ်။ မင်း အခုအရောင်းအဝယ်လုပ်နေတဲ့ ဘရာစီယာကို အရုပ်သည်တွေလုပ်သလိုသစ်သားစင်လေးတွေမှာချိတ်ပြီး ရပ်ကွက်ထဲလှည့်ရောင်းပါလားလို့ . . .။ အဲဒါဆို အိုင်ဒီယာသစ်တယ်နော် . . . ဟေ့ကောင် . . စိတ်ကူးမလွဲနဲ့ရောင်းကောင်းမှာ . . . မင်းရုပ်မင်းရေနဲ့ဆို ဝယ်လိုက်မဲ့ဖြစ်ခြင်း'

အီရတ်က မီးလောင်နေတဲ့ရေနံတွင်းထဲ ခုန်ချတာမှကောင်းလိမ့်ဦးမည်ဟု တွေးမိ၏။ ဒီကောင်တွေကြားနေရတာ သေချင်စော်တောင်နံလာပြီ . . .။ ဒါပေမယ့် ခပ်မာမာလည်းမပြောရဲ၍ . . .

'မင်းတို့ပြောလည်း ခံရမှာပဲကွာ . . . ငါက ကိုယ်ချင်းစာစိတ်ကလေးထားနေလို့ ဒီကိစ္စလိုက်လုပ်ပေးနေရတာပါ . . ငါ ဦးသောင်းအေးကြီးအချစ်နဲ့ပတ်သက်ရင် မခံစားစေချင်လို့ကွ . . . ငါ သူ့ကိုသနားတယ်'

နှစ်ကောင်လုံး ဒီတစ်ခါတော့ ခပ်ငေါင်ငေါင်လေးဖြစ်သွား၏။ ကျွန်တော့်ကိုကြည့်ကာ ပြိုင်တူသက်ပြင်းလည်းချပြီး . . .

'အသည်းကွဲဖူးတာနဲ့လူတိုင်းကို လိုက်စာနာနေရရင် ထမင်းစားချိန်နဲ့ရေသောက်ချိန်တောင်ရှိမှာမဟုတ်ဘူးသူရ။ ကမ္ဘာမှာ အသည်းမကွဲတဲ့ လူဆိုတာမရှိဘူး။ အသည်းမကွဲဖူးတဲ့လူပဲရှိတယ် . . . မင်းလိုသာဆိုလူတိုင်းလိုလိုလိုက်ကူညီရမလိုဖြစ်နေပြီ'

'မင်းတို့ပြောတာလည်း မှန်သင့်သလောက် မှန်ပါတယ်။ ဒါပေမယ့် ငါကစကားလွန်ထားလို့ပါ'

'အဲဒါ မင်းအကြောင်းပြတာပါကွာ . . . မင်း ကိုယ်နှိုက်က လည်းဒါမျိုးဝါသနာပါလို့ပါ . . . ငါ့လိုကောင်မျိုးလာလုပ်ခိုင်းကြည့်အလုပ်ရှုပ်လို့လှည့်တောင်မကြည့်ဘူး'

'ဒါဆို မင်း ငါ့အလှည့်ကျတော့ ဘာလို့လိုက်လုပ်ပေးလဲ'

ဝင်းကို ကျွန်တော့်ကိုစိုက်ကြည့်ပြီး ခေါင်းခါလိုက်ကာ . . .



www.burmeseclassic.com

www.burmeseclassic.com



'မဆိုင်ဘူးလေ . . . မင်းက သူငယ်ချင်းပဲ . . မတူဘူး'

ကျွန်တော်သက်ပြင်းချလိုက်သည်။ သူတို့ပြောတော့လည်း ဟုတ်သလိုလိုပင်။ ကျွန်တော်မှာ ဘာမှမဆိုင်တဲ့ကိစ္စကို ဒုက္ခခံကာလိုက်လုပ်ပေးနေရသည်။ တကယ်တမ်းစဉ်းစားကြည့်ရင်လည်း ဦးသောင်းအေးနဲ့ဒေါ်ညိုမီထွန်းလွင်က နီးစပ်ဖို့မလွယ် . . . ။ ဦးသောင်းအေးပုံစံကြီးနှင့်ဒေါ်ညိုမီထွန်းလွင်ကိုစိတ်ကူးထဲမှာဘေးချင်းယှဉ်ရပ်ကြည့်သည်။ ဘယ်လိုမှမလိုက် . . . ။ ဖအေနဲ့သမီးလောက်ဖြစ်ကာနေသည်။ ပြီးတော့ ဒေါ်ညိုမီထွန်းလွင်က ဦးသောင်းအေးကိုခုချိန်ထိဖြူသလား၊ မည်းသလားတောင်သိရဲ့လားမသိပေ။ ကိုယ်ကလည်း သူတို့နှစ်ယောက်ဆုံဖူးလားလို့ ဦးသောင်းအေးကိုတစ်ခါမှမေးမကြည့်ဖူးခဲ့ . . . ။ တကယ်လို့ ဆုံလိုက်သည်ပဲထားဦး ဦးသောင်းအေးလိုသိုက်ဆရာ ဒီဇိုင်းကိုဒေါ်ညိုမီထွန်းလွင်လိုခေတ်ဆန်ဆန်အပျိုကြီးတစ်ယောက်က လက်ခံနိုင်ဖို့ဆိုတာတွေးကြည့်ရုံနဲ့တင်တော်တော်ဝေးနေ၏။

ဒီလိုဆို ကျွန်တော့်လုပ်ရပ်တွေက လေထဲတိုက်ဆောက်သလို အရည်မရ အဖတ်မရဖြစ်သွားရပြီ . . . ။ ငါဘာဆက်လုပ်ရမလဲလို့ ကိုယ့်ကိုယ်ကိုယ်ပြန်မေးကြည့်သည်။ အဖြေကထွက်မလာ။

ဦးသောင်းအေးကိုလည်းသနားသည်။ ကိုယ့်ကိုယ်ကိုယ်လည်း သနား၏။

'ဟေ့ကောင် . . . ဘယ်လိုဖြစ်ပြီး ဒီလောက်ငေါင်သွားရတာ လဲ။ ဒီကိစ္စက အဲဒီလောက်ဖြစ်သွားရမယ့်ကိစ္စမဟုတ်ပါဘူးကွာ'

'အေးပါကွာ . . ဘာရယ်မဟုတ်ပါဘူး . . . ငါစဉ်းစားကြည့်နေတာပါ . . . အင်း . . . တကယ်တမ်းကျတော့လည်း မင်းတို့ပြောတာမှန်ပါတယ် . . . ဒါပေမယ့် ငါကိုယ်၌က ဒီဇာတ်လမ်းကြီးကိုရပ်ပစ်လိုက်ရမှာတစ်မျိုးကြီးပဲကွ'

အေးမြင့်တို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ သက်ပြင်းချသည်။ ပြီးမှ . . .

'မင်း သာယာနေတယ် မဟုတ်လား'

'အေး အဲဒီလိုဖြစ်နေတယ် . . . ငါကိုယ်၌ကိုက ဒီလိုလုပ်နေရတာကိုပျော်နေသလိုပဲ'

'အဲဒါဆိုလည်း ဆက်လုပ်ပေါ့ကွာ . . . မင်းသဘောပဲ . . . ငါတို့ကအကောင်းနဲ့ပြောတာ'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့စကားဝိုင်း ခဏတိတ်ဆိတ်သွားသည်။ ခဏနေတော့မှ တစ်ခုသတိရသွားကာ အေးမြင့်ကိုလှမ်းကြည့်လိုက်ပြီး . . .

'ငါ အခုမှ မင်းကိုချိန်းတဲ့ကိစ္စသတိရတော့တယ်၊ ငါ့ကို တစ်ခုကူညီဦးအေးမြင့်ရာ'

အေးမြင့် ဘာမှပြန်မပြောဘဲအမူအရာနဲ့သာ ခေါင်းမော့ပြ တော့ . . .

'ငါ့ကို ပန်းချီနဲ့ပတ်သက်တဲ့ပစ္စည်းလေးတွေစာရင်းလုပ်ပေးပါလားကွာ . . . ဟိုကလည်း မင်းသူငယ်ချင်းပန်းချီဆရာဆိုတာ'

'စိုးကျော်ဦးကိုပြောတာလား'

'အေး . . . အေး သူ့ဆီက ငါ့ကိုပန်းချီနဲ့ပတ်သက်တဲ့စာရင်းလေးယူပေးစမ်းပါ . . . ဖြစ်မလား'

အေးမြင့်ခဏစဉ်းစားသွားကာ . . . .

'ဖြစ်ပါတယ် . . . ဒါနဲ့မင်း ဘာလုပ်မလို့လဲ၊ ပန်းချီသင်တန်းဖွင့်ဖို့တော့ မဟုတ်ပါဘူးနော်'

ကျွန်တော် သွားလေးဖြဲပြလိုက်ကာ . . . .

'မဟုတ်ပါဘူးကွာ . . . ငါ လုပ်စရာရှိလို့ပါ'

အေးမြင့်ကတော့ သံသယမျက်လုံးတွေနဲ့ကျွန်တော့်ကိုကြည့်လိုက်တာတွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com


‘မမက ပန်းချီဆရာမဆို’

ဒေါ်ညိုမိထွန်းလွင် မျက်နှာကတစ်မျိုးဖြစ်သွားကာ ဖျတ်ခနဲ လှည့်ကြည့်၏။

‘မောင်လေးကို ဘယ်သူပြောလဲ’

‘ဟဲ ဟဲ . . ဒီလိုပဲသိတာပေါ့ မမရယ် . . . မမကနာမည်ကြီးပဲ . . . ကလောင်က မိုးမခဆို’

မမပြုံးသွားသည်။ ကျွန်တော် ဦးသောင်းအေးကြီးကိုလှည့်ကြည့်ပြီး မျက်စိတစ်ဖက်မှိတ်ပြလိုက်၏။ ဦးသောင်းအေးကတော့ ထုံးစံအတိုင်း တိုက်ပုံကြီးနဲ့ချွေးတပျံပျံ . . . .။

‘မင်း ပြောသလိုနာမည်ကြီးတော့မဟုတ်ပါဘူးကွယ် . . . ဒါပေမယ့် အဲလိုမြှောက်ပြောတဲ့အတွက် ဘာစားမလဲဟင်’

‘ဟား . . . အတော်ပဲ ဗိုက်ဆာနေတာနဲ့ . . ဒါဆို J-Donut လိုက်ကျွေး’

ဦးသောင်းအေးကြီးက လက်လှမ်းကုတ်၏။ သူက အားနာနေပုံရသည်။ မျက်နှာကြီးလည်းရဲလို့။ ဒေါ်ညိုမိထွန်းလွင်ကတော့ ဦးသောင်းအေးကိုတစ်ချက် တစ်ချက်အကဲခတ်သလိုကြည့်သည်။ မြင်ဖူးနေပုံလည်းရသည်။ သို့သော် သူနဲ့တစ်ရပ်ကွက်တည်းဆိုတာတော့ ရိပ်မိပုံမ

www.burmeseclassic.com

www.burmeseclassic.com



ပေါ် . . .။ ဘယ်မှာမြင်ဖူးသလဲဆိုတာတွေးနေပုံတော့ရ၏။ ကျွန်တော် ကလည်း အခုထိ မိတ်မဆက်ပေးသေး၍ ဦးသောင်းအေးကြီးခမျာစကား ပြောခွင့်မရသေးပေ။ ဒီလိုပဲ ယောင်တောင်တောင်နှင့်မျက်နှာကချွေးပဲ သုတ်နေရ၏။

ဒီလိုနဲ့ကျွန်တော်တို့ J-Donut ဆိုင်ရောက်တော့ ကျွန်တော်က ပဲစကားစသည်။

'မမက ပန်းချီဆွဲတာကြာပြီလားဟင်'

'အင်း . . . ကြာပြီလို့တော့ပြောလို့ရတယ် . . . မမလေးတန်း ကျောင်းသူဘဝကတည်းကပေါ့ . . . အဲဒီတုန်းကတော့ ကလေးပန်းချီ ပေါ့ကွယ်'

'သြော် . . . တော်တော်ကြာပြီပဲ'

ပြောပြီး ကျွန်တော်ဦးသောင်းအေးကြီးကိုလှည့်ကြည့်လိုက် သည်။ ဦးသောင်းအေးကြီး ကျွန်တော့်ကိုကြောင်စီစီကြီးပြန်ကြည့်နေ၍ ရုတ်တရက်မမဘက်ပြန်လှည့်ကာ . . . .

'ဒါ . . . ကျွန်တော့်ဆရာလေ'

ဦးသောင်းအေးကြီး ရုတ်တရက်ကြောင်သွားကာ ကျွန်တော့်ကို ငေးကြည့်နေရာမှ . . .

'ငါက . . . ဘာ . . ဘာ'

'ဆရာ . . ဒါ ဒေါ်ညိုမီထွန်းလွင်တဲ့ . . . ဆရာတို့လိုပဲ ပန်းချီ ဆရာမပေါ့ . . . မမ ဒါ ကျွန်တော့်ရဲ့ပန်းချီဆရာ . . . ဦးသောင်းအေး တဲ့ . . .'

'သြော် . . . ဟုတ်ကဲ့ရှင့် . . တွေ့ရတာဝမ်းသာပါတယ်ဆရာ၊ ဒါနဲ့ ဆရာက ဘာကလောင်အမည်နဲ့များဆွဲသလဲမသိဘူး . . . ဟိုတစ် မျိုးမထင်နဲ့နော် . . . ကျွန်မက ကလောင်အမည်နဲ့ လူနဲ့ တွဲမသိတာ များလို့ပါ'

'ဟို . . ဟိုဒင်း . . . ကျွန် . . . ကျွန်တော် . . တော်'

'ဆရာက သူ့ကားတွေကို ပြခန်းတင်တာနည်းတယ်ဆရာမရဲ့၊ ဆွဲထားတာတွေတော့အများကြီးပဲ . . . ဒါပေမယ့် သူကမရောင်းဘူး၊ သူ့ အနုပညာကိုငွေကြေးနဲ့တန်ဖိုးမဖြတ်ချင်တဲ့သဘောပေါ့ . . . အဲဒါ ကြောင့် သူ့ကလောင်ကိုလူသိနည်းတယ် . . . ကျွန်တော်တောင် ဆရာ နဲ့ခင်လွန်းလို့အတင်းပူဆာပြီး သင်ခိုင်းရတာ . . ဆရာ့ပန်းချီ လက်ရာ



www.burmeseclassic.com

www.burmeseclassic.com



ကိုကြိုက်လွန်းလို့လေ . . . ဆရာကသိပ်တော်တာ’

ဦးသောင်းအေးမျက်နှာဆီးစေ့လောက်ပဲရှိတော့သည်။ အဲယား ကွန်းအခန်းမှာတောင် ချွေးသီးချွေးပေါက်တွေကဆားငံစေ့လောက်ထွက် ကာလာ၏။ သူ့ခမျာ ကျွန်တော်တို့နှစ်ယောက်မျက်နှာလေးတွေကြည့်ကာ ဘာပြောလို့ပြောရမှန်းမသိ။ သို့သော် ဒေါ်ညိုမီထွန်းလွင်ကတော့ အပြတ်အထင်ကြီးသွားပြီ . . .။

‘လေးစားပါတယ်ဆရာ . . . ဆရာ့ခံယူချက်နဲ့ ဆရာ့ပညာကို ကျွန်မအရမ်းလေးစားပါတယ် . . . ကျွန်မက ဆရာ့လိုအနုပညာ အတွက် ဘဝမြှုပ်နှံထားတဲ့ လူတွေကိုသိပ်လေးစားတာ . . . ကျွန်မကို လည်း ဆရာ့အနုပညာမောင်နှမတစ်ယောက်လိုသဘောထားပါနော်’

‘အဲ . . . ဟိုဟာလေ . . . ဟုတ်ကဲ့’

‘ဒါနဲ့ . . . ဆရာ့ရဲ့ကလောင်နာမည်လေးပြောလို့ရရင်ပြောပြ ပါလားဟင်’

‘အင်း . . . အဲဒါက . . . ဒီလိုလေ . . . ဟိုဟာ’

‘ကိုတမာ (အညာမြေ)ပါမမ’

ကျွန်တော်ကပဲ အချိန်မီဝင်ပြောလိုက်နိုင်ပါသည်။ ဦးသောင်း အေး သက်ပြင်းချသွားတာတွေ့ရ၏။ ကျွန်တော်ပြုံးလိုက်ကာ . . .

‘နောက်ဆို ဒီက မမနဲ့ဆရာ . . ပန်းချီအယူအဆတွေဖလှယ် လို့ရသွားတာပေါ့ . . . . ဒီမမကလည်း ပန်းချီမှာ ဆရာ့လိုပဲအရမ်း တော်တာ’

ကျွန်တော် စကားလမ်းကြောင်းဖောက်ကာ အနာဂတ်လမ်းကို ချည်နှောင်လိုက်၏။ ဒေါ်ညိုမီထွန်းလွင်ကလည်းပြုံးကာ . . .

‘ကောင်းတာပေါ့ဆရာ . . . နောက်ဆရာ အားတဲ့အချိန်တွေ ဆိုကျွန်မနဲ့ပန်းချီသဘောလေးတွေဆွေးနွေးကြတာပေါ့ . . . အင်း ဒါပေ မယ့်ကျွန်မကတော့ ဆရာတို့လိုမပြည့်သေးပါဘူးဆရာရယ် . . . အခုမှ လေ့လာဆဲပါ’

‘ဩော် . . . အင်း’

ပန်းချီပညာနဲ့ ပတ်သက်ရင်ကြက်ဥကြော်နဲ့နေလုံးပုံတောင် မခွဲခြားတတ်သော ဦးသောင်းအေးအဖို့တော်တော်တုန်လှုပ်ချောက်ခြား သွားစေသည်။ မမက ပန်းချီသဘောတွေနဲ့အရောင်တွဲစပ်မှု အပိုင်းတွေ ဆက်ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



'ဝိတိုရိယခေတ်ကစပြီး အခုမော်ဒန်ပန်းချီတွေအထိတော်တော်များများ ကျွန်မလေ့လာခဲ့တယ် . . . အဲ . . . ဒါပေမယ့် အရောင်တွဲစပ်မှုအပိုင်းမှာတော့ ရဲရင့်မှုမှာဗန်ဂိုးကိုကျွန်မကြိုက်တယ် . . . ပြီးတော့ ဟိုတစ်နေ့က ပန်းချီကားတစ်ကား ကျွန်မတွေ့ခဲ့တယ်သိလား. . ပြခန်းတစ်ခုမှာပါ . . . အင်း . . ဆွဲတဲ့လူနာမည်တော့ ကျွန်မမမှတ်မိတော့ဘူး . . . ကျူပလစ်ဇင်ပါ . . ဒါပေမယ့် သူ့ကားကအရောင်ရဲ့အလင်းအမှောင်ကို အချိုးကျကျသုံးထားတာတွေ့ရတယ်. . . ကျွန်မမျက်စိထဲကမထွက်ဘူးဆရာရယ် . . . အဲ . . နောက်ပြီး မော်ဒန်နဲ့ပတ်သက်လို့တော့ . . .'

ဦးသောင်းအေးကြီး တစ်ကိုယ်လုံးတုန်နေပြီ။ ကြာရင်မဖြစ်တော့မှန်းကျွန်တော်ရိပ်မိလိုက်၍ . . .

'ဟာ . . . အခုမှသတိရတယ် ဆရာ . . ဆရာမှာထားတဲ့ဆေးတွေသွားယူစရာရှိသေးတယ်လေ။ အချိန်တောင်နောက်ကျနေပြီ။ မမဟိုဟာလေ . . . ကျွန်တော်တို့ပန်းချီ ဆေးတွေမှာထားတာ သွားယူစရာလေးရှိလို့ . . . အဲဒါ . . .'

'ရပါတယ် . . . သွားပါ . . သွားပါ . . မမလည်းစကားကောင်းနေတာနဲ့ဆိုင်ပြန်ဖို့တောင်မေ့သွားတယ် . . . ဟိုမှာလည်းချိန်းထားတာလေးရှိသေးတယ်'

ပြောပြီးတာနှင့် ကျွန်တော်တို့အမြန်လမ်းခွဲပြီးထွက်ခဲ့တော့၏။ တော်သေးတယ်ဟုဆိုရမည်။ ကျွန်တော်စကားကိုအချိန်မီဖြတ်နိုင်လို့၊ မဖြတ်လို့လဲမရတော့။ ဒေါ်ညိုမီထွန်းလွင်ရဲ့ ကျူပလစ်ဇင်တွေ၊ ရီရယ်လစ်ဇင်တွေ၊ မော်ဒန်တွေကြားမှာ ဦးသောင်းအေး အသက်ပျောက်ခါနီးနေပြီ။ သူ့ခမျာ နဂိုကတည်းက ဘာမှန်းညာမှန်းမသိဘဲ ကြောက်နေရတဲ့အထဲ ပညာပိုင်းဆိုင်ရာတွေပါ ပါလာတော့ အသက်ထွက်မတတ်ဖြစ်သွား၏။

'ဦးလေး . . . စိတ်ကိုလျှော့လိုက်ပါဗျာ . . ကျွန်တော်တစ်ယောက်လုံးရှိပါတယ်'

'မင်း . . . မင်းကွာ . . . ငါ့ကိုတော့ကြိုပြောဖို့ကောင်းတယ်. . ရုတ်တရက်ကြီးလုပ်လိုက်တော့ ငါသေရောပေ့ါကွ'

'ကျွန်တော်လည်း မီးစင်ကြည့်ကလိုက်တာဗျ . . . ကြိုမစဉ်းစားထားဘူး . . သူ့အလိုလိုဖြစ်သွားတာ . . . ဟဲ . . ဟဲ အခုဆိုဘယ်



www.burmeseclassic.com

www.burmeseclassic.com

လောက်အဆင်ပြေသွားလဲ . . . ဟိုက ဦးလေးကိုလေးစားသွားပြီ’

‘ဟာ . . . အဲဒါပိုဆိုးတာ . . ငါမှပန်းချီပညာနားမလည်တာ’

‘ဩော် . . ခက်တော့နေပြီ . . . ကျွန်တော်တစ်ယောက်လုံး ရှိပါတယ်ဆို မပူနဲ့ . . . အားကိုးစမ်းပါဗျာ . . ဒီမှာ နောက်နေ့ကစပြီး ဦးလေး ပန်းချီဆရာဖြစ်ပြီ’

‘ဟေ’

ဦးသောင်းအေး မျက်လုံးချက်ချင်းပြူးထွက်သွား၏။

‘မဟေနဲ့ ကျွန်တော်ပြောသလိုသာလုပ် အားလုံးအဆင်ပြေ သွားမယ်’

‘ငါ . . . ငါ မင်းကိုအားကိုးပါတယ်ကွာ’

www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားမှုကို ခပ်စိပ်စိပ်လုပ်ရန် လိုအပ်လာပြီဟုထင်သည်။ အခြေအနေအရပ်ရပ်ကိုသုံးသပ်ကြည့်တော့ လုပ်ကွက်ကလေးကလှသည်။ မဆိုး . . .။ နည်းနည်းလေး အားစိုက်လိုက်ရင်ဖြစ်သွားနိုင်သည်။ မင်းကုသတောင် ပပဝတီကိုရအောင်ယူခဲ့သေးတာ ဦးသောင်းအေးက မင်းကုသထက်တော့သာသေးသည်။ ဒေါ်ညိုမီထွန်းလွင်ကလည်း ပပဝတီလို ခုနစ်ဆောင်ဘုံနန်းမှာ မီးမထွန်းဘဲလင်းပုံမပေါ်။ သို့သော် ဦးသောင်းအေးဘက်ကတော့ နည်းနည်းလေး လိုအပ်နေသေးသည်ဟုထင်မိ၏။ အဓိကကပန်းချီဆရာတစ်ယောက်အဖြစ်ပိပိရိရိဟန်ဆောင်ဖို့။ ချစ်သူတွေမဖြစ်သေးခင်စပ်ကြား အလိမ်မပေါ်ဖို့က အရေးကြီး၏။ ချစ်သူတွေဖြစ်သွားပြီးမှ သိသွားတာ အရေးမကြီး . . .။ အဲဒီအခါကျရင် မသိဘဲလည်းနေမှာမဟုတ်။ အားလုံးအမှန်အတိုင်းရှင်းပြရမည်။ ဒါမျိုးက တစ်သက်လုံးလိမ်လို့ရတဲ့ကိစ္စမျိုးလည်းမဟုတ် . . .။ တစ်ချက်တော့ ရှိသည်။ ဒေါ်ညိုမီထွန်းလွင်ဘက်က အားလုံးသိသွားရင် ခွင့်လွှတ်တယ် မလွှတ်ဘူးဆိုတာပင်။

သို့သော် အဲဒီ့အဆင့်လောက်ထိတွေးဖို့ မလိုသေး။ အဲဒါတွေအားလုံး နောင်ခါလာနောင်ခါစျေး။ ချစ်လို့လုပ်တာဆိုရင် ခွင့်လွှတ်ဖို့မျှား၍ စိတ်ထဲတော့ သိပ်မပူမိပေ . . .။ ပူမိတာက ဦးသောင်းအေး။

www.burmeseclassic.com

www.burmeseclassic.com



ရည်ရွယ်ချက်မပြည့်မီ အလိမ်တွေအားလုံးပေါ်သွားမှာစိုးရသည်။

စားပွဲပေါ်ပုံပေးလိုက်သော ပန်းချီပစ္စည်းတွေနှင့်စာအုပ်တွေကိုကြည့်ကာ . . .

'ဘာတွေလဲကွ များလှချေလား'

'စာအုပ်တွေက ဖတ်ဖို့ . . . အဲဒီအထဲမှာ ပန်းချီနဲ့ပတ်သက်တဲ့အယူအဆသဘောတရားတွေပါတယ် . . . ပြီးတော့ ဒါက ပန်းချီပစ္စည်းတွေသုံးပုံသုံးနည်းပြောပြမယ် . . . နောက် ကျွန်တော့်သူငယ်ချင်းတစ်ယောက်ရဲ့အသိ ပန်းချီဆရာတစ်ယောက်ကိုလည်း အကူအညီတောင်းထားတယ်။ သူက ဦးလေးကိုရက်တိုသင်တန်းပေးလိမ့်မယ် . . . ဘာပဲဖြစ်ဖြစ် ဒီပညာရပ်နဲ့ရင်းနှီးသွားတော့ ဟန်ဆောင်တာပိုပီပြင်တာပေါ့ . . . ဒါကလည်း အပေါ်ယံလောက်ပါ . . . အတွင်းကျကျပတ်သက်မှုအဆင့်တော့မရောက်စေနဲ့။ ကိုယ်ကတကယ်မဟုတ်တော့ပေါ်သွားလိမ့်မယ်။ အတတ်နိုင်ဆုံးတော့ ပိပိရိရိရှိဖို့လိုတယ်နော် . . . ရည်ရွယ်ချက်အောင်မြင်မှုပေါ်သွားတာအရေးမကြီးဘူး . . . ဒီကြားထဲသေသပ်နေဖို့လိုတယ် . . . အင်း . . သိပ်တော့စိတ်မပူပါနဲ့ . . . ကျွန်တော်ဦးလေးနားမှာအမြဲရှိနေမှာပါ'

ကျွန်တော်ဖြစ်ချင်တာတွေရှင်းပြပြီးသည့်နောက် ဦးသောင်းအေးခေါင်းတညိတ်ညိတ်ဖြစ်သွား၏။ တော်တော်သဘောပေါက်သွားပုံရသည်။

'စိတ်ချပါ . . ငါ့ဘက်က အစွမ်းကုန်လုပ်ပါ့မယ် . . . ဟီး ဟီး ဒါပေမယ့် နည်းနည်းတော့ ရှက်တယ်ကွ . . . ဒီအရွယ်ကြီးရောက်မှ ကလေးကလားနဲ့'

'အချစ်က လူကိုရူးသွပ်စေတယ်တဲ့ဦးလေးရဲ့ . . . ဟဲ ဟဲ ရှက်မနေပါနဲ့ဗျာ . . . ဘာလဲ ညိုလေးကိုမလိုချင်ဘူးလား'

'ဟီး ဟီး ဘယ်လိုပြောလိုက်တာလဲကွာ'

ယူချင်လိုက်တာလည်း သူ့အပြင်အပိုမရှိ။ လက်ဝါးနှစ်ဖက်ပွတ်ပြီး သူ့မှာရှက်ရသေး၏။

'တစ်ပတ်ပဲအချိန်ပေးမယ်နော် . . . အားလုံးအဆင်သင့်ဖြစ်အောင်လုပ်ထားဦး . . . တစ်ပတ်နေရင် ညိုမီထွန်းလွင်ကိုဦးလေးနဲ့ တွေ့ပေးမှာ'

'ဟေ . . . ငါနဲ့တွေ့ပေးမယ် . . . ဟုတ်လား. . . ဘယ်လိုတွေ



www.burmeseclassic.com

www.burmeseclassic.com



ပေးမှာလဲ'

'ဒီလိုပဲ တွေ့ပေးမှာပေါ့ . . . ဦးလေးက ဘယ်လိုတွေ့ချင်လို့လဲ'

'ဘယ်လိုမှ မတွေ့ချင်ပါဘူးကွာ . . . အဖြစ်မေးတာပါ . . ဒါနဲ့ ငါက ဒီတစ်ပတ်အတွင်း မင်းပြောတဲ့ဟာတွေလုပ်ထားရမယ်ပေါ့'

'အင်း'

'ဒီကြားထဲ တစ်ခေါက်လောက်တွေ့လို့မရဘူးလားကွာ'

'မလောနဲ့လေ ဦးလေးရဲ့ . . . လက်ဖက်ကောင်းစားချင်ရင် ပလောင်တောင်တက်နှေးရတယ်ဗျ'

'အေးပါကွာ'

www.burmeseclassic.com

www.burmeseclassic.com



တစ်ပတ်ပြည့်သွားပြီ။ ဦးသောင်းအေးလည်း သိသင့်သလောက်တော့သိသွားပြီဟု သုံးသပ်မိ၏။ အခုဆို စုတ်တံကိုင်ပုံကိုင်နည်းနှင့် ဘာအရောင်နဲ့ဘာအရောင်စပ်ရင် ဘယ်လိုအရောင်ထွက်တယ်ဆိုတာလောက်တော့ရသွားပြီ။ ပီကာဆို၊ ဗင့်ဆင့်ဗင်ဂိုး၊ ဒါလီစသည့် ကမ္ဘာကျော်ပန်းချီဆရာတွေနာမည်နှင့် သူတို့ရဲ့ပန်းချီကားတွေအကြောင်း တီးမိခေါက်မိလောက်တော့တတ်သွားပြီ။ ဒီလောက်ဆိုဖြစ်ပြီ . . . ကျန်တာဝိုင်းဝန်းပံ့ပိုးလိုက်ရင် လောလောဆယ်အတွက်တော့ ဟန်ဆောင်မှုက လုံလောက်သွားလေပြီ . . .။

မြို့ထဲက လွတ်နေတဲ့ ကျွန်တော်တို့တိုက်ခန်းတစ်ခုမှာအိမ်တက်ပွဲလေးတစ်ခု ကျွန်တော်ကျင်းပလိုက်၏။ အဓိကကတော့ ဒေါ်ညိုမီထွန်းလွင်နဲ့ဦးသောင်းအေးကို ဒုတိယအကြိမ်ဆုံပေးဖို့ . . .။ ဒီတစ်ခါဆုံတွေ့ခြင်းက အရေးကြီးသည်။ ပညာပိုင်းဆိုင်ရာလေးတွေ နည်းနည်းပါလာပြီဟု ပြောလို့ရ၏။ ပြီးတော့ ပန်းချီနဲ့ပတ်သက်တဲ့ပြခန်းလေးတစ်ခုလည်းခင်းကျင်းထားလိုက်သည်။ ပန်းချီကားတွေကိုတော့ အေးမြင့်သူငယ်ချင်းက ကူညီ၍တော်တော်စုံစုံလင်လင်ရသည်။ ခမ်းခမ်းနားနားကြီးမဟုတ်သော်လည်း အတော်အသင့်တော့စုံလင်သည့်ပြခန်းလေးတစ်ခုဖြစ်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'အိမ်တက်ပွဲလေးပါမမ . . . သိပ်အကြီးအကျယ်ကြီးမဟုတ်ပါဘူး . . . ကိုယ့် ခင်ရာခင်ကြောင်းလေးတွေလောက်ပါပဲ . . . မမကိုတော့ လာဖြစ်အောင်လာစေချင်တယ်ဗျာ'

ဒေါ်ညိုမီထွန်းလွင်က ပြုံးပြုံးလေးနှင့်ပင် . . .

'လာမယ့် တနင်္ဂနွေနော် . . . အားမယ်ထင်တာပဲ . . အတတ်နိုင်ဆုံး ကြိုးစားပြီးလာခဲ့ပေးမယ်လေ'

အခုလုပ်တဲ့ပွဲက သူလာဖို့အဓိကဖြစ်၍ လာမယ်ဆိုတဲ့ကတိကိုရအောင်တောင်းဖို့ဆုံးဖြတ်လိုက်သည်။ တော်ကြာ မလာဖြစ်ရင် စီစဉ်ထားသမျှ အလကားဖြစ်သွားမည်။

'ဆက်ဆက်လာမယ်ဆိုတဲ့ကတိလေးပေးပါလားဟင် . . . မမ ကိုကျွန်တော်တို့မှာ ရှိတဲ့ပန်းချီကားလေးတွေလည်းပြချင်လို့ပါ'

တော်တော်ထိရောက်မှုရှိသွားသည်။ ပန်းချီကားနာမည်ကြားတာနှင့် မျက်ဝန်းက စိုတက်လာကာ . . .

'ဟုတ်လား . . . ဘယ်သူ့ကားတွေလဲဟင်'

'အစုံပဲမမ . . . တော်တော်များများရှိတယ် . . စုထားတာ လေ . . .' ဟုပြောပြီး ပန်းချီဆရာတော်တော်များများရဲ့ကားနာမည်တွေပြောလိုက်ကာ မျက်နှာကိုအကဲခတ်လိုက်၏။ အခြေအနေတော်တော်ကောင်းသည်။ အားပါးတရပင် . . . .

'လာမယ် . . . လာမယ် စိတ်ချ . . . မမသိပ်ကြိုက်တဲ့ပန်းချီဆရာတွေပဲ . . မောင်လေးဆီမှာ ကားတော်တော်စုံတာပဲ'

ကျွန်တော် ကြိတ်ပျော်သွားပါသည်။ ဒီလိုအခြေအနေရောက်လာဖို့ကလည်း ကျွန်တော့်ဘက်က အရင်းအနှီးမသေးပေ။ လိုချင်တဲ့ပန်းချီကားတချို့ကို ဈေးကြီးပေးဝယ်ခဲ့ရ၏။ ဒါကို ဦးသောင်းအေးလည်းသိ၍ ကျေးဇူးတင်ကြောင်းတဖွဖွပြော၏။ စေတနာကို နားလည်ရင်တော်ပြီဖြစ်ကြောင်းသာ ကျွန်တော်ပြန်ပြောလိုက်သည်။ ဒီကိစ္စမှာ တစ်စတစ်စနှင့် ကျွန်တော့်ဘဝက ကိုယ်ရောစိတ်ပါတော်တော်ကျံဝင်နေပြီဖြစ်ကြောင်းသတိတော့ ထားမိလိုက်သည်။ ဒါပေမယ့်အားလုံးက လုပ်ချင်တာလုပ်နေရ၍ပျော်ပါသည်။

'ဒါဆို မမ ဆက်ဆက်လာနော် . . ကျွန်တော်တို့ပြန်လိုက်ဦးမယ်'

'ဟုတ်ပါပြီကွယ် . . . မမဆက်ဆက်လာပါ့မယ်'

www.burmeseclassic.com

www.burmeseclassic.com



ကတိရတာနှင့် အေးမြင့်နဲ့ကျွန်တော်ထပြန်လာခဲ့တော့သည်။ လမ်းရောက်တော့ အေးမြင့်က ကျွန်တော့်ကိုကြည့်ပြီး . . .

'သူရ . . . မင်းအတွက် ငါရင်လေးတယ်ကွာ'

'ဘာဖြစ်လို့လဲကွ'

အေးမြင့် ဘာမှပြန်မပြောဘဲ တစ်ခုခုကိုစဉ်းစားနေသလို လုပ်ရင်းမှ . . .

'ဘာမှမဟုတ်တော့ဘူးကွာ'

'ဒါဆိုလည်း ဘာလို့ပြောနေသေးလဲကွာ'

www.burmeseclassic.com

www.burmeseclassic.com



ဘုန်း ကြီးငါးပါး ဆွမ်းကပ်သည်။ ဧည့်သည်တချို့တဝက်ကို ဖိတ်၏။ များသောအားဖြင့် ကိုယ်နဲ့ရင်းနှီးနေတဲ့လူတွေဖြစ်ကြသည်။ အေးမြင့်၊ ဝင်းကိုနဲ့ ထွန်းသိန်းတို့က ညကတည်းက လာအိပ်၍ကူညီလုပ်ကိုင်ပေးကြ၏။

'ဒီတိုက်ခန်းက အိမ်တက်လုပ်မယ် လုပ်မယ်နဲ့ အခုမှပဲ အကောင်အထည်ပေါ်တော့တယ်နော် သူရ . . .'

အေးမြင့်ပြောလည်းပြောချင်စရာ . . .။ တိုက်ခန်းဝယ်ပြီးကတည်းက အိမ်တက်လုပ်ဖို့ အိမ်ကတာဝန်ပေးထားတာ အခုမှပဲလုပ်ဖြစ်တော့၏။ ဒယ်ဒီနဲ့ မာမီကတော့ မနက်ပိုင်းတစ်ချက်သာတရားနာလာပြီး ပြန်သွားကြ၏။ ဒီတိုက်ခန်းကလည်း ကျွန်တော့်နာမည်နဲ့ဝယ်ပေးထားတဲ့ အခန်းဆိုတော့ ကိုယ့်ခြေကိုယ့်လက်ကိုယ့်သဘော . . .

ဒေါ်ညိုမီထွန်းလွင်ကတော့ တော်တော်နောက်ကျမှရောက်လာသည်။ အဲဒါလည်း တစ်ခုကောင်းသည်။ သူရောက်တဲ့အချိန်မှာလူတော်တော်ရှင်းသွားပြီ . . . အေးမြင့်တို့လောက်သာကျန်တော့၏။

'ဆောရီးနော် . . . မမနည်းနည်းနောက်ကျသွားတယ် . . . ကိစ္စလေးတစ်ခုရှိနေလို့'

'ရပါတယ် မမရယ် . . နောက်မကျပါဘူး . . . ကျွန်တော်က

www.burmeseclassic.com

www.burmeseclassic.com



မမလာတာနဲ့တင်ကျေးဇူးတင်နေပါပြီ’

ထို့နောက် နေရာထိုင်ခင်းချပေးကာ စားစရာများနှင့် တည်ခင်းဧည့်ခံ၏။

‘မမ အုန်းနို့ခေါက်ဆွဲနဲ့တည့်ရဲ့လားဟင် . . . ’

‘တည့်ပါတယ် . . ကြိုက်လည်းကြိုက်တယ် . . ဘာလဲ အုန်းနို့ခေါက်ဆွဲချက်တာလား’

‘ဟုတ်ကဲ့’

ပြောပြီး အုန်းနို့ဟင်းရည်ပန်းကန်ချပြီးချိန်တွင် ဦးသောင်းအေးကြီး အိမ်နောက်ဖေးမှထွက်လာတော့သည်။ ထို့နောက် ခပ်တည်တည်နှင့်ဝိုင်းမှာဝင်ထိုင်ကာ . . .

‘ရောက်တာကြာပြီလား . . . ဆရာမ’

‘မကြာသေးပါဘူးဆရာ . . . ဒါနဲ့ဆရာရော စားပြီးသွားပြီ လား . . . တစ်ခါတည်းဝင်လိုက်ပါလားဟင်’

ဦးသောင်းအေးက ခပ်တည်တည်ပင်ခေါင်းတစ်ချက်ခါပြကာ

‘မစားသေးပါဘူးဗျာ . . . ဆာလည်းမဆာတော့ပါဘူး’

တစ်ခုခုကိုအပြင်းအထန်စဉ်းစားနေရင်း ပြောတဲ့ပုံစံဖြစ်နေ၍ ဒေါ်ညိုမီထွန်းလွင် မျက်မှောင်ကြုတ်ကာ ဦးသောင်းအေးကိုကြည့်လိုက်၏။ ကျွန်တော်တောင် ဦးသောင်းအေးပုံကိုကြည့်ပြီး အံ့သြသွားရသည်။ ဒေါ်ညိုမီထွန်းလွင်က . . .

‘ဆရာ . . . နေမကောင်းဘူးလား’

ဦးသောင်းအေးက နံရံကိုတွေတွေကြီးစိုက်ကြည့်နေရင်း ခေါင်းကိုလေးတွဲ့စွာခါပြကာ . . .

‘အရောင်တွေရဲ့တွဲစပ်မှုအပိုင်းကို ဆရာမဘယ်အတိုင်းအတာထိသိလဲ’

‘ရှင်’

ရုတ်တရက်အံ့သြသွားသောဒေါ်ညိုမီထွန်းလွင်ရဲ့အသံ . . . ။ ဟင်းရည်ထည့်ပေးနေရင်း ရပ်သွားသောအေးမြင့်၊ ပါးစပ်အဟောင်းသားနှင့်ဦးသောင်းအေးကိုကြည့်မိသွားသောဝင်းကို၊ ကောက်ခါငင်ကာ မျက်လုံးပြူးထွက်လာသောထွန်းသိန်း၊ အံ့သြခြင်းများစွာနှင့်ကျွန်တော် . . .

အခန်းလေးက ရုတ်တရက်တိတ်ဆိတ်သွား၏။ ဦးသောင်းအေးမျက်နှာကတော့ ပကတိလေးနက်တည်ကြည်နေဆဲ . . . ။ ဇာတ်ဝင်


www.burmeseclassic.com

www.burmeseclassic.com



ခန်းတစ်ခုမှာအကယ်ဒမီရအောင်သရုပ်ဆောင်နေသော မင်းသားတစ်ယောက်အိုင်တင်အပြည့်။ ခဏနေမှ ဦးသောင်းအေးဆီက သက်ပြင်းချသံကြားလိုက်ရကာ . . .

'အရောင်ရဲ့အင်အားဟာ သိပ်ကြီးမားတယ်ဗျာ . . . ပန်းချီရဲ့အသက်ပဲ . . . ကျွန်တော်တွေ့လိုက်ရတယ် . . . မျက်လုံးတွေ . . မျက်လုံးတွေ သိပ်ဆာလောင်မွတ်သိပ်နေတဲ့မျက်လုံးတွေ . . ပြီးတော့ အလင်းအမှောင် . . . ဟား . . . ကောင်းလိုက်တာဗျာ'

ဒေါ်ညိုမီထွန်းလွင် ကြောင်အအနဲ့ကြည့်နေ၏။ အခုထိဘာကိုဆိုလိုနေမှန်းသိသေးပုံမပေါ် . . . . အခန်းကလေးက တိတ်ဆိတ်သထက်တိတ်ဆိတ်ကာသွားသည်။ ကျွန်တော်တို့အားလုံးရဲ့အာရုံက ဦးသောင်းအေးပေါ်မှာ . . . .

ဦးသောင်းအေးက မျက်လွှာကိုဖြည်းဖြည်းခြင်းချလိုက်ကာ. .

'ဒါကြောင့်လည်း ကမ္ဘာကျော်ခဲ့တာပဲ . . . ဒါပေမယ့်သိပ်နှမြောဖို့ကောင်းတယ် . . . ဘဝကိုအနုပညာအတွက် အဆုံးစွန်ပေးဆပ်သွားရတာ . . . သူ့ကားတွေထဲမှာ အဲဒီကား ကျွန်တော်အကြိုက်ဆုံးပဲ'

တစ်ခုခုမေးဖို့တော့ အချိန်တန်လာပြီဟုထင်သည်။ ဦးသောင်းအေးစကားက ရှေ့နောက်ဘာတွေမှန်းမသိ၍ အားလုံးအူလည်လည်ဖြစ်ကုန်ကြ၏။ သို့သော်အားလုံး တော်တော်စိတ်ဝင်စားနေကြပါသည်။ ဒေါ်ညိုမီထွန်းလွင်ဆိုတော်တော်စိတ်ဝင်စားနေမှန်းသိသာသည်။ ခဏနေတော့ သူမကပဲဦးသောင်းအေးကို မေးတော့၏။

'ဆရာ ပြောနေတာ ပန်းချီကားတစ်ခုအကြောင်းထင်တယ်'

ဦးသောင်းအေး ရုတ်တရက်လက်ဖျစ်တစ်ချက်တီးလိုက်ကာ. .

'ဟုတ်တာပေါ့ ဆရာမရယ်'

အိုက်တင်က အပိုအလိုမရှိ . . . ။ ဒေါ်ညိုမီထွန်းလွင်ကဆက်မေး၏။

'ဘယ်ကားလဲ ဆရာ . . . ကျွန်မကိုပြောပြပါလားဟင်'

ဒီလောက်ပြောနေတာတောင် မသိဘူးလားဆိုတဲ့ အိုက်တင်နဲ့ ဦးသောင်းအေးက ကြည့်လိုက်၏။ ထိုအကြည့်ကြောင့် ဒေါ်ညိုမီထွန်းလွင် နေရထိုင်ရတော်တော်ခက်သွားကာ ကျုံ့ကျုံ့ကလေးတောင်ဖြစ်သွားရသည်။ မျက်လွှာကလေးကိုချရင်း . . .

'ကျွန်မ တကယ်မသိတာပါ . . . ဟို . . ဆရာ့ကို ဗော်ကား

www.burmeseclassic.com

www.burmeseclassic.com



သလိုဖြစ်သွားရင် ခွင့်လွှတ်ပါဆရာ . . . နောက်ပြီး ဆရာ့လောက်လည်း ဝါမရှိသေးတော့ . . .’

ဦးသောင်းအေးက ဘာမှမပြော . . .။ ခပ်တည်တည်နှင့်ပင်ကြည့်၏။ ဒေါ်ညိုမီထွန်းလွင်ရဲ့ သိချင်စိတ်ကလည်း အထွတ်အထိပ်ရောက်သွားပြီထင်သည်။ ရွံ့ရွံ့ကလေးဆက်မေး၏။

‘ပြောလို့ရရင် ပြောပြပါလားဆရာ’

ထိုအခါကျမှ ဦးသောင်းအေးတစ်လုံးချင်းပြောချလိုက်ပါတော့သည်။

‘ရာဘင်ဒါနတ်တဂိုးရဲ့ အာလူးစားသူများပန်းချီကားလေ’

‘ရှင်’

ကျွန်တော့်မျက်စိနှစ်လုံး ပြာခနဲဖြစ်ကာသွားသည်။

သေပြီ . . . ဘဝပျက်ပြီ . .။ ဘုရားကို အကြိမ်နှစ်ရာလောက်တလိုက်မိ၏။ ကမ္ဘာကျော်ကဗျာဆရာကြီး၊ တိုင်းသိပြည်သိကဗျာဆရာကြီးသည် ဦးသောင်းအေးလက်တွင် ဘဝပြောင်းရလေပြီ။

ပန်းချီသမိုင်းလည်း ပြောင်းပြန်လှန်ပြီ။ သူပြောတဲ့ အာလူးစားသူများက ဗင်းဆင့်ဗန်ဂိုးရဲ့ကမ္ဘာကျော်ပန်းချီကားကြီး. . အဲဒါကိုမှဗန်ဂိုးနဲ့တဂိုးကိုမှားပြောမိလေပြီ။ ကျွန်တော်ပေးထားတဲ့သင်ခန်းစာတွေကို သေချာမကျက်မှန်းသိသာသွား၏။ အခုတော့ . . . ဘဝပျက်ပြီ။

ဒေါ်ညိုမီထွန်းလွင် ပါးစပ်အဟောင်းသားနှင့် ငါးမိနစ်လောက်ကြောင်ကြည့်နေရာမှ . . .

‘ဆရာ . . . အဲ့ . . . အဲဒါ . . ဗင်းဆင့်ဗန်ဂိုးမဟုတ်လား’

‘ဟာ . . . မဟုတ်ပါဘူးဗျာ . . . ရာဘင်ဒါနတ်တဂိုးပါ’ ဦးသောင်းအေး ခြေကန်ပေးငြင်း၏။

‘မဟုတ်ဘူးဆရာ . . . ဆရာမှားနေပြီ . . . အဲဒါဗန်ဂိုးရဲ့ပန်းချီကားလေ’

‘ဘယ်ကလာ . . ရာဘင်ဒါနတ်တဂိုးဗျ . . . ကျွန်တော် ညကမှသေချာကျက်ထားတာ . . အဲ . .’

‘ရှင် . .’

ကျွန်တော်ဝင်ပြောမှဖြစ်တော့မည်ဖြစ်ကြောင်း နားလည်လိုက်ပြီ . . .။ ဒီအတိုင်းလွှတ်ထားရင် ဘူးကိုရေထဲနှစ်လိုက်တာကမှမြုပ်ချင်မြုပ်သွားဦးမည်။ မကြာခင်အကုန်ပေါ်တော့မည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟာ . . . ဆရာ . . . ဆရာမှားနေပြီလေ . . . ဆရာကလည်း ဗျာ . . သိရက်သားနဲ့ . . . ဩော် ကျွန်တော်သိပြီ . . . ဆရာခုနက တဂိုးရဲ့ကဗျာစာအုပ်ဖတ်နေတာ ကျွန်တော်တွေ့လိုက်တယ် . . . ဟဲ ဟဲ ဆရာစိတ်စွဲပြီး မှားပြောမိတယ်ထင်တယ်'

ဦးသောင်းအေး အဲဒီတော့မှ ငြိမ်ကာသွား၏။ ဒါတောင်မကျေနပ်သေးဘဲ ပါးစပ်က ပွစိပွစိလုပ်နေသေး၍ . . . .

"မမ . . . စားနော် အားမနာနဲ့ . . ထည့်စား . . ဟော့ကောင် အေးမြင့် မမကိုဟင်းရည်ထည့်ပေးဦးလေ . . . မမ ဒီဘက်ကသံပရာသီး၊ ဒီမှာကြက်သွန်'

ဝိုင်းကလေးက အခုမှပုံမှန်ပြန်လည် အဆင်ပြေကာသွား သည်။ ဦးသောင်းအေးကတော့ သူမှားသွားမှန်းသိလို့လား စာအုပ်ပဲပြေးကြည့်တာလားမသိ . . . ခဏနေတော့ အနောက်ဘက်သို့သုတ်ခနဲ ထွက်သွား၏။ သူမရှိတော့မှ . . . .

'ဆရာက အဲဒီလိုပဲ မမရဲ့တစ်ခါ တစ်ခါအတည်ပေါက်ကြီး နောက်တတ်တယ် . . . ဟဲ ဟဲ တစ်ခါတလေ ဒီလိုပဲ ကျွန်တော်တို့ကို နောက်သလိုလိုနဲ့ ပညာစမ်းတာ'

ဘာပဲဖြစ်ဖြစ် ယုံတာ မယုံတာအပထား . . လောလောဆယ်တော့ ရုပ်ပျက်ဆင်းပျက်ဖြစ်မသွားချေ။ အခြေအနေအရပ်ရပ် ပြန်လည် တည်ငြိမ်သွားကာ ဒေါ်ညိုမိထွန်းလွင်လည်း ထိုကိစ္စကိုမေ့မေ့ပျောက် ပျောက်ဖြစ်သွားတော့သည်။

ဒီလိုနဲ့စားပြီးသောက်ပြီးသွားတော့ တခြားအကြောင်းအရာများဘက် ဦးလှည့်ကာ အလ္လာပသလ္လာပပြောပြီး ပြန်သွားလေတော့သည်။ ကျွန်တော်လည်း ပန်းချီဘက်ဦးမလှည့်ရဲတော့ . . . ။ သူပြန်သွားမှ ခြေပစ်လက်ပစ် သက်ပြင်းချမိပါတော့သည်။ ဦးသောင်းအေးကြီးကတော့ အိမ်နောက်ဖေးဝင်သွားပြီးကတည်းက ဒေါ်ညိုမိထွန်းလွင်ပြန်သည်အထိ လုံးဝထွက်မလာတော့ . . . ။

'မှားပါတယ် ကိုသောင်းရယ်' ဟုသာအော်ပြောပစ်လိုက်တော့သည်။

အေးမြင့်တို့ကတော့ ခွက်ထိုးခွက်လန်ရယ်လျက် . . . ။

www.burmeseclassic.com

တော်ဝင်မြို့စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၅)

www.burmeseclassic.com

www.burmeseclassic.com


တကယ်တော့ ငါဟာ ကိုယ့်သေတွင်းကိုယ်တူးခဲ့တဲ့
သုဘရာဇာတစ်ယောက်ပါ။
သေဆုံးခဲ့သည့်တိုင် ငါ့ဧျာပနမှာ
လာချစရာမလိုဘူး . . . . ။

www.burmeseclassic.com

www.burmeseclassic.com



ငါဟာ ကော်ဖီပျင်းတစ်ခွက်ဖြစ်သည်။
တစ်ခါတရံ ငါ့ကိုယ်ငါတောင် ပြန်လည်ခါးသက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်သည် ကြယ်ပွင့်လေးများကိုပန်ကာ လရောင်ကို ထမ်း၍ ညကို လှပအောင်ဖန်တီးပေးနေသည်။ တစ်ချက် တစ်ချက် အဝေးက ခွေးအူသံကိုကြားရသည်။ ခပ်လှမ်းလှမ်းဘူတာရုံမှ နောက်ဆုံးရထားသည် သံရှည်ဆွဲ၍ထွက်ခွာသွားခဲ့ပြီ။ ဝရန်တာက လှမ်းကြည့်တော့ မီးရောင်ဝါများအောက်တွင် လှပသောအိမ်လေးများကိုတွေ့ရ၏။ အိမ်ခေါင်မိုးပြားများမှ လအလင်းသည် ရိုက်ထောင့်မှန်စွာပြန်ထွက်ကာ ည အလှကိုတန်ဆာဆင်ပေးနေသလို။ စွယ်တော်ပန်းတချို့ လရောင်အောက်မှာ ယိမ်းနွဲ့ ကခုန်လျက်။ လေပြည်က အောက်စီဂျင်ကိုသယ်ရင်း ကျွန်တော့်မျက်နှာကိုဝင်တိုး၏။

ဝင်လေကို တဝရှူပြီး ထွက်သက်ကိုအားကုန်မှုတ်ထုတ်လိုက်သည်။ ခေါင်းထဲမှာ ကြည်လင်သွားပြီး ခုနအတွေးညစ်ညစ်တွေ ပျောက်ကာသွား၏။ သို့သော် တဒင်္ဂ . . .။ အမှတ်မရှိတဲ့ ဦးနှောက်က မေ့ဖျောက်လိုက်တဲ့အတွေးကို ဆက်ယူဖို့ ကြိုးပမ်းပြန်သည်။ ကျွန်တော် သက်ပြင်းချလိုက်သည်။ မတားချင်တော့ . . . ခပ်ရိုင်းရိုင်းပြောရရင် အဲဒီ့သူမကို ကျွန်တော်မုန်း၏။ ကျွန်တော်စကားရိုင်းတော်တော်များများကို ဒီညပြောပစ်လိုက်ရသည်။ အဲဒီ့မိန်းမကြောင့် . . .။ သိပ်ကိုရက်စက်တဲ့မိန်းမကြောင့်။ ဒီလိုလှပတဲ့ညနဲ့တောင်မတန်အောင်လွန်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



တဲ့တစ်နာရီလောက်က ကျွန်တော်ရိုင်းစိုင်းခဲ့သည်။ ကျွန်တော့်စကားတွေ ကြမ်းတမ်းခဲ့၏။

ကြယ်တစ်ပွင့်ကောင်းကင်မှာကြွေသွားတာ မြင်လိုက်ရသည်။ ရင်ထဲမှာ တစ်စုံတစ်ခုဆုံးရှုံးသွားသလို၊ ဒါမှမဟုတ် တစ်စုံတစ်ခုပျက်စီးသွားသလို . . .။

*'ငါ မင်းကိုချစ်ခဲ့တာမှန်တယ်၊ ဒါပေမဲ့ ငါမယုတ်မာဘူး'*

နောက်ဆုံး ထပ်ခါထပ်ခါအော်ပြောခဲ့တဲ့စကား . . .။ အခုလည်း အဲဒီစကားတွေ ရင်ထဲမှာလှိုက်တက်လာပြန်ပြီ။

'ခွမ်း'

လက်ထဲမှာ ကိုင်ထားတဲ့ကော်ဖီခွက်ကို ရိုက်ခွဲပစ်လိုက်သည်။ တစ်စုံတစ်ခုအတိုင်းအတာထိ သက်သာသွားသလိုရှိသော်လည်း ခဏသာ . . . .။

'နင် ငါ့အဒေါ်နဲ့ပတ်သက်စရာအကြောင်းမရှိဘူး . . . တူမကိုမရတာနဲ့ အဒေါ်ကိုကြံတယ်ဆိုတာ အလွန်တရာအောက်တန်းကျတယ်၊ နင်တော်တော်ယုတ်မာတာပဲ'

'ဝုန်း'

ကုလားထိုင်တစ်လုံးကို ပြေးကန်လိုက်ပြီး လမင်းကိုမော့ကြည့်လိုက်၏။ အေးအေးချမ်းချမ်း သာနိုင်လွန်းသောလကိုမနာလိုတော့. . .။ ဒီကောင့်ရင်တစ်ခုလုံး ငရဲပွက်နေပြီ။

'နင့်လို အရှုးကိုမှငါပတ်သက်မိခဲ့တာ ငါမှားသွားတယ်. . . တကယ်တော့ ငါ့ညီမသူငယ်ချင်းမျက်နှာရှိလို့ နင့်ကို အရင်ကအလိုက်အထိုက်ဆက်ဆံခဲ့တာ . . .။ အခုတော့ နင်ကငါ့ကိုဒုက္ခပေးဖို့ သက်သက်ဖြစ်နေပြီ . . .။ ငါ့အဒေါ်မှာ ဘာအပြစ်ရှိလဲ . . . နင့်လို ရုပ်ရှင်ရှူး၊ ဝတ္ထုရူးက ငါ့အဒေါ်ကိုရအောင်ကြံပြီး ငါ့ကိုလက်စားချေဦးမယ်ပေါ့. . .။ ဒီမယ် သူရ၊ လောကမှာ ကိုယ်ဖြစ်ချင်တိုင်းဖြစ်လို့မရဘူးဆိုတာမှတ်ထား . . .။ တစ်ခါတည်း နင့်ကိုရှင်းရှင်းပဲပြောလိုက်မယ်. . ဟိုအရင် နင် ငါ့ကိုစလိုက်ကတည်းက ငါနင့်ကိုစိတ်မဝင်စားဘူး . . . ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် အပျိုကို လူပျိုလိုက်တာ ထူးထူးထွေထွေပြောစရာမရှိလို့လွှတ်ထားတာ . . . အခုတော့ နင်က . . .'

'အား . . .'

ဆက်ပြီး ကြားယောင်နိုင်စွမ်းမရှိတော့ . . . သိက္ခာဘာရားနဲ့



www.burmeseclassic.com

www.burmeseclassic.com



မာနကို သေလုမျှောပါးစော်ကားခဲ့သောစကားတွေ၊ အခုမှ နတ်သမီး ခေါင်းဆောင်းထားတဲ့ ဘီလူးစကားတွေကြားလိုက်ရသည်။

'ငါ မင်းကိုချစ်ခဲ့တာ မှန်တယ်၊ ဒါပေမဲ့ ငါ မယုတ်မာဘူး'

'သွားစမ်းပါ သူရ . . . ငါ လုံးဝမယုံဘူး၊ ရှင်းရှင်းပဲပြောမယ်၊ ငါ့အဒေါ်နဲ့လုံးဝမပတ်သက်ပါနဲ့ . . . ဒါပဲ'

'ငါ မင်းကိုချစ်ခဲ့တာ မှန်တယ်၊ ဒါပေမဲ့ ငါမယုတ်မာဘူး'

'ငါ မင်းကိုချစ်ခဲ့တာ မှန်တယ်၊ ဒါပေမဲ့ ငါမယုတ်မာဘူး'

နောက်ဆုံး ဒီစကားထက်ပိုပြီး ဘာလို့မပြောတတ်ခဲ့တာလဲ စဉ်းစားမရ၊ နောက်ဆုံး ဖုန်းချခါနီး ပျစ်ပျစ်နှစ်နှစ်တစ်ခုလောက်ဆဲပစ်လိုက်ဖို့ကောင်းသည်။ ကျွန်တော် သူမအပေါ် ကာယိန္ဒြေပျက်ယွင်းအောင်ဘာမှားခဲ့လို့လဲ . . .၊ အချစ်ကြောင့် ကြိုးပမ်းတာချင်းအတူတူ သာမန်ထက် ပိုစံနည်းနည်းကွဲသွားတာကလွဲရင် ကျွန်တော်သူမအပေါ် မရိုင်းစိုင်းခဲ့။ ဒါပေမဲ့ အားလုံးက မယုံနိုင်အောင်ပြောင်းလဲသွားခဲ့ပြီ။ နှုတ်ခွန်းချိုချိုတွေပြောတတ်တဲ့ သူမပါးစပ်က ကျွန်တော့်မာနနဲ့သိက္ခာတရားကို အစွမ်းကုန်စော်ကားသွားခဲ့ပြီ။ အမြဲပြဇာတ်ဆန်နေတဲ့လူတစ်ယောက်မှာ လူကြမ်းအသည်းမရှိနိုင်ဘူးလို့ သူမထင်ထားသလား. . ။

'ငါ . . . လုံးဝမကျေနပ်ဘူး'

'ငါ . . . မင်းကိုမုန်းတယ်'

'ငါ . . . မင်းကိုရွံတယ်'

သည်းခံနိုင်တဲ့ အတိုင်းအတာကုန်ဆုံးသွားပြီ . . . တင်မမထွန်း မင်းထင်သလို ငါဟာအရူးတစ်ယောက်ဆိုရင်တောင် မင်းတစ်ယောက်တည်းကြောင့်ဆိုတာ မင်းသိခဲ့ဖို့ကောင်းတယ် . . .။

အခုတော့ မင်းရဲ့ခပ်သေးသေးဦးနှောက်တစ်ခုကြောင့် မင်း နောင်တရစေရမယ် . . .။

*ငါ မင်းကို တစ်ချိန်ကအရူးအမူးချစ်ခဲ့ပါတယ် . . . .*

*ဒါပေမဲ့ . . . အခုမင်းကြောင့် ငါ. . . .*

*ဆက်ပြီး ရုပ်ရှင်ဆန်ရလိမ့်ဦးမယ် . . .*

www.burmeseclassic.com

တော်ဝင်မြို့စာအုပ်တိုက်

www.burmeseclassic.com



မင်း

ပြောသလိုဆို တင်မမထွန်းကတော်တော်ရိုင်းတာပဲကွ . . ငါ ထင်တောင်မထင်ဘူး’

‘ဟုတ်တယ် သူရ . . . အဲဒီ့လောက်စော်ကားတာတော့ မခံနဲ့ကွာ’

သူငယ်ချင်းတွေ အားလုံးကတော့ ဒေါသထွက်နေကြပြီ . . . ။ ဒါတောင် တင်မမထွန်းပြောသွားတဲ့စကားတချို့တစ်ဝက်သာပြန်ပြောပြလိုက်ခြင်းပါ။

‘မင်း သူ့ကိုသွားရှင်းပြဖို့ကောင်းတယ် . . . ဒါမှမဟုတ် ငါ့ညီမကတစ်ဆင့်ပြောခိုင်းမလား’

‘မလိုဘူး ထွန်းသိန်း . . . ငါ အဲဒီ့မိန်းမကိုရှင်းပြဖို့နေနေ သာသာ အသံတောင်မကြားချင်တော့ဘူး’

အားလုံးငြိမ်သွားကြသည်။ သူတို့တွေ ကိုယ်ချင်းစာတရားရှိကြ၍ ကျွန်တော့်ခံစားချက်ကိုနားလည်ကြ၏။ ဒီအချိန်မှာ အောက်ကျခံရှင်းပြနေတာထက် အစော်ကားခံလိုက်ရတဲ့ သိက္ခာကိုဘာနဲ့အစားထိုးမလဲဆိုတာသာ စဉ်းစားကြရုံသာ . . . ။

‘မင်းပြောတာ မှန်တယ် . . . သွားရှင်းပြစရာမလိုဘူး . . ဟုတ်တယ်၊ ရှင်းပြနေရအောင် မင်းအခုလုပ်နေတဲ့ကိစ္စတွေက သူ့ကိုဘာထိ

www.burmeseclassic.com



ခိုက်နေလို့လဲ . . .။ သူပြောသလို သူ့အဒေါ်ကို မင်းကသွားပတ်သက်တော့ရော သူ့အပူလား။ သူ့အဒေါ်လည်း လွတ်လပ်တဲ့အပျိုပဲ . . . မင်းလည်းလူပျိုပဲ . . . ဘယ်တရားဥပဒေနဲ့မှ မင်းကိုကန့်ကွက်ခွင့်မရှိဘူး၊ သူ မင်းကို ဘာမှဒီလိုဆက်ဆံစရာမလိုဘူး'

အေးမြင့်မျက်နှာက မဖြစ်စဖူး မာတင်းကာနေသည်။ သူငယ်ချင်းတစ်ယောက်အတွက် ဖြစ်ပေါ်လာတဲ့ဒေါသပင်။

'မင်း အခု ဘာဆက်လုပ်မလဲ . . . တစ်ခုခုတော့ ပြတ်ပြတ်သားသားဆုံးဖြတ်ကွာ . . . ငါတို့အသင့်ပဲ'

ကျွန်တော် သူငယ်ချင်းတွေအားလုံးကိုကြည့်လိုက်မိ၏။ အားလုံးမာနကြောင့် ပြောင်တင်းကာနေသည်။ ကျွန်တော်သက်ပြင်းကို ဖြည်းလေးစွာချကာ . . .

'မင်းတို့ ငါ့အတွက်အခုလိုသဘောထားတဲ့အတွက်ကျေးဇူးပါပဲ . . . ဒါပေမယ့် ဒီကိစ္စကို ငါတစ်ယောက်တည်းလုပ်မယ် . . . အသိုင်းအဝိုင်းနဲ့လက်တုံ့ပြန်ရင် သိက္ခာကျတယ်'

'အဲဒီလိုလည်း ဘယ်ဟုတ်မလဲ၊ မင်းကိုစော်ကားတာ ငါတို့ကိုစော်ကားတာနဲ့အတူတူပဲ . . . ဒီကောင်တွေအားလုံး အရှုးတွေလို့ပြောလိုက်တာနဲ့အတူတူပဲ'

ကျွန်တော် ဒီကောင်တွေကို အကျိုးသင့်အကြောင်းသင့် ဘယ်လိုရှင်းပြရမလဲစဉ်းစားရ၏။ သူတို့ပါရင် ပွဲရှုပ်ကုန်မှာစိုးရသည်။ ဒီလိုကိစ္စမျိုးက ဒေါသရှေ့ထားပြီး ဖြေရှင်းလို့မရ။ ခေါင်းအေးအေးထားပြီးလုပ်မှဖြစ်မယ့်ကိစ္စ။

ဒါပေမဲ့ ပြတ်ပြတ်သားသားလည်းမပြောရက်။ အားလုံးကို အားနာရသည်။ တော်ကြာတစ်မျိုးထင်သွားရင်ခက်မည်။

'ငါပြောတာဒီလိုကွ . . . မင်းတို့ကို မပါစေချင်လို့ပြောတာမဟုတ်ဘူး . . . အခုလောလောဆယ် မပါစေချင်သေးတာ . . . လူများတော့ သိပ်သိသာသွားမှာစိုးလို့ပါ'

အားလုံးကတော့ သိပ်လက်မခံချင်။ ဒါပေမဲ့ ဘာစောဒကမှတော့မတက် . . .။ အေးမြင့်က ကျွန်တော့်ကိုလေးလေးနက်နက်ကြည့်ကာ . . . .

'မင်းက ဘယ်လိုလုပ်မယ် စိတ်ကူးထားလို့လဲ'

ကျွန်တော် ပြောသင့်မပြောသင့် အကြာကြီးစဉ်းစားသည်။



www.burmeseclassic.com

www.burmeseclassic.com


တော်တော်လည်း ကြာသွားပုံရ၍ထွန်းသိန်းက ချောင်းဟန့်ပြီး သတိပေးမှ . . .

'ဘာလုပ်ရမယ်ဆိုတာ မစဉ်းစားရသေးပါဘူးကွာ'

'ဒါများ စဉ်းစားနေသေးတယ်'

'မင်းကလေ . . . အခုထိ မျက်နှာပိုးကိုမသေဘူး'

'နောက်တစ်ခါဆို မင်းကို ဟိုက ခေါင်းပေါ်ဟိုဒင်းပါသွားလိမ့်မယ်'

သူငယ်ချင်းတွေပြောသမျှခံကာ တဟဲဟဲနဲ့သွားဖြဲကာပြလိုက်၏။ ခဏနေတော့ အားလုံး ပြန်သွားကြ၍ကျွန်တော်တစ်ယောက်တည်း ကျန်ခဲ့တော့သည်။ တော်တော်ဝေးဝေးကောင်းကင်မှာ ဗျိုင်းတစ်အုပ်ပျံလာတာကို လှပစွာတွေ့ရသည်။ ကျွန်တော့်အတွေးတွေက ဝေဟင်မှာဝဲလျက် . . . . ။

'မင်းတို့ မသိချင်ပါနဲ့ သူငယ်ချင်းတို့ရယ် . . . ငါ ကိုယ်တိုင်ချွန်တဲ့မြားနဲ့ဒီလေးကိုခွင်းချင်လို့ပါ'

မျက်ဝန်းမှာ မာနအရိပ်တို့ ရုတ်ခြည်းခုန်တက်လာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com


ဦး သောင်းအေးကတော့ ဒါတွေကိုမသိပေမဲ့သိတာပဲပြောနေသည်။

'ညီလေးကို ပိုင်ဆိုင်ချင်ပြီကွာ'

စိတ်ညစ်ရတဲ့အထဲ လွမ်းလွမ်းဆွေးဆွေးကြီးပြောနေတဲ့ အမူအရာကြီးကိုမခံစားနိုင်တော့ . . .။ ဒါချည်းထိုင်ပြောနေတာ အကြိမ်နှစ်ဆယ်လောက်ရှိပြီ။

'ဦးလေး အေးအေးနေပါဦးဗျာ . . . ဒီမှာစိတ်တွေညစ်နေလို့'

'ငါက မင်းထက်အဆတစ်ရာ စိတ်ညစ်တာပေါ့ကွာ . . . ညီလေးသာ ငါ့ဘဝမှာမရှိရင် ဘာအဓိပ္ပာယ်မှမရှိတော့ဘူးကွ . . . တစ်ခါတစ်ခါ ကိုယ့်ကိုယ်ကိုယ်သတ်သေချင်စိတ်တောင်ပေါက်တယ် . .'

'အဲဒါဆိုလဲ သဘောပဲဗျာ'

'ဘာကွ'

ဦးသောင်းအေး မျက်လုံးပြူးကြီးနှင့်ထအော်၏။ ကျွန်တော်သူ့မျက်နှာကိုမကြည့်ဘဲ ဟိုဘက်လှည့်နေလိုက်သည်။ စိတ်ညစ်လို့ . . .

'မင်း ငါ့ကို အဲဒီလို မပြောပါနဲ့ကွာ . . . ငါ့မှာ တွယ်တာစရာဆိုလို့ မင်းပဲရှိတာပါ တူကြီးရာ'

အသံကာလာက ချက်ချင်းပြောင်းကာသွား၏။ ခုနစိတ်တိုသွား

www.burmeseclassic.com

www.burmeseclassic.com



ရာမှ အခုငိုသံနည်းနည်းစွက်လာပြီ။ ကြာရင်မလွယ် . . .။ ဒီလူကြီး သိပ်ယုံရတာမဟုတ်၊ တော်ကြာ ငိုချလိုက်ရင်ခွပဲ . .။ ထိုင်နေတာက လည်း လက်ဖက်ရည်ဆိုင်မှာ . . .။ သူတိုက်တဲ့လက်ဖက်ရည် လိုက်သောက်မိတာ ဒုက္ခရောက်ပြီ . . .။ ကျွန်တော် သူ့ဘက်လှည့် လိုက်ကာ. . . .

'ဒီမှာ ဦးလေး . . ဦးလေးက ဖြစ်ချင်တာပဲသိတယ် . . ဖြစ် အောင်လည်း ဘာတစ်ခုမှမကြိုးစားဘူး . . . ဦးလေးနဲ့ဒေါ်ညိုမီထွန်းလွင် ကိစ္စ ကျွန်တော်မလုပ်ပေးဘူးလားပြော . . . အဲဒါတွေ ဦးလေးအသိပါ၊ ဦးလေးဘက်ကသာ လုပ်လိုက်ရင်တလွဲချည်းပဲ . . . ရာဘင်ဒါနတ်တဂိုး နဲ့ဗင်းဆင့်ဗန်ဂိုးများ မှားပြောရတယ်လို့ဗျာ . . . ကျားရွှေ့မှောက်ရက် လဲတာကမှသက်သာဦးမယ် . . . ကျွန်တော် ဝင်ထိန်းလိုက်လို့ပေါ့ . . . နောက်မို့ဆို အကုန်လုံးအရှုက်ကွဲပြီ . . . ဦးလေး သိက္ခာလည်း ဘယ်လို မှ ဆယ်မရအောင်ကျပြီ . . . ဒါတောင် ဟိုက သိပ်ယုံသွားတာမဟုတ် ဘူး . . . ဦးလေးဗျာ'

ချက်ကောင်းကိုထိသွားတော့ မျက်နှာလေး ချက်ချင်းငယ်ကာ သွား၏။ သနားဖို့လည်းကောင်းသည်။ စိတ်တိုဖို့လည်းကောင်း၏။ ဒါပေမဲ့ ကိုယ့်စထားတဲ့ဇာတ်ကိုတော့ ဒီလိုတန်းလန်းကြီးထားလို့တော့ မရ . . .။ ပေးဆပ်ထားတဲ့အရင်းအနှီးက ရှိသေး၏။ ပြီးတော့ ကိုယ့် ကိစ္စကိုလည်း အောင်မြင်အောင်ဖန်တီးရဦးမည်။ ဦးသောင်းအေးက တော့ ဒါတွေဘာမှမသိရှာ၍ . . . .

'ငါ . . ငါ အဲဒီ့နေ့က ကိစ္စတောင်းပန်ပါတယ် သူရရာ. . . ငါလည်း ရှုတ်တရက်မေ့သွားတာကွ . . . ဂိုးဆိုတဲ့စာလုံးပါတာတော့ သိတယ် . . . အဲဒါကြောင့် ရာဘင်ဒါနတ်တဂိုးလို့ပြောမိလိုက်တာ . . . နောက် . . . နောက်မဖြစ်စေရတော့ပါဘူးကွာ'

ကျွန်တော် စုတ်တစ်ချက်သပ်လိုက်ကာ . . .

'စိတ်ပျက်တယ်ဗျာ'

'မပျက်ပါနဲ့ ငါ့တူကြီးရာ . . . ဒီတစ်ခါ စိတ်ချပါ . . . ငါ . . ငါ သေချာလေ့လာပါတော့မယ်'

ကျွန်တော်လှည့်ကြည့်လိုက်ကာ . . .

'သေချာလို့လား'

ကျွန်တော့်ဘက်က လိုက်လိုက်လျောလျောလေးရှိလာတော့



www.burmeseclassic.com

www.burmeseclassic.com



ဦးသောင်းအေး အားတက်လာကာ . . .

'သေ . . သေချာပါတယ် . . . မင်းမယုံစောင့်ကြည့် . . . ဘာမှမမှားစေရတော့ဘူး စိတ်ချ'

'အဲဒါဆိုပြီးရော . . . ကျွန်တော်တစ်လအချိန်ပေးမယ် . . . တစ်လပြည့်ရင် ပွဲပြန်စမယ်'

'ဟင် . . . တစ်လ . . . တစ်လကြီးတောင်'

'ဟုတ်တယ်လေ . . . ပထမတစ်ပတ်ပေးတုန်းက ဦးလေးမှ မရတာ . . . ဒါ ကိုယ့်ထိုက်နဲ့ကိုယ့်ကံပဲ . . . အခုတစ်လ ပန်းချီပညာအကြောင်းလေ့လာလိုက်ဦး . . . အဲဒါဆို တော်တော်သိသွားလောက်ပြီ'

'ငါ . . . ငါ ပန်းချီဆရာမလုပ်တော့ဘဲ နောက်တစ်မျိုးပြောင်းလို့မရဘူးလားဟင် . . . ဥပမာ ဆေးဆရာလိုဟာမျိုး . . .'

'ဘယ်လိုလုပ်ရမှာလဲ ဦးလေးရ . . . ဒီလို ရှုံ့ချည်နှပ်ချည်လုပ်လို့ရတဲ့ကိစ္စမှ မဟုတ်တာ . . . ဘာလဲ မလုပ်ချင်ဘူးလား'

'လုပ်ပါ့မယ်ကွာ . . . လုပ်ပါ့မယ် . . . ဒါနဲ့ ဒီတစ်ခါဆို ငါ ငါ ဖွင့်ပြောလို့ရပြီလား'

ကျွန်တော် သက်ပြင်းကို ရှိုက်ကာ မိုးကုပ်စက်ဝိုင်းကို လှမ်းမျှော်ကြည့်လိုက်မိသည်။ ကောင်းကင်မှာ တိမ်တောက်နေ၍ နီဝါရောင်သန်းနေသည်။ လေညှင်းက အိပ်တန်းပျံငှက်တို့နှင့် ယိမ်းနွဲ့ကာ ပါလာ၏။ ကျွန်တော် လေပူတစ်ချက်မှုတ်ထုတ်လိုက်ကာ . . . .

'ရပါပြီ'

'တကယ်'

'အင်း . . .'

ဦးသောင်းအေးပုံစံက အရွယ်နဲ့မလိုက်အောင် သွက်လက်ပေါ့ပါသွားလေတော့သည်။ ကျွန်တော် သူ့ကိုကြည့်ရင်း ဒုတိယမြောက် သက်ပြင်းကို ချမိပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



# ကန်

ရေပြင်မှာ လှိုင်းကြက်ခွပ်ကလေးတွေ ထ,ကာနေသည်။ ကောင်းကင်မှာ ကြည်လင်တောက်ပပြီးအပြာရောင်မိုးသား နောက်ခံမှာ တိမ်ပန်းချီကိုစာစီကာတွေ့ရသည်။ မြက်ပင်တို့ လေညှင်းရစ်သမ်အတိုင်း ယိမ်းနွဲ့ကခုန်ကာမိန်းမလှကောက် ကြောင်းတစ်ခုကို ကန်တော်ကြီး လေပြည်နဲ့အတူတွေ့ရ၏။

'မမ'

ကောက်ကြောင်းကလေး တစ်ချက်တုန်သွားပြီး ဆတ်ခနဲလှည့် ကြည့်၏။ ကျွန်တော့်ကိုမြင်သွားတော့. . . .

'ဩော် . . . မောင်လေး ဘယ်လိုလုပ်ဒီရောက်လာတာလဲဟင်'

အံ့ဩသွားသော ပုံစံလေးထင်ထင်ရှားရှားပေါ်သွားကာ ကျွန်တော့်ကိုမေးသည်။ ကျွန်တော် ပြုံးပြလိုက်၍ . . .

'ကျွန်တော် တစ်ခါတလေပျင်းရင် ဒီလိုပဲ လမ်းလျှောက်နေကျ။ အဝေးကလှမ်းကြည့်တော့ မမနဲ့တူတယ်ဆိုပြီးလှည့်လာတာ . . . အနီး ရောက်တော့ မမဖြစ်နေတယ်'

သူမ အပြုံးချိုချိုတွေ မျက်နှာပေါ်ဖြတ်ပြေးသွားကာ . .

'မမလည်း ပန်းချီလာဆွဲနေတာလေ . . ရုတ်တရက်အသံ ကြားလိုက်တော့လန့်သွားတာ'

www.burmeseclassic.com

www.burmeseclassic.com



'ဆောရီးနော် . . . နှောင့်ယှက်သလိုဖြစ်သွားသလားမသိဘူး၊ ကျွန်တော်လည်း အားရဝမ်းသာလှမ်းခေါ်လိုက်တာ'

'ရပါတယ် မဖြစ်ပါဘူး . . . ပြီးခါနီးပါပြီ'

'အဲဒါဆို ကျွန်တော် ဒီနားလေးက ရပ်ကြည့်ချင်တယ် ဖြစ်မလားဟင် . . . မမဆွဲတာ ကျွန်တော်ကြည့်ချင်လို့ပါ'

သူမ ဘာမှပြန်မပြောပါ။ ချထားတဲ့စုတ်တံကိုကောက်ကိုင်ပြီး ပန်းချီကားဘက် မျက်နှာပြန်လှည့်သွား၏။ ကျွန်တော် ပန်းချီကားထဲ စိတ်ရောက်သွားသည်။ ပန်းချီကားထဲမှာလည်း ကန်ရေပြင်အလှနဲ့ အလယ်မှာ ကျွန်းကလေးတစ်ကျွန်း။ ကန်စပ်မှာကောင်မလေးတစ်ယောက် ပန်းချီကားတစ်ချပ်ဆွဲနေသည်။ အထဲကကောင်မလေးရေးနေတဲ့ပုံကလည်း ထိုပန်းချီကားပုံပင်။ ကျွန်တော်တစ်ခဏအတွင်း ပန်းချီကားထဲစိတ်နစ်သွားရ၏။ ပန်းချီပညာကိုနားမလည်သော်လည်း ခံစားတတ်ပါသည်။ ခဏခြင်းပင် ပတ်ဝန်းကျင်အသံတွေတိတ်ဆိတ်သွားကာ ကျွန်တော့်အာရုံက ပန်းချီကားထဲမှာ . . . . ။

လေတွေတဝူးဝူး နားထဲကိုဖြတ်သန်းနေသံတွေ ဆူညံနေသည်။ သူမလက်ချောင်းလေးများက ပန်းချီကားပေါ် ဟိုဒီပြေးလွှားနေသည်။ ခဏနေတော့ ရုတ်တရက်ရပ်ပစ်လိုက်ကာ ပန်းချီကားကိုသေချာစိုက်ကြည့်၏။ အတော်ကြာကြာကြည့်နေရင်းမှ . . . .

'လောကမှာ လူရယ်လို့ဖြစ်လာရင် ချစ်ခြင်းနဲ့မုန်းခြင်းဆိုတာ မွေးကတည်းက ကိုယ့်နောက်က ကပ်ပါလာတာပဲ။ အဲဒါတွေကြောင့်လည်း အာဃာတတွေ၊ အငြိုးတွေ ဘက်ပြိုင်မှုတွေဖြစ်လာရတာပေါ့။ ဒါပေမယ့် အားလုံးကစိတ်ပါ၊ စိတ်ကလေးတစ်ချက်ပဲ'

ဘယ်ကိုမှဦးလှည့်မကြည့်ဘဲ ပန်းချီကားကိုသာ အာရုံစိုက်နေရင်းမှပြော၏။ ရုတ်တရက်ဆိုတော့ ကျွန်တော်ဘာပြန်ပြောရမှန်းမသိ၊ သူလည်း ဘာကိုဆိုလိုတယ်ဆိုတာနားမလည်။ ဒါပေမဲ့ တစ်ခုခုကိုတော့ သဘောပေါက်လိုက်မိသလိုရှိသွား၍ ရင်ထဲထိတ်ခနဲတော့ဖြစ်သွားသေး၏။ သို့သော် ထိုအတွေးကိုခေါင်းထဲက ချက်ချင်းထုတ်ပစ်လိုက်သည်။

'ဟုတ်တော့ရော ဘာဖြစ်သေးလဲ'

သူမက ခဏကြာတော့ ပန်းချီပစ္စည်းတွေကို အသင့်ပါလာတဲ့ ပုံးကလေးထဲသေချာစီထည့်၏။ ပန်းချီကားကိုလည်း တယုတယဖြုတ်သိမ်းပြီး . . . .

www.burmeseclassic.com

www.burmeseclassic.com



'မင်း မမနဲ့တစ်ခုခုလိုက်စားဖို့ အချိန်ရမယ်ထင်တယ်'

'ဟုတ် . . . ဟုတ်ကဲ့'

အလိုလိုခေါင်းညိတ်မိသွားသော ကိုယ့်ကိုယ်ကိုယ်မအံ့သြမိ။ သူမဆီမှာ ဆွဲဆောင်မှုတစ်ခုရှိနေသည်။ ဒီလိုနဲ့ကျွန်တော်တို့ (Morning Star) လက်ဖက်ရည်ဆိုင်သို့ရောက်ခဲ့ကြ၏။ သူမက ကားတစ်စီး၊ ကျွန်တော် ကတစ်စီး၊ ဆိုင်ရောက်တာနဲ့စားချင်တာတွေမှာပြီး တော်တော်နဲ့စကားမပြောဖြစ်သေး . . .။ နောက်တော့မှ သူမနဲ့ကျွန်တော့်ကြား တိတ်ဆိတ်နေတဲ့အခြေအနေကို ကျွန်တော်ကပဲစတင်ဖျက်ဆီးရတော့သည်။

'မမ ဒီနေ့ ဆိုင်မသွားဘူးလား'

သူမ အကြည့်တစ်ချက်မော့ကာ . . . .

'ဒီနေ့ ဆိုင်မသွားဘူး . . . တစ်ပတ်မှာ တနင်္ဂနွေတစ်ရက်နားတယ်။ နားတယ်ဆိုတာ ဆိုင်ပိတ်လိုက်တာတော့ မဟုတ်ပါဘူး . . . ဆိုင်ကိုမသွားတာ'

'အဲဒါဆို ဆိုင်က စိတ်ချရပါ့မလား'

'ရပါတယ် . . . ဟိုမှာ မမ မိတ်ဆွေတစ်ယောက်ရဲ့ညီမရှိတယ်လေ၊ သူကစိတ်ချရတယ်၊ ဒီလိုမှမနားလည်း မမအတွက်အချိန်မရှိတော့ဘူး'

'ဟုတ်တယ်နော် . . . မမဘဝက ပုံစံခွက်ထဲထည့်ထားတဲ့ အရာတစ်ခုလိုပဲ နေ့တိုင်းမပြောင်းလဲဘူး၊ မနက်အိပ်ရာထတယ်၊ ဆိုင်သွားတယ်၊ ပြီးရင် အိမ်ပြန်လာတယ်၊ တီဗီကြည့်ရင်ကြည့်၊ မကြည့်ရင် ပန်းချီဆွဲရင်ဆွဲ . . .၊ ပြီးရင်အိပ် . . . ဒါပဲမဟုတ်လား . . . ပုံသေနည်း ဆန်လွန်းတယ်ဗျာ'

သူမ ကျွန်တော့်ကိုကြာကြာလေးတစ်ချက်စိုက်ကြည့်လိုက်ကာ. . .

'မင်းက သိလှချေလား . . . ဘာလဲ မမကို ကင်မရာနဲ့များ ခိုးရိုက်ထားသလား'

ကျွန်တော် ခပ်သောသောတစ်ချက်ရယ်ချလိုက်သည်။ ပြီးမှ ရုပ်ကိုပြန်တည်၍ . . .

'ရိုက်လို့ရရင်ရိုက်ယူချင်တာပေါ့၊ ကျွန်တော်က မမပုံရိပ်တွေကို အမြဲပိုင်ဆိုင်ချင်နေတာ . . .။ ဒါပေမယ့် ပိုင်ရှင်မသိဘဲမယူချင်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



သူမမျက်လုံးထဲမှာ အဓိပ္ပာယ်တစ်မျိုး ရုတ်တရက်ထင်ဟပ် ကာသွား၏။ ဘာလဲဆိုတာတော့ ဖတ်ကြည့်နိုင်တဲ့စွမ်းအား ကျွန်တော် နည်းသေးသည်။ သို့သော် ဆိုးဝါးသွားသော အခြေအနေလုံးဝ မဟုတ် . . .။

'သူရ'

'ဗျာ'

'မင်း မမကိုရည်းစားစကားပြောဖို့ ကြိုးစားနေတာလားဟင်'

ဝေ့လည်ကြောင်ပတ်လုပ်နေလျှင် စာရင်းရှုပ်၍ . . .

'အင်း'

သူမ ခပ်ယဲ့ယဲ့တစ်ချက်ပြုံးကာ လက်ဖက်ရည်ပန်းကန်ကို ကောက်ကိုင်လိုက်သည်။ တစ်ချက်သောက်ပြီးနောက် ခွက်ကိုမချသေးဘဲ ပန်းကန်နောက်က ကျွန်တော့်ကိုကျော်ကြည့်၍ . . .

'မင်းနဲ့ မမအသက်ကွာလွန်းတယ် . . . မင်းဘက်က ဆက်မ ကြိုးစားနဲ့တော့'

ဒီအချိန်မှာ ရုတ်တရက်ပြန်မဖြေနိုင်ရင် ကျွန်တော်ညံ့ရာကျ သွားမှာပေါ့ . . . .

'မမ . . . အချစ်မှာ အသက်အရွယ်မရှိပါဘူး . . . ပြီးတော့ မမက ဘယ်လောက်ရှိသေးလို့လဲ . . . သုံးဆယ်ကျော်ဆိုတာ ဘာရှိလို့ လဲပြောပါဦး၊ ပြီးတော့ မမက ဒီလောက်နုတာ . . .'

သူမ ညှင်းသွဲ့စွာတစ်ချက်ရယ်မောလိုက်ကာ . . .

'စိတ်ကူးမယဉ်ပါနဲ့သူရရယ်'

'ကျွန်တော် စိတ်ကူးယဉ်နေတာ မဟုတ်ဘူး . . . ကျွန်တော် မမကိုတကယ်ချစ်တာ . . . မရဘူးဗျာ . . ချစ်တယ်'

ပြောလည်းပြော . . .။ ခုံပေါ်တင်ထားသော သူ့လက်ကလေး ပါ ကျွန်တော်အုပ်ကိုင်လိုက်တော့ တုန်ခနဲတစ်ချက်ဖြစ်သွားကာ ချက် ချင်း ပြန်ငြိမ်သွား၏။ စူးရဲသောအကြည့်များနဲ့ ကျွန်တော့်ကိုစိုက်ကြည့် လိုက်ကာ . . .

'အဲဒီလို လုပ်ရင် . . . နောက်ဆို မင်းကိုမမအတွေ့မခံတော့ ဘူးနော် . . . မင်းကို လူကြီးလူကောင်းတစ်ယောက်လို့လည်း မမထင် တယ်'

'လူကြီး လူကောင်းလည်း အချစ်နဲ့ပတ်သက်ရင် ရှူးရှိုင်းရှူးမှာ

www.burmeseclassic.com

www.burmeseclassic.com



ပဲ . . . လူကြီးလူကောင်းလည်းချစ်တတ်တာပဲဗျ'

'အဲဒါတွေ မသိဘူး . . . မမကိုအရင်လွှတ်'

'ဘာလဲ . . . မမက ရှက်လို့လား'

သူမ ရှက်ရိပ်ရှက်ဟန်လေးက တော်တော်ကလေးဆန်သွားသည်ဟုထင်မိသည်။ ချစ်စရာကောင်းသော သူမမျက်နှာက အာရုံတက်နေရောင်ခြည်လို ဝင်းလက်နွေးထွေးနေ၏။

'လွှတ်ကွာ . . . ထအော်လိုက်မှာ'

သူမ မအော်ရဲမှန်းလည်း ကျွန်တော်သိ၍ . . .

'အော်လေ . . . ဟဲ ဟဲ နားထောင်ရတာပေါ့'

'ဟာကွာ'

နောက်ဆုံးတော့ သူ့လက်သူ ဆတ်ခနဲရုပ်သွားတော့သည်။ အစကတည်း အဲဒီလိုလုပ်လိုက်လည်းဖြစ်တာပါပဲ၊ ဘာဖြစ်လို့ အပိုတွေလျှောက်ပြောနေလဲ ဆိုတာသဘောပေါက်ပေါ့ . . .။

'မမ . . . ကျွန်တော်အရမ်းချစ်တယ်ဗျာ'

ကျွန်တော့်ကိုလှည့်တောင် မကြည့်တော့ . . . စားပွဲထိုးတစ်ယောက်ကိုခေါ်ကာ ပိုက်ဆံရှင်းပြီး ခပ်တည်တည်လေးထွက်သွားတော့သည်။ ကျွန်တော် သူမလက်ကို ရုတ်တရက်ဖမ်းဆွဲလိုက်၏။ သူမတုံ့ခနဲရပ်သွားကာ . . .

'မမ . . .'

'လူလယ်ခေါင်မှာနော် . . . မမကို မင်းချစ်ရင် အဲလိုမလုပ်ပါနဲ့'

ကျွန်တော် ချက်ချင်းလွှတ်ပေးလိုက်ကာ . . .

"မမကို ကျွန်တော်ချစ်တယ်. . . အဲဒါ သိလား'

သူမ ခေါင်းညိတ်ပြကာ ချာခနဲလှည့်ထွက်သွားတာ တွေ့လိုက်ရ၏။ မျက်နှာမှာ ရှက်သွေးလေးတွေတောင် ဖြာသွားသေးသည်။

ကျွန်တော် စိတ်ထဲမှာတွေးရင်း ပြုံးလိုက်မိ၏။

ဒေါ်ညိုမီထွန်းလွင်သာ အကယ်၍ တင်မမထွန်းအဒေါ်မဖြစ်ခဲ့ရင် . . . . ကျွန်တော် . . .။

သက်ပြင်းချတာများရင် အသက်တိုတယ်ဟု ကြားဖူးသည်။

အသက်ရှည်ရှည်လည်း နေလိုစိတ်မရှိ၍ ခဏခဏချမိသည်။

ဦးသောင်းအေးကိုတော့ အားနာသည်။ ကမ္ဘာမီးလောင်၍

www.burmeseclassic.com

www.burmeseclassic.com



သူက သားကောင်ဖြစ်သွားခြင်းပါ။

ကမ္ဘာမီးငြိမ်းသွားရင်တော့ သူ့ကိုကျွန်တော်ပြန်ထူပေးပါဦးမည်။

www.burmeseclassic.com

www.burmeseclassic.com



ဟိုကောင်တွေပြောသလို ကြာရင် ဘရာစီယာတောင်ဖောက်သည်ပြန်ပေးလို့ရသည့်အဆင့်ကိုရောက်တော့မည်ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် ကျွန်တော်က ဒေါ်ညိုမိထွန်းလွင်ဆိုင်ကို နေ့တိုင်းသွားပြီး တစ်ခုမဟုတ်တစ်ခု ဝယ်လာသောကြောင့်ဖြစ်သည်။ အဲဒါကြောင့် ကျွန်တော့်ဆီမှာ ဆိုက်စုံအကုန်ရှိ၏။ အခုဆို အဝတ်တောင်းနှစ်လုံးတောင်ပြည့်နေပြီ။ ဒါတွေ ဒီအတိုင်းကြည့်နေရတာ နှမြောသော်လည်း လူတိုင်း လက်ဆောင်လိုက်ပေးလို့ကောင်းတဲ့ပစ္စည်းမဟုတ်၍ အတော် ခွကျရ၏။ ကိုယ်က ပေးတယ်ပဲထားဦး . . . ယူတဲ့လူအတွက် တော် တော်အခက်တွေ့မယ့်ကိစ္စ . . .။ ကျွန်တော် ထွန်းသိန်းညီမကို လက်ဆောင်သွားပေးကြည့်၏။ ပထမတော့ ကောင်မလေးကြောင်တောင်တောင်ဖြစ်နေသော်လည်း အကျိုးအကြောင်းရှင်းပြလိုက်တော့ လက်ခံသွား၍ . . .

'အဲဒါဆို သမီးသူငယ်ချင်းတွေအတွက်ပါယူမယ် . . . အတော်ပဲ'

ကျွန်တော်ဝမ်းသာသွားသည်။ ပြီးနောက် . . .

'အဲဒါဆို ငါ့ကို ဆိုဒ်တွေပြော'

'ရှင်'

www.burmeseclassic.com

www.burmeseclassic.com



'သူတို့ဆိုဒ်မသိသေးလဲ . . . နင့်ဆိုဒ်အရင်ပြော'

'ဟာ . . . ကိုသူရကလဲ'

အဲဒီမှာတင် ပြဿနာစတက်ကာ ကောင်မလေးနောက်ဖေး ပြေးဝင်သွား၏။ ကျွန်တော့်မှာ အဲဒီကတည်းက သောင်တင်လာတာ အခုဆို တောင်းနှစ်လုံးမောက်မောက် . . .။ ကြာရင် မမအချစ်ကို ရရင်ရ၊ မရရင် ဘရာစီယာဖိုးနဲ့မွဲသေရတော့မည်။

အခုလည်း မမတို့ဆိုင်ရှေ့ရောက်တယ်ဆိုရင်ပဲ အရောင်းစာရေးမလေးတစ်ယောက်ပြေးထွက်လာကာ . . .

'အတော်ပဲ အစ်ကို မနေ့က ပစ္စည်းတွေအသစ်ရောက်တယ် သိလား . . . အစ်ကို့အတွက်တောင်ချန်ထားသေးတယ်'

မျက်နှာပူခနဲဖြစ်သွားသော်လည်း ရယ်ဖြဲဖြဲနဲ့ ဆိုင်ထဲလှမ်းဝင်လိုက်ရ၏။ ကောင်တာမှာ မမထိုင်နေတာတွေ့လိုက်ရ၍ . . .

'မမ . . . နေကောင်းလားဟင်'

နေကောင်းလို့ဆိုင်ထိုင်နေတာ မမြင်ဘူးလားဟု ပြန်မေးရင် ခံရဦးမည်။ သူမကို မာမာချာချာ ငုတ်တုတ်ကြီးတွေ့လိုက်ရက်နဲ့ ကျွန်တော်ကလည်း သွားမေးမိတာကိုး . . ဒါပေမဲ့ မမကပြုံးပြုံးလေးပါပဲ

'ကောင်းပါတယ် . . . ဘာလဲ ပစ္စည်းလာဝယ်တာလား'

'ဟို . . ဟုတ် . . အဲ ဟိုဟာလေ. . မ. . မမကိုတွေ့ချင်လို့'

ဒီကို ဘာလို့ချောင်းပေါက်အောင်လာနေလဲ ဆိုတာ သူမ လည်းသိနေသည်မို့ တမင်တကာရွဲ့လိုက်ခြင်းပါ။ ကျွန်တော်ကလည်း ယောကျ်ားတို့မာယာအပြည့်သုံးကာ ရှက်ပြုံးကြီးပြုံး၍ . . .

'မမကလည်းဗျာ သိရက်သားနဲ့ . . . ဟို ကျွန် . . ကျွန်တော် ဒီနေ့ မဝယ်တော့ဘူးနော်'

'ဟင် . . . ဘာဖြစ်လို့လဲ'

'ထားစရာ မရှိတော့ဘူးဗျ . . . အိမ်မှာတောင်းနှစ်လုံးပြည့် နေပြီ'

မမ . . . သူ့ပါးစပ်ကို လက်ကလေးနဲ့အုပ်ကာ တခစ်ခစ် ရယ်ရင်း . . .

'ကဲ ကဲ . . မဝယ်လည်းရပါတယ် . . . ထိုင်ပါဦး . . ဒီက နှင်မလွှတ်ပါဘူး'

'ဟို . . . မထိုင်တော့ဘူးမမ . . . တစ်ခုခုသွားစားရအောင်



www.burmeseclassic.com

www.burmeseclassic.com



နော်. . . မမအားလားဟင်'

ရုတ်တရက် အဖြေမပေးသေး . . . တစ်ချက်စဉ်းစားဟန် လုပ်ပြီးမှ . . . .

'သွားမယ်လေ . . . ဘယ်သွားမလဲ'

'မမ . . သဘော'

ဒီလိုနဲ့ အဲဒီပလာဇာနားက ဆိုင်တစ်ဆိုင်မှာပဲ ထိုင်ဖြစ်လိုက်ကြ၏။ ဆိုင်ကလေးက အခင်းအကျင်းကောင်းသည်။ စကားပြောလို့ လွတ်လပ်၏။ အထူးသဖြင့် ကျွန်တော်တို့လိုအတွဲလေးတွေအတွက် တော်တော်သင့်တော်သည်။ နှစ်ယောက်လုံး စတော်ဘယ်ရီတစ်ခွက်၊ ကော်ဖီတစ်ခွက်မှာပြီး . . .

'မမ'

ဒေါ်ညိုမီထွန်းလွင် မျက်လွှာတစ်ချက်ပင့်ကြည့်ပြီး . . .

'ဘာလဲ'

အသံက ခပ်ပြတ်ပြတ်ပြောသော်လည်း မျက်နှာက မချိုမချဉ်နှင့်။ ကျွန်တော် အသည်းယားသွား၏။ ရင်ခွဲပြီး ကုပ်လို့လည်းမဖြစ်၍ ကြိတ်မှိတ်ခံလိုက်ကာ . . .

'ကျွန်တော်ကို ချစ်တယ်လို့ပြောဗျာ'

'အလိုတော် . . . တစ်မျိုးကြီးပါလား . . . ဘာလဲမုန့်ကျွေးပြီး အဖြေတောင်းတာလား'

'မဟုတ်ပါဘူး မမရယ် . . . ကျွန်တော် မမကိုဆုံးရှုံးရမှာ အရမ်းကြောက်နေလို့ပါ'

ကြွေပြလိုက်သည် ဝေပြလိုက်သည်။ ဟတ်ထိလား မထိလား တော့ မသိ၊ သောက်နေတဲ့ စတော်ဘယ်ရီဖျော်ရည် သီးကာသွား၍ . . .

'လျှော့ပါဦး ကိုယ်တော်ရယ် . . . မမကို မင်း ပရိုပို့စ်လုပ်ထားတာတစ်ပတ်လောက်ပဲရှိသေးတာ . . . မမြန်လွန်းဘူးလား'

'မမကလည်း ရှေးရိုးစွဲကြီး ထားနေပြန်ပြီ . . . ချစ်ရင်ချစ် တယ် မချစ်ရင်မချစ်ဘူးပေါ့ဗျာ'

'ခါးပြတိုက်နေတာလားဟင်'

'တိုက်သင့်တိုက်ရမယ် . . မမ အချစ်ကိုရဖို့ဆိုရင် ကျွန်တော် ဘာလုပ်ပေးရပေးရ'

ဒိုင်ယာလော့က နည်းနည်းလွန်သွား၏။ ဓူဝံကြယ်ကို တောင်



www.burmeseclassic.com

www.burmeseclassic.com



ဘက်ရွှေ့ပေးဆိုဒုက္ခ . . ။ ဒါပေမဲ့ 'မမ'ဘာမှပြန်မပြောဘဲ ပြုံးပြုံးလေး နေနေ၍တော်သေး၏။ ခဏနေတော့မှ . . .

'မင်း . . . မမကို ချစ်တာ ဘာရည်ရွယ်ချက်ရှိလဲဟင်'

စူးစူးနစ်နစ်ကြည့်ပြီးမေးတဲ့ အဲဒီစကားတစ်ခွန်းကြောင့် ကျွန်တော်တုန်လှုပ်သွား၏။ မျက်နှာပျက်သွားမည်ဆိုတာ ကိုယ့်ကိုယ်ကိုယ် သတိထားမိလိုက်သည်။ ဣန္ဒြေကိုအချိန်မီလိုက်ထိန်းသော်လည်း အမူအရာက ပီပီပြင်ပြင်ဖြစ်မသွား။ ကျွန်တော် မမရဲ့စူးရဲတဲ့အကြည့်တွေကို မယှဉ်ရဲတော့၍ ခေါင်းငုံ့လိုက်ကာ . . .

'ချစ်လို့ပေါ့ဗျာ'

ယုံလား မယုံလားတော့ ကျွန်တော်မသိ . . .။ ဒါပေမဲ့ ကျွန်တော်ကတော့ သူမကို မျက်နှာချင်းမဆိုင်ရဲတော့ . . .။

'မမ မျက်နှာကိုသေချာကြည့်ပြီး ပြောပါလား . . . မမ နောက်တစ်ခွန်းကြားချင်လို့'

အသံရစ်သံက ပျော့ပြောင်းသွဲ့နွဲ့ကာ နားထဲသို့ထောက်လျှောက်ဝင်လာတော့ ကျွန်တော်တစ်ကိုယ်လုံး ကျင်စက်နဲ့တို့ခံလိုက်ရသလိုပင် . . .။ ဒါပေမဲ့ ဒီလိုအကြာကြီး ခေါင်းငုံ့နေလို့မဖြစ်၍ ကျွန်တော်ချက်ချင်းမော့ပစ်လိုက်ကာ. . .။ သူမနဲ့ မျက်လုံးချင်းဆိုင်လိုက်၏။

'ကျွန်တော် မမကိုအရမ်းချစ်တယ်'

မမပြုံးပြသည်။ သူ့မျက်ဝန်းတွေကို ကျွန်တော်မြင်နေရသည်။ စို့ရွှန်းကော့ပြန်နေသော်လည်း တစ်စုံတစ်ခုကို သိနေသလို . .။ တရားခံတစ်ယောက်ကို စစ်မေးနေသည့် တရားသူကြီးလို . . .။ ရုတ်တရက်ကျွန်တော်ကြက်သေသေသွား၏။

မမ တစ်ခုခုများသိနေသလား . .။ ခေါင်းထဲမှာ ရှုပ်ထွေးသွားရ၏။ သူမရှေ့မှာလည်း ကိုယ့်ကိုယ်ကိုယ် မလုံတော့ . . .။ မမနှုတ်ခမ်းနှစ်လွှာခပ်ဟဟ ပွင့်ထွက်လာကာ . . .

'မနက်ဖြန် မင်းနဲ့မမတွေ့ခဲ့တဲ့ ကန်တော်ကြီးက နေရာလေးကိုလာခဲ့ . . . မင်းကို မမ အဖြေပေးမယ်'

ပြောပြီးညင်သာစွာ ထထွက်သွားပါတော့သည်။ ကျွန်တော်တစ်ယောက်သာ အတွေးတွေနဲ့ ဝေစီနေရစ်ခဲ့ရပါတော့၏။

www.burmeseclassic.com

တော်ဝင်မြို့စာအုပ်တိုက်

www.burmeseclassic.com

# အခန်း (၆)

www.burmeseclassic.com

www.burmeseclassic.com



မင်းသားခေါင်းဆောင်းပြီး ဘီလူးလိုမကချင်ဘူး။
ဘီလူးခေါင်းဆောင်းပြီး မင်းသားလိုနေချင်တယ်။

www.burmeseclassic.com

www.burmeseclassic.com


ငါ့ကို . . . ကြောက်ကြစမ်းပါ။
ကမ္ဘာကို ငါခြေဖဝါးအောက်မှာနင်းပြီး မင်းကိုချစ်ခဲ့တာပါ။
ငါ့ကို အထင်ကြီးစမ်းပါ။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်းတွက်ကြည့်တော့
အချစ်ဆိုတာ ငါ့အတွက် လက်ကတုံးတောင်ဝှေးပါလား . . ။
လိုရာခရီးရောက်ဖို့ အသုံးပြုသွားမယ် . . . ။
မကျေနပ်တဲ့အရာတွေရင် ရိုက်ပစ်လိုက်မယ် . . . ။
. . . . . . . . . . . ။
. . . . . . . . . . . ။
. . . . . . . . . . . ။
တစ်ခါတရံ . . . ။
ငါ့ကို ယုတ်မာခွင့်ပြုပါ။

www.burmeseclassic.com

www.burmeseclassic.com



'မမ . . . မင်းကိုချစ်တယ်'

'တကယ်'

ကျွန်တော်ထခုန်ပစ်လိုက်ဖို့ကောင်းသည်။ တကယ်ဆို လက်တွေဘာတွေဖမ်းကိုင်ပြီး အော်ဟစ်ကြည်နူးကာ ကန်တော်ကြီးထဲလျှောက်ပြေးပစ်လိုက်ဖို့ကောင်း၏။ ဒါပေမဲ့ ကျွန်တော့်ဆီက စကားတစ်လုံးသာထွက်လာခဲ့သည်။

ဒေါ်ညိုမီထွန်းလွင်နဲ့ ကျွန်တော်မျက်နှာချင်းဆိုင်ရပ်နေရင်း အတော်ကြာကြာငြိမ်သက်သွားကြ၏။

'မင်း မမကို တကယ်ချစ်မချစ်တော့မသိဘူး . . . မမ မင်းကို တကယ်ချစ်တယ်'

ကျွန်တော်စက္ကန့်တော်တော်များများထိ ကြောင်ငေးသွားရင်းမှ အသိဝင်လာကာ . . .

'ကျွန် . . . ကျွန်တော်လည်း မမကို တကယ်ချစ်ပါတယ်ဗျာ . . . မချစ်ဘဲနဲ့ချစ်တယ်လို့ပြောမလား'

မမပြုံး၏။ ဒီအပြုံးမျိုးကို မမဆီမှာ မကြာခဏမြင်ဖူးနေ၍ ကျွန်တော်သိနေသည်။ ဒါ . . . လျှို့ဝှက်ချက်တွေပြည့်နေတဲ့အပြုံး . . .။

www.burmeseclassic.com

www.burmeseclassic.com



'ထားပါတော့ . . . မင်းကိုချစ်မိမှတော့ . . . မင်းပြောတဲ့ စကားတွေကို မမ အကြွင်းမဲ့ယုံပါတယ် . . . ပြီးတော့ မင်းကိုမမ အမှတ်တရလက်ဆောင်လေးတစ်ခုပေးစရာရှိတယ်'

ကျွန်တော် စိတ်ဝင်စားသွားသည်။ ကျွန်တော့်မှာတော့ သူမကို ဘာလက်ဆောင်မှပြန်ပေးစရာပါမလာ . . .။ ဘာပဲဖြစ်ဖြစ် ချစ်သူတွေ ဖြစ်တဲ့အထိမ်းအမှတ်အနေနဲ့တော့ ကျွန်တော့်ဘက်ကပြန်သိတတ်ရမည်။ ဒီလိုအချိန်မှာ အမှတ်တရတစ်ခုခုရှိသင့်သည်ဟုထင်၏။ ခဏနေတော့ ကျွန်တော့်လက်ထဲ အလိပ်ကလေးတစ်လိပ်ရောက်လာလေသည်။ ကြည့်ရုံနှင့် ပန်းချီကားတစ်ခုမှန်း ကျွန်တော်သိလိုက်ရသည်။

'အဲဒါ မမရဲ့လက်ဆောင်'

ကျွန်တော် ပန်းချီကားကို ချက်ချင်းပဲဖြန့်ကြည့်လိုက်တော့ ရင်ထဲမှာ ဒိန်းခနဲဖြစ်ကာသွားသည်။ မျက်နှာကိုပျက်မသွားအောင် အတတ်နိုင်ဆုံးချုပ်ထိန်းလိုက်ရ၏။

ပန်းချီကားထဲမှာ ကြွက်ကလေးတစ်ကောင်ရဲ့ အမြီးကို ကြောင်တစ်ကောင်က ရှေ့လက်တစ်ဖက်နဲ့ ဖိထားပုံပါ။ ကြွက်ကလေးက အသက်လုကာ အတင်းရုန်းကန်နေပုံမှာ အသက်ပါလှသည်။ ကြောင်ကလည်း အစွယ်အဖွေးသားနှင့် မျက်လုံးတွေက မီးကျီးခဲတစ်မျှရဲတွတ်နေကာ ကြွက်ကလေးကိုစိမ်ပြေနပြေနှိပ်စက်နေပုံ . . .။

ကျွန်တော် ပန်းချီကားကိုကြည့်ပြီး အရာရာကိုသဘောပေါက်လိုက်သလိုဖြစ်သွားရပါသည်။ ဒေါ်ညိုမီထွန်းလွင်ကို လွယ်လွယ်ကလေး တွက်လို့ရမည်မဟုတ်မှန်း ကျွန်တော်သိလိုက်ရ၏။ သို့သော် ကျွန်တော် လုပ်သင့်တာတော့ မသိချင်ယောင်ဆောင်ပြီး ဆုံးခန်းတိုင်အောင်လုပ်ရလိမ့်မည်။

'ကြွက်ကလေးသနားပါတယ်နော် မမ'

လွှတ်ခနဲပြောမိလိုက်သော စကားကြောင့် မှားသွားပြီဆိုတာ သိလိုက်ရချိန်တွင် . . .

'ကြောင်ကလည်း လုပ်ချင်လို့လုပ်ရတာမှမဟုတ်တာ . . . ဒါ သူ့လုပ်ရမယ့် အလုပ်သူလုပ်တာပဲ . . . တကယ် အပြစ်တင်ရမှာက သဘာဝတရားကြီးကိုပါ'

ကျွန်တော်တို့ နှစ်ကိုယ်ကြားလေချိုသွေးကဖြတ်ပြေးသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ပန်းချီကားလေးဖျတ်ဖျတ်လူးကာ ကျွန်တော့်လက်ထဲမှာခါ လျက် . . . ။

'လက်ရာအရမ်းကောင်းတယ် . . . ကျွန်တော်တစ်သက်လုံး အမှတ်တရသိမ်းထားလိုက်မယ်နော်'

မမက ခေါင်းညိတ်ပြကာ ကျွန်တော့်လက်တစ်ဖက်ကို ဆုပ်ကိုင်လိုက်ရင်း . . .

'မမ ငယ်ငယ်ကတည်းက ကြောင်လေးတွေကို သိပ်ချစ်ခဲ့တယ် သိလား . . . ဘယ်လောက်ချစ်သလဲဆို မမ မျက်နှာကို ကြောင်ကုပ်ခံရတာမျက်လုံးနဲ့သီသီလေးလိုတယ် . . . အပေါ်နည်းနည်းရောက်လိုက်ရင် မျက်လုံးကန်းသွားမှာအမှန်ပဲ . . . ။ ဒါပေမဲ့ မမ အခုထိ ကြောင်တွေပေါ် အချစ်မလျော့ခဲ့ဘူး၊ ပိုတောင်ချစ်လာသေးတယ်၊ အဲဒါဘာလို့လဲဆိုတော့ သူတို့ကိုသိပ်ချစ်လို့ . . . မမမှာ အကျင့်တစ်ခုရှိတယ်၊ ကိုယ်ကချစ်တဲ့ ဘယ်အရာမဆို မမ အပေါ် မကောင်းခဲ့ရင်တောင် မမ ဘယ်တော့မှ သူတို့ကိုမမုန်းဘူး . . . ကိုယ့်ဘာသာကိုယ် ကြိတ်ပြီး ခံလိုက်မယ်'

ကျွန်တော် မမလက်ကို ပြန်လည်ဆုပ်ကိုင်လိုက်သည်။ မမ လက်ကလေးက အေးစက်တုန်ရင်နေ၏။ ကျွန်တော်စကားတစ်ခုခု ပြန်ပြောဖို့ကြိုးစားသည်။ သို့သော် မမက ဦးသွား၍ . . .

'မမ မောင့်ကိုအရမ်းချစ်တယ် မောင်ရယ်'

ကျွန်တော့်လက်ထဲမှ သူ့လက်ကို ဆတ်ခနဲရုတ်သွားကာ ချာခနဲ လှည့်ထွက်ပြေးသွားလေတော့သည်။ ကျွန်တော်အံ့သြစွာကြည့်ရင်း ကျန်ခဲ့ကာ ဘာလုပ်လို့လုပ်ရမှန်းမသိ၊ လှမ်းအော်ခေါ်ဖို့ကိုလည်း မေ့သွားခဲ့ရ၏။ တကယ်လို့ခေါ်မိရင်တောင် ပြန်လှည့်ကြည့်မယ့်ပုံစံမရှိပါ။

ကျွန်တော့် ပန်းချီကားကို ကိုင်ရင်းလက်ခုံပေါ်က အရာတစ် ခုကို သတိထားလိုက်မိသည်။ မိုးစက်တစ်ပွင့် . . . ။

ကောင်းကင်ကိုမော့ကြည့်လိုကတော့ တိမ်ကင်းစင်ပြီး အပြာရောင်မိုးသားကို လင်းတောက်စွာတွေ့လိုက်ရသည်။ ကန်ရေပြင်ကို ကြည့်လိုက်တော့ ပကတိတည်ငြိမ်နေဆဲ . . . ။

ဒါဆို ကျွန်တော့်လက်ခုံပေါ်က မိုးစက်ပွင့်သည် . . . မျက်ဝန်းတစ်ဖက်က ကျကျန်ခဲ့သော အရာလေးပဲဖြစ်ပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



သူ တို့ပြောနေတဲ့စကားတွေ ကျွန်တော်နားထဲမကြားတစ်ချက် ကြားတစ်ချက်။ အားလုံးကတော့ ပျော်နေကြသည်။ ပြီးတော့ ကျွန်တော့်ကိုလည်း ချီးကျူးမဆုံး၊ ဒီနေ့ပွဲကတော့ ကျွန်တော် အောင်ပွဲခံတဲ့ပွဲပဲ။

'နင့်လို အရူးတစ်ယောက်ကို ငါ့အဒေါ်မပြောနဲ့ ဘယ်မိန်းမ မှစိတ်ဝင်စားမှာမဟုတ်ဘူး'လို့ဆိုတဲ့ တင်မမထွန်းရဲ့စကားကို ရိုက်ချိုး ပစ်လိုက်နိုင်တဲ့ ပွဲတစ်ပွဲ။

'မင်းလုပ်လိုက်တဲ့ အကွက်အရမ်းလှတယ်ကွာ . . . ဟိုမိန်းမ သာသိသွားရင် မီးခဲဖင်ထိုင်မိသလို သေလုမျောပါးခံစားသွားရမှာ . . . ဂုဏ်ယူတယ်ဟေ့ကောင်'

အားလုံးကတော့ မိုးမမြင်လေမမြင်ပျော်ကြပြီ။ ဒီပွဲမှာ သူ့တို့ မပါလိုက်ရတဲ့အတွက်လည်း မကျေမနပ်ဖြစ်ကြ၏။

'မင်းကွာ ဒီလိုအကြံမျိုးရှိတယ်ဆိုလည်း ငါတို့ကို ပြောပြဖို့ ကောင်းတယ် . . . ဒီလိုဆို ငါတို့လည်းဝင်နွှဲတာပေါ့'

ဘာမှပြန်မပြောဘဲ ပြုံးရုံပြုံးပြလိုက်ကာ ဆေးလိပ်တစ်လိပ် ကောက်ကိုင်လိုက်၏။ သောက်ချင်၍မဟုတ်သော်လည်း လှုပ်ရှားနေတဲ့ ရင်ကို ထိန်းနိုင်အောင် ဒီတစ်လိပ်ဖွာရလိမ့်မည်။ 'ငါတရားပါ့မလား'ဆို

www.burmeseclassic.com

www.burmeseclassic.com



ပြီး ဝင်ရောက်လာတဲ့အတွေးကို စက္ကန့်ပိုင်းအတွင်း တင်မမထွန်း စကားသံနဲ့ ဖျောက်ဖျက်ပစ်လိုက်၏။ ဖြစ်ချိန်တန်လို့ဖြစ်ခဲ့ပြီးပြီ . . . ပျက်ချိန်တန်ပျက်ရပေဦးမည်။

'ဒေါ်ညိုမီထွန်းလွင်က မင်းနဲ့တင်မမထွန်းအကြောင်းကို နည်းနည်းမှမရိပ်မိဘူးလား'

ကျွန်တော် ဘာပြန်ပြောရမလဲ၊ အဲဒီမေးခွန်းအတွက် ကျွန်တော့်မှာဖြေစရာစကားမရှိ။ အားလုံးကို သိနေတော့ရော ဘာဖြစ်သလဲ၊ ရေဘူးပေါက်တာမလိုချင် ရေပါဖို့သာအရေးကြီးသည်။

'အဲဒါတွေ ငါမသိဘူး။ ငါသိတာပန်းတိုင်ပဲ၊ တာထွက်နောက်ကျတာစောတာကို ဘယ်သူမှအလေးထားပြီး ကြည့်မနေဘူး။ အဓိကက ပန်းတိုင်ပဲ၊ အရင်ဝင်တဲ့လူအနိုင်'

'တင်မမထွန်းတော့ ဒီသတင်းကြားပြီးရောပေါ့'

'ကြားပြီးရောပေါ့ ညကတောင် ငါ့ဆီဖုန်းဆက်သေးတယ်'

'မင်းဘာပြန်ပြောလိုက်လဲ'

'ဖုန်းချပစ်လိုက်တယ်'

'အင်းတကယ်တမ်း တွေးကြည့်ရင် ဒေါ်ညိုမီထွန်းလွင်က နေရင်းထိုင်ရင်း ခံစားခံဖြစ်သွားတာပဲ'

အဲဒီစကားကို ဝင်ပြောလိုက်တာက ဝင်းကိုပါ . .။ ကျွန်တော်သူ့ကိုလှမ်းကြည့်လိုက်၍ . . .

'မင်းပြောတာမှန်တယ် . . . တကယ်တော့ မမမှာ ဘာမှအပြစ်မရှိဘူး . . . သူ့တူမမှာပဲအပြစ်ရှိတာပါ'

ခုန ဆူညံနေတဲ့စကားဝိုင်းလေးက ငြိမ်သက်တိတ်ဆိတ်သွား ၏။ ကျွန်တော့်ဆီက ဆက်ထွက်လာမည့်စကားကို စောင့်နေကြဟန်လည်းရှိသည်။

'ဒါပေမဲ့ မတတ်နိုင်ဘူးကွာ၊ သူ့ကိုလက်တုံ့ပြန်စရာဆိုလို့ ဒီလမ်းပဲရှိလို့ရွေးလိုက်ရတာ . . . သူ ငါ့အပေါ်အဲဒီလောက် မစော်ကားခဲ့ရင် ဒါတွေဖြစ်လာစရာအကြောင်းမရှိဘူး . . .'

စကားဆုံးတော့ အေးမြင့်ကဝင်၍ . . .

'ဦးသောင်းအေးတော့ ဒီသတင်းကြားရင် မင်းကိုတော်တော်မုန်းသွားမှာ အသေအချာပဲ . . . ဘယ်လိုလုပ်မလဲ'

ကျွန်တော် တော်တော်လေးစဉ်းစားပြီးမှ အေးမြင့်မေးခွန်းကို

www.burmeseclassic.com

www.burmeseclassic.com



ဖြေမိ၏။ တစ်ဖက်က သာသွားသလို တစ်ဖက်ကနစ်နာသွားရတာလည်း မနည်း . . . ။

'ငါ ဒီကိစ္စလုပ်မယ်ဆုံးဖြတ်ပြီးကတည်းက စွန့်လွှတ်ရမယ့်ဟာတွေ အများကြီးရှိတယ်လို့တွက်ပြီးသား . . . ဒါပေမဲ့ တင်မမထွန်းကို လက်တုံ့ပြန်ချင်တာတစ်ခုတည်းနဲ့ အရာရာကို ငါရင်ဆိုင်ရဲတယ် . . . အဲဒီလောက် ငါပြောရင် မင်းတို့သဘောပေါက်တော့ပေါ့ . . . ဒီမိန်းမ ငါ့အပေါ် ဘယ်လိုဆက်ဆံခဲ့တယ်ဆိုတာ မင်းတို့သိပေါ့ . . . ။ ငါ သူ့ကို ချစ်လို့ နည်းအမျိုးမျိုးနဲ့ လိုက်ခဲ့တာမှန်တယ် . . . ဒါပေမဲ့ ဒီလောက်ထိ ငါ့ကို နှစ်ပြားမတန်အောင်ပြောစရာအကြောင်းမရှိဘူး၊ သူ့ပုံလေးကြည့်တော့ အေးမလိုလိုနဲ့ တော်တော်အပြောရက်စက်တဲ့ မိန်းမကွ . . . ငါ ထင်တောင်မထင်ဘူး . . . ။ ပထမတစ်ခါ ငါအပြောခံရတုန်းက ငါမေ့ထားလိုက်တယ် . . . အခု ဒုတိယတစ်ခါဆိုတော့ တော်တော်လွန်သွားပြီ . . . ခေါင်းငုံ့ခံနေရင် တစ်သက်လုံးလူပေါလို့ အထင်ခံသွားရမှာ . . . အခုလည်း သူ့အမြင်မှာ ငါကရစရာမရှိအောင် ဖြစ်နေတဲ့ လူဆိုတော့ ဒီလောက်ကလေးနဲ့တော့ ပိုထူးမသွားဘူးလေ . . . ယောကျ်ားတစ်ယောက်ရဲ့ မာနကိုသူသိစေချင်တယ် ဒါပဲ . . . မှားတာမှန်တာ ငါ့သိတာ ငါ့အမောက်ဘယ်လောက်ရှိတယ်ဆိုတာ သူမြင်သွားဖို့ပဲ'

အားလုံးဘာမှပြန်မပြောကြတော့ . . . ။ ကျွန်တော့်ကိစ္စကိုလည်း ဆက်မဆွေးနွေးကြတော့ဘဲ တခြားအကြောင်းအရာများသို့ ရောက်သွားကြ၏။ ကျွန်တော် အဲဒီ့ညက အရက်တော်တော်များများ သောက်ပစ်ခဲ့သည်။

အာရုံထဲမှာ ဒေါ်ညိုမီထွန်းလွင် အရိပ်က မြုပ်ချည်ပေါ်ချည်။

အားနာပါတယ် မမရယ်။

ခွင့်လွှတ်ပါဗျာ . . . ။

ကျွန်တော်ရင်ထဲကခွင့်ပန်မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးသောင်းအေးကြီး ငိုသည်ဟုသတင်းကြားသည်။ လက်သီးလက်မောင်းတန်းပြီး တွေ့တဲ့နေရာသတ်မယ်ဟုလည်းကြိမ်းဝါးသည်ဆို၏။ စိတ်မထိန်းနိုင်တဲ့ နောက်ဆုံး နံရံနဲ့ ခေါင်းနဲ့ ပြေးဆောင့်လိုက်တာ လေးချက်ချုပ်လိုက်ရသည်ဟု ကြားရ ပြန်သည်။ အေးမြင့်တို့ကတော့ ဦးသောင်းအေးဆီရောက်ပြီးပြီ၊ အကျိုးအကြောင်းရှင်းပြတော့ လက်မခံဘဲ တံမြက်စည်းနှင့်လိုက်ရိုက်၍ တစ်ဖွဲ့လုံးလွတ်အောင်ပြေးခဲ့ရသည်ဟု ပြန်ပြောပြသည်။

'ဟာ မင်းလူကြီးကမလွယ်ဘူး . . . တော်သေးတာပေါ့၊ သူနားမှာတံမြက်စည်းပဲရှိလို့ . . . ဓားသာရှိရင် ငါတို့သေတာကြာပြီ၊ ဝင်းကိုဆိုဇက်ပိုးနှစ်ချက်လောက်ထိသွားသေးတယ်'

'ဒီလူကြီးတော်တော်စိတ်ကြီးတာကွ . . . ဘယ်လိုရှင်းပြ ရှင်းပြမရဘူး . . . သတ်မယ်ဖြတ်မယ်ဆိုတာကြီးပဲ'

'မင်းတို့က ဘယ်လိုသွားပြောလို့လဲ'

'ဩော် . . . ဦးလေးရယ် ခွင့်လွှတ်လိုက်ပါ၊ သူတို့လူငယ်ချင်းပြေလည်သွားတော့လည်းပြီးတာပဲလို့'

'ဘာပြန်ပြောလဲ'

'အဲဒီမှာတင် ကြမ်းတော့တာပဲ . . . မင်းဝယ်ပေးထားတဲ့

www.burmeseclassic.com

www.burmeseclassic.com



ပန်းချီပစ္စည်းတွေရော စာအုပ်တွေရော အကုန်လွှင့်ပစ်ပြီး ငိုရော . . . အဲဒီမှာ ဝင်းကိုကသွားပြောတာ’

ကျွန်တော် ဝင်းကိုကိုလှည့်ကြည့်လိုက်တော့ . . .

‘ငါက သူ့ကိုအမှန်အတိုင်းပြောတာပဲဟာ . . . ဦးလေးအရွယ်နဲ့လည်းမလိုက်ပါဘူးဗျာလို့ . . . ဟိုက ပြန်ကြိုက်မှာလည်းမဟုတ်ဘူးလို့ ပြောရုံရှိသေးတယ် ရေအိုးစင်အောက်ထောင်ထားတဲ့ တံမြက်စည်းနဲ့ သမတော့တာပဲ . . . နာလိုက်တာကွာ နားကိုအူသွားတာပဲ’

ကျွန်တော်တို့ရယ်ဖြစ်ကြသည်။ ဦးသောင်းအေးကြီးနဲ့တော့ အခုလောလောဆယ်မတွေ့အောင် ရှောင်မှဟုတွေးထားမိ၏။ သက်တော်စောင့်တွေ ဘာတွေထားသင့်ထားရပေလိမ့်မည်။ ဒီလူကြီး ငယ်ငယ်က လေးခွပစ်သိပ်ကောင်းသည်ဟုလည်း ကြားဖူးတားတော့၊ နောက်ဆိုလမ်းထွက်ရင် မော်တော်ဆိုင်ကယ်ဦးထုပ်လိုဟာမျိုးဆောင်းကာ ထွက်သင့်ထွက်ရပေလိမ့်မည်။

ခဏနေ၍ အေးမြင့်တို့အုပ်စုပြန်သွားတော့ ကျွန်တော် လည်း မမနဲ့ချိန်းထားတာသတိရ၍ ထွက်လာခဲ့လိုက်တော့သည်။ သူများချစ်သူရည်းစားတွေတော့ ဘာလုပ်ကြသလဲမသိ ကျွန်တော်တို့ကတော့ ဘုရားရယ်၊ စားသောက်ဆိုင်ရယ် ဒါပဲထိုင်ဖြစ်ကြသည်။ ကန်တော်ကြီးတော့မကြာခဏဆိုသလို ရောက်ပါသည်။ သူ ကျွန်တော့်ကို အဖြေပေးခဲ့တဲ့နေရာလေးကို မကြာခဏဆိုသလို ကျွန်တော်တို့သွားကြ၏။

မမ ကျွန်တော့်ကို တော်တော်ချစ်သည်။ တစ်ခါတရံချစ်သူ တွေ ထုံးစံအတိုင်းစကားများရင် သူကပဲအလျှော့ပေးတတ်၏။ ကျွန်တော့်ကိုကြင်နာသည်။ နောက်ပြီး ကျွန်တော်က သူ့အချစ်ဦးဟုလည်းဆို၏။ ဒီလောက်လှပသော မမကို ဒီအရွယ်အထိရည်းစားမထားခဲ့တာ ဘာကြောင့်လဲလို့ ကျွန်တော်မမေးဖြစ်ခဲ့။ ကျွန်တော့်လိုကောင်ကို ဘာလို့ပြန်ချစ်ခဲ့တာလဲဆိုတာသာမေးဖြစ်ခဲ့သည်။

‘မောင့်ကို မမစတွေ့ကတည်းက သတိထားမိခဲ့တာ . . .။ တကယ်တော့ မမ ဘဝမှာ ယောကျ်ားလေးတစ်ယောက်နဲ့ပတ်သက်ပြီး ရင်ခုန်ဖူးတာဆိုလို့လဲ မောင်တစ်ယောက်ပဲရှိတယ် . . . မမ က ငယ်ငယ်ကတည်းက ပန်းချီပညာကိုဝါသနာပါတော့ ကျန်တာတွေအရေးမထားခဲ့ဘူး . . . ပန်းချီမှ ပန်းချီပဲ . . . နောက် . . . ဘာဖြစ်လို့မှန်းမသိဘူး . . မ ယောကျ်ားတွေကိုစိတ်မဝင်စားဘူး . . . အကြောင်းပြချက်ခိုင်



www.burmeseclassic.com

www.burmeseclassic.com



ခိုင်လုံလုံမရှိဘဲနဲ့ကို စိတ်မဝင်စားတာ၊ မ ဘဝမှာ ပန်းချီသာ ပထမ . . အင်း . . . ဒါက မောင်နဲ့မတွေ့ခင်အထိပါ . . . မောင်နဲ့တွေ့ပြီး သွားတော့ . . . မောင်သာ ပထမ'

အဲဒီတုန်းက ကျွန်တော့်ပခုံးလေးပေါ်မှီရင်း မမပြောခဲ့တဲ့ စကားတွေ . .။ ပြီးတော့ ကျွန်တော့်လက်ကလေးကို ကိုင်ရင်း မမအမြဲ ပြောတဲ့စကား . . .။

'အတတ်နိုင်ဆုံး မကို မထားခဲ့ပါနဲ့ မောင်ရယ်. . . 'မ'သေ သွားလိမ့်မယ်'

အဲဒီ့စကားကြားတိုင်း ကျွန်တော်မျက်စိနှစ်လုံးကို စုံမှိတ်ပစ် လိုက်ကာ နာကျင်သွားသော နှလုံးသားကို ကုစားရ၏။ ကြာရင် အဲဒီ့ ဒဏ်တွေခံနိုင်တော့မှာမဟုတ်။ သံယောဇဉ်သည် တစ်စတစ်စရစ်နှောင် လာခဲ့ပြီ။

နောက်ဆုံး ကျွန်တော်အတိအလင်း သိသွားတာတစ်ခုရှိသည်။ 'မမ'သည် ကျွန်တော့်အကြံကို ရိပ်မိလျက်သားနဲ့ ချစ်ခဲ့သည်ဆိုတာကို ပဲ . . .။

ဖုန်းသံလေးချက်မြည်ပြီးနောက် ဟိုဘက်ကလာကိုင်တဲ့အသံ ကို ကြားလိုက်ရကတည်းက တင်မမထွန်းဆိုတာ အလိုလိုသိလိုက်ရ သည်။ ချက်ချင်းပြန်မပြောသေးဘဲ သူ့အသံကို နှစ်ခါလောက်နားထောင် ပြီးမှ . . . .

'သူရ ပါ . . . အခုပြောနေတာ တင်မမထွန်းဆိုရင် စကား ပြောချင်တယ်'

ဟိုဘက်က မိနစ်ဝက်လောက်ငြိမ်သွားပြီးမှ . . .

'ခါတိုင်းဆို စကားလက်ခံပြောနေစရာ အကြောင်းမရှိဘူး . . . ဒါပေမဲ့ အခုတော့ နင့်ကို ငါပြောစရာတွေအများကြီးရှိတယ်'

သူတစ်ယောက်တည်း အများကြီးရှိတာမဟုတ်ပါဘူး၊ ကျွန် တော့်ဘက်ကလည်း တစ်ပုံတစ်ပင်ပါ။ ဒါပေမဲ့ သူအရင်ပြောပါစေ . . .။

'နင် ငါ့ဆီကဘာလိုချင်လဲ သူရ . . . နင်နဲ့ ငါနဲ့ကိစ္စမှာ ငါ့ အဒေါ်နဲ့ဘာမှမဆိုင်ဘူး . . . နင် ဘာလို့ငါ့အဒေါ်ကို ဒုက္ခပေးရတာ လဲ . . . နင်ဘာလိုချင်လဲပြော'

ပြောဆိုတော့လည်း ပြောလိုက်၏။ ကျေနပ်တာ မကျေနပ်တာ



www.burmeseclassic.com

www.burmeseclassic.com



တော့မသိ . . .။

'ငါလိုချင်တာ နောင်တ . . . နင့်ဆီက နောင်တ'

'ဘာနောင်တ ဟုတ်လား . . . နင်ရူးနေပြီ'

'ငါမရူးဘူးတင်မမထွန်း . . . နင် ငါ့ကိုဘယ်အတိုင်းအတာထိပြောခဲ့လည်း နင်မှတ်မိပါတယ် . . . ဒါတွေပြန်ပြောနေစရာအကြောင်းမရှိတော့ဘူးထင်တယ်၊ နင် ငါ့ကိုမချစ်ဖို့အတွက် နင့်အဒေါ်နင်မပြောဘူးလား'

တင်မမထွန်းရဲ့ တောက်ခေါက်သံက နားထဲမှာစီခနဲဖြစ်ကာသွား၏။

'အခါတစ်ရာမကပြောတယ် . . . ဒါပေမဲ့ နင်ဘာတွေဘယ်လိုလုပ်ထားမှန်းမှမသိတာ ဘယ်လိုပြောပြောမရလို့ပေါ့ . . . သူ နင့်ကိုတကယ်ချစ်တာ'

'အဲဒါ နင်မပြောလည်း ငါသိတာပေါ့ . . . ငါတို့ချစ်သူချင်းတွေပဲ တစ်ယောက်စိတ်တစ်ယောက်သိတယ် . . . ငါသူ့ကို တကယ်မချစ်မှန်းလည်းသူသိတယ်'

တင်မမထွန်းရှိုက်သံတစ်ချက်ကြားလိုက်ရသည်။ ကျွန်တော်အပြုံးမာမာတစ်ချက်ပြုံး ဖြစ်လိုက်ပါသည်။ အရသာလေးကျွန်တော်သိပ်ကြိုက်၏။

'နင် . . . နင် ငါ့အဒေါ်ကို တ . . . တကယ်မချစ်ဘူးဆိုလည်း ဘာမှမလုပ်ပါနဲ့နော် . . . ငါ . . . ငါဖြစ်ခဲ့တဲ့ကိစ္စတွေတောင်းပန်ပါတယ်သူရ . . . သူ . . သူ့ကို နင်ဘာမှသွားမလုပ်ပါနဲ့ဟယ်'

မမြင်မှန်းသိရက်နဲ့ ကျွန်တော် ဖုန်းခွက်ကိုကိုင်ပြီး ခေါင်းခါပစ်လိုက်၏။ ပြီးတော့ စုတ်တချက်သပ်လိုက်ကာ . . .

'စိတ်ချ . . . ငါ နင့်အဒေါ်ကို လက်ဖျားနဲ့တောင်မတို့ဘူး . . . ငါ့ကြောင့်မှ တစ်ပေါက်မစွန်းစေရဘူး . . . ငါ အဲဒီ့လောက်မယုတ်မာဘူး . . . အေးဒါပေမဲ့ နင်သိစေချင်တာတစ်ခုတော့ရှိတယ် . . . ယောကျ်ားတစ်ယောက်ဟာ ဘယ်လိုအခြေအနေမျိုးပဲ ဖြစ်ပစေ မိန်းမတစ်ယောက်ကိုတော့ ချစ်သူအဖြစ်စွမ်းဆောင်နိုင်တဲ့ စွမ်းအားရှိတယ် . . . နင်ပြောသလို ငါ့လို ငပေါ၊ ငရူးတစ်ယောက်ကလည်း နင့်အဒေါ်လိုမိန်းမမျိုးနဲ့ ချစ်သူဖြစ်ခွင့်ရှိတယ် . . . အဲဒါပဲ'

တင်မမထွန်းရဲ့ ရှိုက်သံကတဖြည်းဖြည်းတိမ်ကာသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူဘာသာသူထိန်းလိုက်တာလား။ အငိုတိတ်သွားတာလားတော့မသိ၊ တော်တော်လေးကြာမှ . . .

'ငါ့အဒေါ်နဲ့ ဇာတ်လမ်းကို နင်ဘယ်လိုစဉ်းစားထားလဲဟင် . . သူရ'

ကျွန်တော်မပြောဘူးထားဦးမလို့ပါ။ ဒါပေမဲ့ နောက်တော့သိရမယ့် အတူတူတစ်ခါတည်းပြောပြလိုက်ပါမည်။ ဒီစကားကြားသွားရင် သူစိတ်ချမ်းသာသွားမယ်လို့လည်းထင်မိ၏။ ကိုယ်ဘာကောင်လဲဆိုတာ သူသိသွားရင် လုံလောက်ပါပြီ . . .။ ဒီထက်ပိုပြီး လူတစ်ဖက်သားကို ဒုက္ခမပေးချင်တော့ . . .။ အမေမွေးကတည်းက ဒီလိုစိတ်ယုတ်စိတ်မာမျိုးလည်းပါမလာခဲ့ . . .။ အခုက မာနကြောင့်သာ အထူးသဖြင့် ယောကျ်ားတစ်ယောက်ရဲ့ မာနကြောင့် . . .။

'ငါ သူ့ကို အဆက်ဖြတ်ပေးမယ်'

'ဘာ'

ရုတ်တရက်ထအော်လိုက်သော အသံကြောင့် ကျွန်တော်လန့်ဖျပ်သွားရ၏။ မကြားလို့လားဆိုပြီး နောက်တစ်ခွန်းထပ်ပြောလိုက်သေး၏။

'နင့်အဒေါ်ကို ငါအဆက်ဖြတ်ပေးမယ်'

တင်မမထွန်းအသံက ချက်ချင်းတုန်တက်လာကာ . . .

'နင် . . . နင် . . .'

စကားမဆက်နိုင်သေး . . . ကျွန်တော်သည်းခံပြီးဆက်နားထောင်နေလိုက်ပါသည်။

'နင် . . . အဲဒီလို မရက်စက်နဲ့ . . . ငါ့အဒေါ်က နင့်ကိုသိပ်ချစ်တာ . . . ပြီးတော့ . . . နင် . . . နင် ငါ့အဒေါ်ကိုမချစ်ဘူးလား'

'ငါပြောပြီးပြီ . . . ငါ နင့်ကိုနောင်တရစေချင်တာတစ်ခုတည်းနဲ့လုပ်တာ . . . ချစ်တယ် . . . မချစ်ဘူး၊ ငါ့ကိုလာမမေးနဲ့ . . . ငါမဖြေနိုင်ဘူး . . . ပြီးတော့ နင့်ကိုငါကြုံတုန်းပြောရဦးမယ် . . . တကယ်တော့ နင့်အဒေါ်ကို ငါစပြီး ချဉ်းကပ်တုန်းက နင်ထင်သလိုမျိုး မဟုတ်ဘူး . . . နင့်အဒေါ်ကို ကြိုက်နေတဲ့ လူတစ်ယောက်အတွက် အောင်သွယ်လုပ်ပေးဖို့ချဉ်းကပ်ခဲ့တာ . . . အဲဒါကို နင်က ငါ့ကို စော်ကားတယ်'

တင်မမထွန်း အသံလုံးဝတိတ်ကာသွား၏။ အသက်ရှူသံသာ

www.burmeseclassic.com

www.burmeseclassic.com



သဲ့သဲ့လေးကြားနေရလေသည်။

ကျွန်တော် ဖုန်းကိုဂွပ်ခနဲချပစ်လိုက်ပါတော့သည်။ ထို့နောက် ဖုန်းပလပ်ပါ ဆွဲဖြုတ်ပစ်လိုက်တော့၏။

ဒီည အိပ်ရေးဝအောင် အိပ်ရမည်။ မနက်ဖြန် ဒေါ်ညိုမြီထွန်း လွင်နဲ့တွေ့ရပေဦးမည်။

www.burmeseclassic.com

တော်ဝင်မြူးစာအုပ်တိုက်

www.burmeseclassic.com


ငါ့ ဒဏ္ဍာရီမှာ
အလင်းအိုတွေခယ
အလွမ်းမိုးတွေ အုံ့ပြွသွားတယ် . . .။

www.burmeseclassic.com

www.burmeseclassic.com



‘မမ ကျွန်တော့်ကို မေ့လိုက်ပါတော့ဗျာ’

ဆံနွယ်တွေလူးလွန့်လွင့်မျောသွား၏။ ညနေချိုရီမှာ မိန်းမလှကဗျာကို ဖတ်လိုက်မိသည်။ မမ အမူအရာက တည်ငြိမ်လွန်းနေသည်။ လိုအပ်တာထက်ပိုနေသည်ဟု ထင်မိသောကြောင့် ဟန်ဆောင်ထားဖို့များ၏။

BURMESE CLASSIC .com

‘သိပ်စောလွန်းတယ်လို့ ထင်တယ်မောင်ရယ် . . . တကယ်ဆို မကို မောင်ဒီထက်အချိန်ပိုဆွဲထားသင့်တယ် . . . ဘာလို့အခုလို ခဏလေးအတွင်းမှာ လုပ်လိုက်ရတာလဲ’

ကျွန်တော် ဘာစကားမှပြန်မပြောဖြစ် . . .။ ကျွန်တော်ပြောချင်တာပြီးဆုံးသွားပြီ။ ရင်ထဲမှာ တော်တော်တုန်ခါနေ၏။ မျိုသိပ်ထားရလွန်း၍ ရင်ထဲမှာအောင့်တက်လာသည်။

‘မ အစောကြီးကတည်းက ဒါတွေကြိုသိနေတယ်ဆိုယုံမလား’

ပြောပြီး ကျွန်တော့်ကိုလှည့်ကြည့်တော့ . . . ကျွန်တော်ခေါင်းညိတ်ပြလိုက်သည်။

‘သိရက်နဲ့ မောင့်ကိုဘာလို့ အဖြေပြန်ပေးခဲ့သလဲ မောင် စဉ်းစားတတ်မှာပါ။ မောင်သိနေပြီးသား ဖြစ်နေရင်လည်း ‘မ’ပြောပါရစေ။ မ မောင့်ကို တကယ်ချစ်မိသွားလို့ အဲဒါတော့ မောင်ယုံပါ။ တကယ်တော့

www.burmeseclassic.com

www.burmeseclassic.com



မောင်ဟာ 'မ'သိပ်ချစ်တဲ့ကြောင်လေးတွေနဲ့ သိပ်တူတယ် သိလား မောင်'

ပြောရင်းနဲ့ ရုတ်တရက်မျက်နှာပျက်သွားတော့ ကျွန်တော်စိုးရိမ်သွားကာ . . .

'မ . . . မ နေမကောင်းဘူးလားဟင် . . . ဘာဖြစ်လို့လဲ'

ချက်ချင်း ကန္တြေပြန်ဆယ်လိုက်တာတွေ့လိုက်ရသည်။ ပြီးမှ ဘာမှမဖြစ်သလိုနှင့် . . .။

'မ . . . ညက အိပ်ရေးပျက်သွားလို့ ရပါတယ်'

ပြောပြီး ခဏလောက်နားနေသေးသည်။ ကျွန်တော် မမကို ကြည့်ပြီး ရင်ထဲမှာသေလုမျောပါးခံစားလိုက်ရတော့သည်။ ကျွန်တော် မမကိုသနားလာသည်။ သူ့ခမျာ ခံစားချက်ကို တော်တော်ကြိတ်မှိတ်ကာ အံတုနေရပုံရ၏။ ဒါပေမဲ့ သံယောဇဉ်ဆိုတာ ဖြတ်လက်စနဲ့ဖြတ်ပစ်လိုက်တာအကောင်းဆုံးပင်. . .။ ခဏကြာတော့ မမ ကျွန်တော့်ကို မျက်နှာချင်းဆိုင်ကြည့်ကာ. . .

'မ ကိုနောက်ဆုံးတစ်ခွန်းပြောခဲ့ပါ . . . 'မ'မေးမယ်'

ကျွန်တော် ဘာမှပြန်မဖြေဖြစ် . . .။ မ ကပဲဆက်မေး၏။

'မောင် . . . မမ ကို တကယ်ချစ်ခဲ့လားဟင်'

ကျွန်တော် မျက်နှာကိုချက်ချင်းခေါင်းငုံ့ပစ်လိုက်၏။ မျက်ရည်တို့စိုနေတဲ့ မျက်ဝန်းကို မမ မမြင်စေချင် . . .။ မမ မျက်နှာမှာ မျက်ရည်တို့တစ်လိမ့်ချင်းစီးကျလာတာ တွေ့လိုက်ရသည်။ ကျွန်တော် မျက်နှာတစ်ဖက်လွှဲလိုက်၍ . . .။

BURMESE CLASSIC .com

'ဒီအချိန်မှာ ကျွန်တော်ဘာမှမပြောချင်ဘူး . . . ကျွန်တော်ပြောချင်တာတစ်ခုပဲ . . . ကျွန်တော့်ကိုမေ့လိုက်ပါ'

ရှည်ရှည်ဝေးဝေးစဉ်းစားမနေတော့ ကျွန်တော် သူမရှေ့က ချာခနဲလှည့်ထွက်ခဲ့ပါတော့သည်။

'မောင်'

ကျွန်တော်လှည့်မကြည့်ပါ။ ကြည့်စရာလည်း အကြောင်းမရှိတော့။ ရင်းခဲ့ရတာတွေနဲ့ တန်အောင် ဒီအချိန်လေး အနိုင်ယူပါရစေ။

'မောင်ရယ်'

မမ ရှိုက်သံက ကျွန်တော့်နောက်မှာ ဝေး၍ဝေး၍ကျန်ခဲ့ပါတော့သည်။

www.burmeseclassic.com

တော်သဝ်မြူးအသုံးတိုက်

www.burmeseclassic.com



သူမက ကျွန်တော့်ဆန္ဒတွေကို သူ့နှလုံးသားနဲ့ရင်းပြီး ဖြည့်ပေးခဲ့တာ. . . ။

ကျွန်တော်က သူ့နှလုံးသားကို ကျွန်တော့်ဆန္ဒတွေနဲ့ ဖျက်ဆီးပစ်လိုက်တာ . . . ။

BURMESE CLASSIC .com

www.burmeseclassic.com

တော်ဝင်မြို့စာအုပ်တိုက်

www.burmeseclassic.com



'မမ'

တကယ်တော့ ကျွန်တော်ဟာ . . .

ရုပ်ရှင်ဆန်ဆန်ကြေကွဲခဲ့တာပါ။

ကြိုးစားလျက်

**မိုးဆက်လင်းထက်**

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com